# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ကိုယ့်ဆီရောက်လာ အမှုကို
ကိုယ့်အလိုကျ ကိုယ်ဆုံးဖြတ်။
ထိုကဲ့သို့သော လူမျိုးသည်
တရားခွင်တည်သူ မဟုတ်ပါ။
တရားသူကြီး မဟုတ်ပါ။
ပညာရှိသူ ဆိုသည်ကား
အဖြစ် မှန်သည်ကို လည်းကောင်း
အဖြစ် မှားသည်ကို လည်းကောင်း
နှစ်ပါးစုံကို လေ့လာသင့်။

ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်။ တရားရှိခြင်း-၂၅၆။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၄)


# မန္တလေး-လားရှိုး-မူဆယ်ကားလမ်း ပိတ်ဆို့မှုမဖြစ်ရေး လေးလမ်းသွားချဲ့



သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

လားရှိုး မေ ၁၅

မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးသည် မြန်မာနိုင်ငံ အနှံ့အပြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆက်သွယ်သည့် အဓိကကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှစ၍ ယာဉ်ပိတ်ဆို့မှုများ မကြာခဏ ဖြစ်လျက်ရှိသည်။

သို့ဖြစ်၍ ခရီးသွားပြည်သူများသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမပြတ်စေရေးအတွက် အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းများ၊ ကုန်သည်ကြီးများအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ B.O.T ယူ၍ လမ်းဖောက်လုပ်ရေးကို အဆင့်မြှင့်တင် ဆောင်ရွက်နေသော ကုမ္ပဏီတို့က ကုန်တင်နောက်တွဲယာဉ်ကြီးများကို အချိန်ခွဲ၍သွားလာမောင်းနှင်ပေးလျက်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ ◆

မန္တလေး-လားရှိုး-မူဆယ်ကားလမ်းကို မူလနှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် B.O.T ယူထားသော ကုမ္ပဏီက စက်ကြီးများဖြင့် ချဲ့နေစဉ်

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၁၅ - ၅ - ၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၈ ဒသမ | ၅ |
| ရန်ကုန် | ၁၁ ဒသမ | ၁ |
| မန္တလေး | ၈ ဒသမ | ၂ |




# မုံရွာစက်မှုဇုန်မှ စက်ရုံ ၆၀၀ ကျော်အနက် ၂၇၀ သာ လည်ပတ်နေဟုဆို

မျိုးဝင်းထွန်း(မုံရွာ)

မုံရွာ မေ ၁၅

မုံရွာမြို့စက်မှုဇုန်၌ ထုတ်ကုန်အတွက် ကုန်ကြမ်းနှင့် ကုန်ချောများ၏ ဈေးကွက်မှာ မခိုင်မာသောကြောင့် ရှိထားသောစက်ရုံ ၆၀၀ ကျော်အနက် စက်ရုံ ၂၇၀ ခန့်သာ လည်ပတ်တော့သဖြင့် ပိတ်ထားသည့် စက်ရုံများကို ပြည်တွင်းပြည်ပမှလာရောက် လုပ်ကိုင်လိုသော လုပ်ငန်းရှင်ကြီးများအား ငှားရမ်းလိုကြကြောင်း စက်မှုဇုန်ကော်မတီဥက္ကဋ္ဌ ဦးဝေတင့်ထံမှ သိရသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻





# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## လျှပ်စစ်နှင့် စွမ်းအင် မျှဝေသုံးစွဲရေးနှင့် ရက်ပေါင်း ၁၀၀ စီမံချက်

**ဓာတ်အားပိုဖြန့်နိုင်ဖို့ အစီအမံတွေကို ရက်ပေါင်း ၁၀၀ အတွင်း ကိုက်ညီမှုအရှိဆုံးဖြစ်အောင် ကြိုးစားမယ်။**

သတင်းဆောင်းပါး - မေဦးမိုး၊ ဓာတ်ပုံ - လျှပ်စစ်နှင့်စွမ်းအင် စာ - ၁၆၊၁၇




# မြန်မာ့လယ်ယာမြေတစ်ခွင် ထာဝရစိမ်းလန်းစေချင်

မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းက ကျေးလက်တွင်နေထိုင်သူများဖြစ်ကြသည်။ ကျေးလက်နေပြည်သူများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ၊ လယ်ယာစီးပွားရေးတွင် တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေသူများဖြစ်ကြသည်။ နိုင်ငံတွင် လူအများစုဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက အရေးပါသည်။

တောင်သူလယ်သမားများ၏ ဘဝအခြေအနေနှင့် ၎င်းတို့မှီခိုအားထားရာ လယ်ယာစီးပွားရေး၏ အလားအလာတို့မှာ ခေတ်ပြောင်း စနစ်ပြောင်းများ၌ သိသာထင်ရှားစွာ အပြောင်းအလဲမရှိသေး။ စပါးနှင့် အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများ၏ အဓိက ညည်းချင်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစရိတ်စကများ ကြီးမြင့်လာခြင်းနှင့် ၎င်းတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် ထုတ်ကုန်သီးနှံများအတွက် ခိုင်မာသည့်ဈေးကွက် အာမခံချက် မရှိခြင်းဖြစ်သည်။ အထူးသဖြင့် စပါးစိုက်သည့် လယ်သမားများ စပါးပေါ်သည့် ရာသီချိန်ရောက်လျှင် ဝယ်လက်များက စပါးဈေးကို ချိန်ညှိထားသည့် အခြေအနေမျိုးများနှင့် ရင်ဆိုင်ကြရခြင်းဖြစ်သည်။ လုပ်သလောက် အကျိုးမခံစားကြရသည့်ဘဝသို့ ရောက်ကြရသည်။ ထိုအခါ လုပ်သလောက်မခံစားရဘဲ အကျိုးအမြတ်နည်းပါးလှသည့် လယ်ယာလုပ်ငန်းများကို လယ်သမားတို့က စွန့်ခွာလာကြသည်။

အဝေးပြေးလမ်းမကြီးများ၏ လမ်းဘေးဝဲယာတစ်လျှောက်၊ မြို့အဝင်အထွက် နေရာများ၊ ခရိုင်ချင်းဆက်လမ်းများနံဘေး စသည်ဖြင့် မြို့ပြများနှင့် ဆက်စပ်သည့်နေရာများတွင် တစ်ချိန်က စပါးအပါအဝင် အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည့် လယ်မြေကောင်း၊ ယာမြေကောင်းများပေါ်တွင် ကွန်ကရစ်တိုင်များ ပတ်လည်ဝိုင်းထားသည့် ခြံစည်းရိုးများပေါ်လာသည်။ အများစုက စိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြခြင်း မဟုတ်တော့ဘဲ မြေကွက်များ ထပ်မံခွဲစိတ်ရောင်းချခြင်း၊ ခေတ်ဆီဆိုင်၊ ဘီယာဆိုင်၊ စားသောက်ဆိုင် စသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြစ်သည်။

လယ်ယာမြေများမှာ အခြားမြေများအဖြစ် အသွင်ပြောင်းသွားသကဲ့သို့ လယ်ယာစိုက်ပျိုးသူများ၊ လယ်ယာလုပ်သားများမှာလည်း လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာလာကြသည်။ ကျေးလက်ဒေသမှ ခေတ်ပညာတတ် လူငယ်များက မြို့ပြသို့တက်ကာ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြသည်။ အလုပ်အကိုင်အေဂျင်စီများ၊ လူပွဲစားများနှင့်ဆက်သွယ်ကာ ပြည်ပသို့ ထွက်ခွာ၍ အောက်ခြေသိမ်းအလုပ်များ သွားရောက်လုပ်ကိုင်ကြသည်။ ဤသို့ဖြင့် လယ်ယာလုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်မည့် မျိုးဆက်သစ်များနှင့် လယ်ယာလုပ်သားများရှားပါးမှု ဖြစ်ပေါ်လာသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ စက်မှုနိုင်ငံတည်ဆောက်ရန် လိုအပ်ချက်တို့ ဖြည့်ဆည်းနေရသေးသရွေ့ လယ်ယာစီးပွားရေးကို မဖြစ်မနေ ဆက်လက်လုပ်ကိုင်နေရဦးမည်ဖြစ်သည်။ စိုက်မြေ ပျိုးမြေများ နည်းအမျိုးမျိုးဖြင့် လျော့နည်းလာခြင်း၊ လယ်ယာစီးပွားရေးကို လယ်သမားများက စိတ်ပျက်အားလျော့လာခြင်း၊ အနာဂတ်အတွက် လယ်ယာစိုက်ပျိုးရေး မျိုးဆက်သစ်များ ခါးဆက်ပြတ်လာခြင်း၊ လယ်ယာမြေကို စွန့်ခွာလာကြခြင်းတို့မှာ တစ်ထိုင်တည်းနှင့် ဖြေရှင်း၍ရနိုင်သော ကိစ္စရပ်များမဟုတ်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ့လယ်ယာလုပ်ငန်းခွင်၏ အနာဂတ်ကိုမူ ရွှေရောင်တောက်ပသောနေ့များအဖြစ် မျှော်လင့်ချင်မိသည်။ ။



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယား၊ ချင်း၊ ရခိုင်ပြည်နယ်၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ အမြင့်ဆုံး အပူချိန်အနေဖြင့် ရန်ကုန်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

(မြန်မာ့အလင်း)

## နမ့်ခမ်းမြို့လယ်လမ်းဆုံ မီးပွိုင့်ထားရှိသော်လည်း ယာဉ်များစည်းကမ်းမဲ့သွားလာ

**နမ့်ခမ်း မေ ၁၅**



ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့ ပြည်ထောင်စုလမ်းမကြီးနှင့် စုပေါင်းရုံးလမ်းဆုံတွင် မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးတာဝန်ရှိသူများက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့်ယာဉ် မတော်တဆဖြစ်ပွားမှုမရှိစေရန် ဝါစိမ်းနီအချက်ပြ မီးပွိုင့်ထားရှိ သော်လည်း အချို့သော ယာဉ်စီးနင်းမောင်းနှင်သူများအနေဖြင့် မီးစိမ်းမီးနီကို ဂရုမစိုက်ဘဲ နေ့စဉ်နှင့်အမျှ စည်းကမ်းမဲ့ဖြတ်သန်းသွားလာခြင်းကြောင့် စည်းကမ်းဖြင့် သွားလာသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရကြောင်း သိရသည်။ အဆိုပါ မီးပွိုင့်စတင်ထားရှိသည့်အချိန်တွင် တာဝန်ရှိသူများက ပညာပေးခြင်းကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းသိလျက်နှင့် တမင်ဖြတ်ကူးမောင်းနှင်သူများ ရှိနေကြသည်။ မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန်ရှိသူများက အဓိကအရေးကြီးပြီး သွားလာမှုများပြားသော မီးပွိုင့်တွင် တာဝန်ချထားခြင်း၊ အရေးယူဆောင်ရွက်မှုမရှိခြင်း၊ အရေးကြီးသည့်နယ်စပ်မြို့ဖြစ်သော်လည်း ယာဉ်ထိန်းတပ်ဖွဲ့မထားရှိခြင်း၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့အင်အား နည်းပါးခြင်းတို့ကြောင့် အထူးသဖြင့် ဆိုင်ကယ်မောင်းသူအချို့က စည်းကမ်းမဲ့ ဖြတ်သန်းသွားလာနေရာ မတော်တဆမှုနှင့် ယာဉ်အန္တရာယ်ကြုံတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၉၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ကိုယ်ကအရင်ဆုံး စလုပ်မယ်

**သင့်နော်**

စင်စစ်တော့ ကိုယ်ကပဲ စရမှာပါ။ တစ်ဦးချင်း တစ်ယောက်ချင်းအနေနဲ့ ငါကပဲစမယ်ဆိုတဲ့ စိတ်နဲ့ပဲ ရှေ့ခရီးဆက်ကြရမှာပေါ့။ လူတိုင်းကအသစ်ကို မျှော်လင့်တယ်။ လူ့ဘောင်သစ်ကို တည်ဆောက်ချင်တယ်။ ခေါင်းဆောင်သစ်ကို ရွေးပြီးပြီ။ အစိုးရသစ်နဲ့ငါးနှစ်ခရီးကို ဆက်ကြတော့မှာ။ စိန်ခေါ်မှုတွေ တစ်ပုံကြီးနဲ့ ချီတက်ကြရမှာ။ တချို့ကိစ္စတွေမှာ ဘဲဥ အစရှာမရတာမျိုးတွေကလည်း အများကြီးပဲလေ။

ဘာပဲဖြစ်ဖြစ် အရင့်အရင်က ဒီဇိုင်းကို ခါးသီးခဲ့ကြပြီး ပြောင်းဖြစ်ကြမယ်ဆိုတော့ ပထမဆုံး ကိုယ်ကိုယ်တိုင် စရမှာပေါ့။ သူတစ်ပါးကို ကြည့်မနေနဲ့။ ကိုယ်ကရှေ့ဆုံးကပဲ။ ကိုယ်အရင်ပြုမူ ဆောင်ရွက်ရမှာ။ အရင်တုန်းကမလုပ်ခဲ့တာ အခုလုပ်မယ်။ အရင်တုန်းကလုပ်ခဲ့သမျှ အခုဆင်ခြင်မယ်စသည်ဖြင့်ပေါ့။

အဖျင်းဆုံး နေ့စဉ်ကိုယ်ပြုနေကျ အကျင့်စရိုက်ကအစ၊ မလျော်ကန်တာတွေ မလိုလားအပ်တာတွေ ဖြစ် မဖြစ် တွေးဆပြီး ပြုပြင်ပြောင်းလဲဖို့ အားထုတ်တာမျိုးမှာလည်း ကိုယ်ကိုယ်တိုင်ကပဲ အစပြုရမှာပါ။ ဒီနေ့ကစပြီး ငါကွမ်းတကျိုကျိုဝါးပြီး ကြုံသလို ဟိုထွေးသည်ထွေး မထွေးတော့ဘူးဆိုတာမျိုးပေါ့။ သွားရင်းလာရင်းလမ်းပေါ်မှာ အမှိုက်သရိုက်တွေ ဆတ်ခနဲ ပစ်ချလိုက်တာမျိုး မလုပ်တော့ဘူး ဆိုတာမျိုးပေါ့။ ကိုယ်ကစရမှာလေ။ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ ကိုယ်ဝန်သည်တွေ၊ ဝန်ထုတ်ဝန်ပိုးနဲ့လူတွေ၊ မသန်မစွမ်းတွေ၊ အမျိုးသမီးတွေနဲ့ ကြုံရင်သူတို့တစ်တွေကို ဦးစားပေးရမယ်ဆိုတာမျိုးပေါ့။

တိုးတက်ချင်တယ်၊ ဖွံ့ဖြိုးချင်တယ်၊ မြင့်မားချင်တယ်၊ လူရာဝင်ချင်တယ်၊ သိချင်တတ်ချင်တယ်၊ ကြွယ်ဝချင်တယ် ဆိုတဲ့အခါကျရင်တော့ အဲသည်လိုဖြစ်အောင် အရင့်အရင်က နေထိုင်လိုက်နာ ကျင့်သုံးခဲ့သမျှသော ပုံစံအသီးသီးကို လိုအပ်သလို ပြုပြင်ပြောင်းလဲပြီး အားထုတ်ရတော့မယ်။ သူများတွေ ဟီးလေးဆွဲပြီး နှောင့်နှေးနေတယ်၊ တွေဝေနေတယ်ဆိုဦးတော့ ကိုယ်ကစပြီး ပြောင်းဖို့ကြိုးစားရတော့မယ်။ အလုပ်စဝင်ကတည်းက မလုပ်မရှုပ်မပြုတ်ဆိုပြီး ဝိုးတဝါးနေလာခဲ့တာ၊ ဒီကနေ့ကစပြီး ကိုယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်တော့မယ်။ တစ်သက်လုံးလိမ်ဟယ် ညာဟယ်နဲ့ ဖိုးတွမ်တီးလုပ်ပြီး အချောင်နိုက်လာခဲ့တာ အခုချိန်ကစလို့ လူကောင်းသူကောင်းဘဝရောက်အောင် ကြိုးစားတော့မယ်ဆိုတာမျိုးတွေပေါ့။

ဘယ်သူတွေ ဘာမှမလုပ်ဘဲ ဒုံရင်းဒုံရင်းအတိုင်း ထုံပေကတ်သတ်နေနေ ကိုယ်က တိုင်းသစ်ပြည်သစ်အတွက် လုပ်သင့်လုပ်ထိုက်တာမှန်သမျှ ကြံစည်အားထုတ်ပြုမူသင့်တာမှန်သမျှ အခုကစပြီး စိတ်အားထက်ထက်သန်သန်နဲ့ ဆောင်ရွက်ကျင့်ကြံတော့မယ်လို့ တစ်ယောက်ချင်းစီရဲ့ပြောင်းလဲမှုကို စတင်နိုင်တယ်။ အလုပ်စဝင်ပြီဟေ့ ဆိုကတည်းက ရေလိုက်ငါးလိုက်နဲ့ ကိုယ့်အထက်က အရာရှိအလိုအတိုင်းရွှေ့လျားပြီး ကိုယ်စွမ်း ဉာဏ်စွမ်း ဘာမှပြစရာမလိုဘဲ အချိန်တန်ရင် လခရမယ်။ လုပ်သက်ရရင် ရာထူးတိုးမယ်။ ဝေးဝေးလံလံ မပြောင်းရွှေ့ရအောင် အပီအပြင်ချဉ်းကပ်မယ်။ သက်သာသလိုနေမယ်။ ဝတ်ကျေတန်းကျေဆိုရင်ရပြီ။ ဘာမှမထူးဘူးဆိုတဲ့ စိတ်နဲ့ခေါက်ရိုးကျိုးပြီးသား ဖြစ်နေခဲ့တာတွေကို ခဝါချလို့ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည် ကိုယ့်သားစဉ်မြေးဆက်အကျိုးမျှော်ကိုးပြီး အရင်တုန်းကပုံစံအတိုင်း ဝါးတားတား လုပ်မနေတော့ဘဲ အစွမ်းရှိသမျှ အရာထင်အောင် ကိုယ်ကပဲ စလုပ်ရမယ်။

စိတ်ဓာတ်ရေးရာကလည်း အရေးကြီးတာပဲ မဟုတ်လား။ တစ်သက်လုံး စိတ်ဓာတ်ကျနေခဲ့ကြတာလေ။ တစ်သက်လုံးအငုံ့စိတ်နဲ့ နေနေခဲ့ကြရတာလေ။ တစ်သက်လုံးဘာမှ ပြန်မပြောရဘဲ (ဆန္ဒဖော်ထုတ်ဖို့တော့အိပ်မက်တောင် မမက်ရဲပါဘူး)။ကြောက်စိတ်အပြည့်နဲ့ နေနေခဲ့ကြရတာတွေလေ။ အခုဘယ့်နှယ့်လဲ၊ အနေအထားက ကိုယ်စွမ်းရင်စွမ်း သလောက်ပွင့်လင်းမြင်သာမှုနဲ့ အလုပ်လုပ်ကြရတော့မှာ။ သန်းခေါင်ကျော်ခဲ့ပြီ။ အမှောင်တိုက်ထဲက တိုးထွက်ခဲ့ပြီ။ အလင်းရောင်ရှိတဲ့နေရာကို ဦးတည်နေပြီ။ ခွန်နဲ့အားနဲ့ အပြေးအလွှား အရောက်သွားကြရမှာ။ ပြိုင်တူထွက်ကြရမှာ။ ပန်းတိုင်က တစ်ခုတည်းပဲလေ။ စိတ်ဝမ်းကွဲပြားနေရမယ့်အချိန်အခါမှ မဟုတ်တာ ပင်ကိုစိတ်အခံက ကောင်းပြီးသားမှာ ပတ်ဝန်းကျင်နဲ့ လောကဓံကြောင့် ဒဏ်ရာဒဏ်ချက်တွေ ဗရပွနဲ့ နာကျင်ထုံထိုင်းနေခဲ့ကြရတာ။ အခုပြောင်းပြီ ပြင်ပြီ၊အသစ်ဖြစ်ပြီဆိုတော့ အရင်တုန်းကလို ဟိုလိုလို သည်လိုလို နားဝေ တိမ်တောင်ဘဝနဲ့ အချိန်ကုန်ခံနေစရာ မလိုတော့ဘူးပေါ့။ ကိုယ်ကစပြီး ပြုပြင်ပြောင်းလဲမှုနဲ့ ရှေ့ဆက်ကြရုံပါပဲ။

ဟုတ်ပါတယ်။ ဘယ်သူအခွန်ရှောင်ရှောင် ငါမရှောင်ဘူး။ ဘယ်သူလာဘ်ပေးပေး ငါမပေးဘူး။ ဘယ်သူအချောင်ခိုခို ငါမခိုဘူး။ ဘယ်သူလူလည်ကျကျ ငါမကျဘူး။ ဘယ်သူကလိမ်ကျကျ ငါမကျဘူး။ ဘယ်သူဘယ်လောက်ကျူးလွန်ကျူးလွန် ငါမကျူးလွန်ဘူး။ ဘယ်သူဘယ်လောက်ဝါးဝါး ငါမဝါးဘူး။ ဘယ်သူဘယ်လောက်ဖားဖား ငါမဖားဘူး။ ဘယ်သူဘယ်လောက် ယုတ်ယုတ် ငါမယုတ်ဘူး။ ဘယ်သူဘယ်လိုညစ်ညစ် ငါမညစ်ဘူး။ ဘယ်သူဘယ်လောက်ဖျက်လိုဖျက်ဆီးလုပ်လုပ် ငါမလုပ်ဘူး။

အဲဒါမျိုးကို ကိုယ်ကစလုပ်မယ်လို့ လူတိုင်းစိတ်ထဲမှာ ကိန်းဝပ်နေပါမှ မြန်မာ့လူ့အဖွဲ့အစည်းက စမတ်ကျမှာ။ ရှေ့တန်းရောက်မှာ။ လက်သန်းကို မင်စွန်းခံပြီးရင် ငါတို့တာဝန်ကျေပြီ၊ ငါတို့လိုချင်တာရပြီ၊ ပဒေသာပင်ပေါက်ပြီလို့ တထစ်ချယူဆနေကြလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ရေကုန်ရေခန်းကြိုးစားပါမှ၊ ခါးတောင်းကြိုက်မဖြုတ်ပါမှ ဆက်လုပ်ရမယ့် ကိစ္စအဝဝအတွက် လူတိုင်းဟာ ကိုယ်ကစကြပါမှ တစ်စိတ်ဝမ်း တစ်လက်ညီ ပြည်ရေးကိုပြိုင်တူချီကြပါမှ လူတစ်လုံးသူတစ်လုံး ပျော်မဆုံးမော်မဆုံး ပြုံးပန်းဆင်ကြရမှာပါ။

ငါမလုပ်လည်းသူများတွေလုပ်မှာပါဆိုပြီး ပစ်ထားရင်တော့ ခရီးတစ်ခုအတွက် အရေးအကြီးဆုံး ပထမခြေလှမ်းဟာ ဘယ်တော့မှ လှမ်းဖြစ်မှာမဟုတ်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် အားမကိုးတတ်ဘဲ ဘာမဆိုသူများလုပ်မယ့်အပေါ်ပဲ မှိန်းနေ ကြမယ့် စိတ်နဲ့တော့ ဘာကိုမှ မျှော်မနေနဲ့တော့။ ကိုယ်ကပဲ စလုပ်ရမှာ။ ဘယ်သူမှ ဘာမှမလုပ်ပဲနေနေ ကိုယ်ပဲ အဦးဆုံး စလုပ်ရမယ်။

ပြုပြင်သင့်တာပြုပြင်၊ ပြောင်းလဲသင့်တာပြောင်းလဲ။ အသစ်တွေရချင်ရင် အသစ်ဖြစ်လာအောင်ကိုယ့်ကိုယ်ကိုယ် သစ်နေအောင် အရင်လုပ်ရမှာ။ မနှစ်က ကိုယ်နဲ့ ဒီနှစ်ကိုယ်မတူမှုဖြစ်မှာ၊ စနစ်ဟောင်း၊ ခေတ်ဟောင်းကအတိုင်း ဝေလေလေလုပ်နေလို့ကတော့ ရွှေပြည်တော်မျှော်တိုင်းဝေးပေါ့။ နိုင်ငံသစ်၊ လူ့ဘောင်သစ်၊ တိုင်းသစ်ပြည်သစ်အတွက် ကိုယ်ကပဲ အရင်ဆုံးစလုပ်ကြစို့။

> **ကိုယ်ကစလုပ်မယ်လို့ လူတိုင်းစိတ်ထဲမှာ ကိန်းဝပ်နေပါမှ မြန်မာ့လူ့အဖွဲ့အစည်းက စမတ်ကျမှာ။ ရှေ့တန်းရောက်မှာ။ လက်သန်းကို မင်စွန်းခံပြီးရင် ငါတို့တာဝန်ကျေပြီ၊ ငါတို့လိုချင်တာရပြီ၊ ပဒေသာပင်ပေါက်ပြီလို့ တထစ်ချယူဆနေကြလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။**
>
> **ငါမလုပ်လည်း သူများတွေလုပ်မှာပါဆိုပြီး ပစ်ထားရင်တော့ ခရီးတစ်ခုအတွက် အရေးအကြီးဆုံး ပထမခြေလှမ်းဟာ ဘယ်တော့မှ လှမ်းဖြစ်မှာမဟုတ်တော့ဘူး။**

## ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပညာသင်ကြားလိုမှုစစ်တမ်းကောက်ယူခြင်း လှိုင်သာယာ၌ကျင်းပ




**ရန်ကုန် မေ ၁၅**

အနာဂတ်မျိုးဆက်သစ်တို့၏ကျန်းမာရေးနှင့်ပညာရေးကို အထောက်အကူဖြစ်စေသော ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပညာသင်ကြားလိုမှု စစ်တမ်းကောက်ယူခြင်း အခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီက လှိုင်သာယာမြို့နယ် အမှတ်(၈) အထက်တန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် လူရည်ချွန် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါက်တာကေသီထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့၏ အကြံပေးပုဂ္ဂိုလ် ကလေးအထူးကု ပါမောက္ခ ဒေါက်တာဖေသက်ခင်တို့က ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးပိုင်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာကိုးရွာတို့မှ တစ်ရပ်ကွက်လျှင် မိဘအုပ်ထိန်းသူနှင့်ကလေး ၄၀တို့အား အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ မှ ပါမောက္ခ ဒေါက်တာကေသီထွန်း ဦးဆောင်သော အထူးကုပါရဂူများအဖွဲ့က ကျန်းမာရေးစောင့်ရှောက် ကုသပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာ၊ ဆရာမများ ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့နောက် တက်ရောက်လာကြသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်လူရည်ချွန် ဖောင်ဒေးရှင်းက ကလေးသူငယ်များ ပညာသင်ကြားလိုမှု မှတ်တမ်းများ ကောက်ယူကြသည်။

“ကလေးငယ်တွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပါ။ ကျောင်းနေပေမယ့် နွမ်းပါးနေတဲ့ ကလေးတွေရှိသလို မိဘတွေဆင်းရဲလို့ ကျောင်းမနေရတဲ့ ကလေးတွေလည်းရှိတယ်။ အဲ့ဒီကလေးတွေ အခမဲ့ပညာသင်ကြားနိုင်ဖို့ ဆောင်ရွက်ပေးမှာပါ။ ကျောင်းသားစာရင်းတစ်ထောင်နီးပါးရတယ်။ နှစ်ပတ်အတွင်း ပြန်လည်စိစစ်ပြီးအကောင်အထည်ဖော်မှာပါ။ မိဘမဲ့ဂေဟာကလည်းလာကြတယ်။ ကျွန်တော်တို့အဖွဲ့က နွမ်းပါးတဲ့ကလေး၊ လမ်းပေါ်ကကလေးတွေကို ပညာရေးစောင့်ရှောက်မှုလုပ်တာ အောင်ဇေယျအိမ်ရာဝင်းထဲမှာတစ်ကြိမ်၊ သောင်ကြီး ဘုန်းတော်ကြီးပရဟိတကျောင်းမှာတစ်ကြိမ်နဲ့ အခု အမှတ်(၈) အထက်တန်းကျောင်းမှာ တစ်ကြိမ်ဆိုတော့ သုံးကြိမ်ရှိသွားပါပြီ” လူရည်ချွန်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကျော်ဌေးက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

■

## ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် နယ်လှည့်ကွင်းဆင်းအခမဲ့ဆေးဝါးကုသ

**ပူတာအို မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအထိပါမကျန် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် နယ်လှည့်ကွင်းဆင်းကာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းကို မေ ၁၄ရက်က လုံးစွတ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်လဇွမ်ခေါန်းနန်နှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဝေဝေအောင်က ကျန်းမာရေးအသိပညာပေး ဟောပြောသည်။ အဆိုပါ ကွင်းဆင်းဆေးကုသရာတွင် လူနာများအား တိုင်းရင်းဆေးနည်းဖြင့် စမ်းသပ်ကုသပြီး ဆေးဝါးများအခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မ.ထ.သ ယာဉ်လုပ်သားများ အခြေခံသင်တန်းပို့ချ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်လုပ်သားများ အခြေခံသင်တန်း အမှတ်စဉ် (၉/၂၀၁၆)ကို မေ ၁၅ ရက်က တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ မ.ထ.သ (ဗဟို) အစည်းအဝေးခန်းမ၌ကျင်းပသည်။ သင်တန်းမှာ တစ်ရက်တည်းဖြစ်ပြီး ယာဉ်လုပ်သား ၁၅၀ တက်ရောက်ခဲ့သည်။ သင်တန်း မ.ထ.သ (ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက်သိမှတ်ဖွယ်ရာများနှင့် ဆောင်ရန်ရှောင်ရန်များကို ဟောပြောပို့ချခဲ့သည်။

**ဘော်ဂါသွေး**

# နိုင်ငံပိုင်မီဒီယာများကို ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုသွားမည်

**ရန်ကုန် မေ ၁၅**

အစိုးရအနေဖြင့် ပေးလိုသည့် သတင်းအချက်အလက်များကို တစ်ဖက်သတ်ပေးဝေနေသည့် ပုံစံမျိုးမဟုတ်ဘဲ အများပြည်သူ၏ လိုလားချက်များ၊ မလိုလားချက်များ၊ အများပြည်သူအကြားရှိ အစိုးရနှင့် မူဝါဒချင်း မတူညီကြသူများ၏ အမြင်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ရုပ်/သံနှင့် ပုံနှိပ်မီဒီယာများတွင် ထည့်သွင်းဖော်ပြပြီး **ပြည်သူနှင့် အစိုးရအကြား ဆက်သွယ်နေသည့် လမ်းကြောင်းအဖြစ်** အသုံးပြုသွားမည်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အစိုးရ၏ ပြန်ကြားရေးမူဝါဒကို ပြောကြားသည်။

မေ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် မြန်မာ့မီဒီယာမူဝါဒဆိုင်ရာ "Policy Dialogue" ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် နိုင်ငံပိုင်မီဒီယာများနှင့်ပတ်သက်ပြီး အစိုးရသစ်၏ ရပ်တည်ချက်သဘောထားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက "အစိုးရမီဒီယာလို့ခေါ်နေတဲ့ မီဒီယာတွေကို ပြည်သူနဲ့ အစိုးရအကြား ဆက်သွယ်နေတဲ့ လမ်းကြောင်းအဖြစ် အသုံးပြုနေတာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ ရပ်တည်ပုံသဘောထားကို ဖော်ပြချင်ပါတယ်။ ပြည်သူကို မျက်နှာမူဖို့ဆိုတဲ့အချက်ကို ဖြစ်ပါတယ်။ ပြည်သူရဲ့ ပြောဆိုချက်တွေကို နားထောင်မှတ်သားရပါတယ်။ ပြည်သူက မေးမြန်းလာတာတွေနဲ့ ဝေဖန်ထောက်ပြတာတွေကို ရှင်းလင်းဖြေကြားဖို့၊ မေးမြန်းချက်နဲ့ ဝေဖန်ထောက်ပြတာတွေကို နားထောင်ပြီး ပြုပြင်မှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်သူရဲ့ သဘောထားတွေကို လွှတ်တော်များ၊ အစိုးရများက ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးတာနဲ့ ပိုပြီးဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာမယ်။ ပြည်သူကိုမျက်နှာမူတဲ့ မီဒီယာမျိုးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် "Policy Dialogue" မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံပိုင်မီဒီယာများ၏ အကူးအပြောင်း၊ မြန်မာနိုင်ငံရှိ ရုပ်သံ၊ ရေဒီယို မီဒီယာလုပ်ငန်းဟူသည့် ကဏ္ဍသုံးခုအတွက် အဓိကထားပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားမီဒီယာများ၏ လက်ရှိအခြေအနေများ၊




ဒုတိယအကြိမ် မြန်မာ့မီဒီယာမူဝါဒဆိုင်ရာ Policy Dialogue ဆွေးနွေးပွဲ ကျင်းပစဉ်

တိုင်းရင်းသားမီဒီယာများတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ အမျိုးသားရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ဆက်စပ်လိုအပ်သည့် တိုင်းရင်းသားမီဒီယာများ ရှင်သန်ရန် အားပေးကူညီရေး၊ သတင်းစာပညာသင်တန်းများနှင့် သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် Data Journalism ဖွံ့ဖြိုးလာရေး၊ မီဒီယာနယ်ပယ်ရှိ ခေါင်းဆောင်မှုကဏ္ဍတွင် ကျား၊ မရေးရာတန်းတူညီမျှမှု၊ သတင်းမီဒီယာစာကြည့်တိုက်များ ပေါ်ပေါက်လာရေး၊ မီဒီယာဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ပေါက်လာရေး စသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် ပြုလုပ်သည့် "Policy Dialogue" အပေါ် Action Aid Myanmar မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahmad က "ယနေ့ဆွေးနွေးမှုဟာ သတင်းမီဒီယာကောင်စီရဲ့ လုပ်ဆောင်ချက်တွေရဲ့မူဝါဒတွေကို ပိုပြီး ပံ့ပိုးပေးနိုင်မယ်လို့ ထင်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ မီဒီယာအဖွဲ့အစည်းက ခေါင်းဆောင်တွေ တက်ရောက်ကြတဲ့အတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။ ကွဲပြားတဲ့ဆွေးနွေးမှုတွေ၊ နောက်ခံအကြောင်းအရာတွေ၊ ကျယ်ပြန့်တဲ့ လူတွေရဲ့အသံတွေကို နားထောင်နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးပွဲမှာ အစိုးရဘက်က မူဝါဒတွေကိုလည်း ရှင်းပြပေးနိုင်မယ်ထင်တယ်။ ယေဘုယျ အကြောင်းအရာတွေကို ပထမဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့ကြတယ်။ ဒီတစ်ကြိမ်မှာ ပိုအာရုံစိုက်ပြီး မူဝါဒအရ အကြံပြုချက်တွေ ထွက်လာမှာ ဖြစ်ပါတယ်"ဟု သုံးသပ်သည်။

ပထမအကြိမ် သတင်းမီဒီယာဆိုင်ရာ "Policy Dialogue" ကိုပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ယခု ကျင်းပခဲ့သည့် ဒုတိယအကြိမ် "Policy Dialogue" ကို ဆွီဒင်သံရုံး၏ ထောက်ပံ့မှုဖြင့် သတင်းမီဒီယာကောင်စီ၊ မဇ္ဈိမမီဒီယာနှင့် Action Aid တို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ဆွေးနွေးပွဲကို ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများ၊ ပြည်တွင်းပြည်ပ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်ပမှ မီဒီယာရေးရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

**သတင်း - မြတ်သန္တာမောင်၊ ဝင်းဝင်းမော်**
**ဓာတ်ပုံ - သတင်းစဉ်**

# မြင်းခြံ ၁၃၃ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ ရက် ၁၀၀ အတွင်း ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်မည်

**နေပြည်တော် မေ ၁၅**

အချိန်ကာလတိုအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် အင်ဂျင်စက်များ (Gas Engine Generators) အား အငှားစာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်မြို့ စက်မှုဇုန်ရှိ ကျောက်ဆည် ၁၁၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် ရက်ပေါင်း ၁၀၀ စီမံချက်တွင်ပါဝင်သော မြင်းခြံမြို့ရှိ မြင်းခြံ ၁၃၃ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနေရာများသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် တာဝန်ရှိသူများသည် မေ ၁၃ ရက်နှင့် ၁၄ ရက်များတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် အကူအညီများပေးရေး အပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့လုပ်ငန်းများအား ပိုမိုအလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မြင်းခြံ ၁၃၃ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ တပ်ဆင်စမ်းသပ်မှုများ ဆောင်ရွက်ဆဲဖြစ်၍ ရက်ပေါင်း ၁၀၀ အတွင်း လုပ်ငန်းများပြီးစီးပြီး ဓာတ်အားပို့လွှတ်နိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ထို့အပြင် မိုးရာသီကာလမရောက်မီ လျှပ်စစ်ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေး လုပ်ဆောင်ရန်၊ ကျေးရွာများ မီးလင်း ရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်၍ အလေးထားဆောင်ရွက်ကြရန်၊ လျှပ်စစ်ဓာတ်အား မပြတ်တောက်ရေး အဓိကထား၍ ဆောင်ရွက်နေသလို ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်လာပါကလည်း ပြတ်တောက်ရသည့် အကြောင်းရင်း၊ ပြင်ဆင်ရမည့်အခြေအနေနှင့် ဓာတ်အားပြန်လည်ပေးနိုင်မည့် အခြေအနေတို့ကို ပြည်သူတို့ထံ အချိန်နှင့်တစ်ပြေးညီ အသိပေးရန်နှင့် ပြည်သူတို့အား ယဉ်ကျေးစွာ ပြောဆိုဆက်ဆံကြရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး၌ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အမှတ် (၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံကြရာတွင် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံသွားကြရန်နှင့် မိမိတို့လုပ်ငန်းဆောင်ရွက်မှုများကို သိရှိစေရန်၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်



**နေပြည်တော် မေ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)သို့ သွားရောက်ပြီး စက်ရုံရှိ အရေးကြီးပစ္စည်း အစိတ်အပိုင်းတို့ကို ပြုပြင်ထိန်းသိမ်းထားရန်လိုကြောင်း၊ စက်ရုံတွင် စက်ပစ္စည်းအသစ်များ ထပ်မံတပ်ဆင်၍ ထုတ်ကုန်သစ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်သုတေသန ပြုလုပ်ရန်လိုကြောင်းမှာကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆင့်မြင့် မီးခံအုတ်ထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး မီးခံအုတ်များ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ မှန်ရည်ကြိုမီးဖို၊ Gas Station၊ Control Room၊ မှန်အရည်အသွေးစစ်ဆေးရေးဌာန၊ မှန်အနားဇောင်းသွေးနေသည့် အခြေအနေ၊ မှန်အနားသွေးနေသည့် အခြေအနေ၊ အားဖြည့်မှန် ထုတ်လုပ်နေသည့် အခြေအနေ၊ လွှာထပ်မှန်ထုတ်လုပ်နေသည့်အခြေအနေနှင့် ကြည့်မှန် ထုတ်လုပ်နေသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)သို့ ရောက်ရှိပြီး စတီးအိမ်သုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများနှင့် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆေးဝါးစက်ရုံ (အင်ရောင်း)သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ ထိုးဆေးထုတ်လုပ်ရေးဌာန၊ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာန၊ အရည်အသွေး စစ်ဆေးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများအား လွတ်လပ်စွာ ဝယ်ယူနိုင်ရေးအတွက် အရောင်းကိုယ်စားလှယ်အသစ်များဖြင့် ဖြန့်ဖြူးမည့်နည်းတူ ကျန်းမာရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ လိုအပ်သည့် စက်ပစ္စည်းများ ဖြည့်တင်းတပ်ဆင်ပြီးပါက ကုန်ထုတ်လုပ်မှု နှစ်ဆပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ပြည်သူသိ BPI တံဆိပ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်တော့မည်ဖြစ်ကြောင်း၊ မိမိတို့ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ ပြည်သူလူထုကြိုက်နှစ်သက်သည့် ထုပ်ပိုးမှုပုံစံဖြစ်စေရေး ပြုပြင်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အဆင့်မြှင့်တင်ရန် မြေနေရာလေ့လာ

**မူဆယ် မေ ၁၅**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြစီမံကိန်းများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၅ ရက်တွင် မူဆယ်မြို့ရှိ ဒေသခံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၅ ရက် နံနက် ၈ နာရီတွင် ရွှေလီရတနာရိပ်သာမှ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ဖြစ်သော ကျိန်စန်းကျော့ဂိတ် တည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ အဆိုပါဂိတ်သည် မြန်မာနိုင်ငံမှ သွင်းကုန်/ထုတ်ကုန်များတင်ပို့သည့် နယ်စပ်ဂိတ်တစ်ခုလည်း ဖြစ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သွားရောက်ခဲ့ပြီး သွင်းကုန်/ထုတ်ကုန်များ စနစ်တကျဆောင်ရွက်ထားရှိမှုနှင့် OSS အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။ မူဆယ်မြို့သည် နယ်စပ်မြို့ဖြစ်သည့်အလျောက် နိုင်ငံတကာအဆင့်မီ မြို့ပြစီမံကိန်း၊ မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းမှုနှင့် ကုန်သွယ်မှုပမာဏ ၇၅ ရာခိုင်နှုန်းရှိသောကြောင့် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အဆင့်မြှင့်တင်ရန်အတွက် မြေနေရာများအား လေ့လာခြင်း၊ ဒေသခံ ကုန်သည်လုပ်ငန်းရှင်များနှင့် လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းရုံး အစည်းဝေးခန်းမ၌ မူဆယ်ဒေသအတွင်းလိုအပ်ချက်များ၊ ကုန်စည်စီးဆင်းမှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး စသည့် အချက်များသိရှိရန်အတွက် တွေ့ဆုံပွဲအခမ်းအနားကျင်းပပြီး မူဆယ်-နမ့်ခမ်း-ကွတ်ခိုင်-လိုင်ဇာမြို့ရှိ ဒေသခံကုန်သည်လုပ်ငန်းရှင်များက လိုအပ်ချက်များ တင်ပြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**စိုးမိုး(၁၀၅)မိုင်**

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးမှ နိုင်ငံသားများ အနေဖြင့်လည်း တက်ကုန်ရွက်စုံဖြင့် အတူတကွ ညီညီညာညာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အယူဝါဒမတူညီကြသူအများအပြား ပဋိပက္ခဖြစ်ပွားမှုများ၊ ဘာသာရေးကို ခုတုံးလုပ်၍ တိုင်းပြည် နောက်ပြန်ရောက်အောင် ဆောင်ရွက်နေသူများပြားလျှင် နိုင်ငံတော်တိုးတက်ရေး ကြန့်ကြာမည်ဖြစ်ကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအကြား ဘာသာ အယူအဆမခွဲခြားဘဲ လွတ်လပ်ချစ်ကြည်စွာ ကမ္ဘာတည်သရွေ့ နေထိုင်သွားနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ ဘာသာရေး လုပ်ငန်းဌာနအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ လိုအပ်ချက်များကို ပံ့ပိုးကူညီ စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘာသာအသီးသီးအကြား အစဉ်အလာတည်ရှိခဲ့သည့် ချစ်ခင်ရင်းနှီးမှု၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးလှုပ်ရှားမှုများကို ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

*❍ ကျောဖုံးမှ*

ဒုတိယအချီ ပွဲပြန်အတည်တွင် စောသူရိန် မာမာထန်ထန်ဖြင့် ခြေကန်ချက်များနှင့် အတူ စုံလင်စွာ ယှဉ်ပြိုင်ထိုးသတ်သော်လည်း စည်သူအောင်မှာ လက်ဝှေ့သမ္မာရင့် တစ်ဦးပမာ ပါဝါပါသည့် လက်သီးတွဲလုံးများဖြင့် တုံ့ပြန်ကာ ဒုတိယအချီ ၂၈ စက္ကန့်တွင် စောသူရိန်ကာထားသည့်ကြားမှ ညာတံတောင်ရိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။

လေးချီပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကိုကိုအောင်(ထွန်းသွင်)နှင့် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်) တို့ပွဲမှာလည်း ကျော်ဝင်းအောင်က ပွဲစသည်နှင့် ကိုကိုအောင်အား ဘယ်ညာဝိုက်လက်သီးတို့ဖြင့် တွဲသုံးခဲ့သော်လည်း အရပ်အမောင်းမြင့်သည့် ကိုကိုအောင်က မာမာထန်ထန် ပြန်လည်တုံ့ပြန်ခဲ့သည်။ ကိုကိုအောင်သည် အရပ်နိမ့်သော ကျော်ဝင်းအောင်၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ ခပ်ကွာကွာမှပင် ခြေကန်ချက်များ၊ ဘယ်ညာတွဲလုံးများဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် ကျော်ဝင်းအောင် အခက်တွေ့ခဲ့သည်။ ယင်းသို့ဖြင့် တတိယအချီ ၂ မိနစ် ၁၄ စက္ကန့်တွင် ကိုကိုအောင်က ဟန်ချက်ပျက်နေသည့် အနေအထားကို အခွင့်ကောင်းယူကာ ဘယ်ညာတွဲလုံးများဖြင့် ကျော်ဝင်းအောင်၏ ရင်ဘတ်ထဲပစ်သွင်းခဲ့ရာ ကျော်ဝင်းအောင် နှစ်မိနစ် အနားတောင်းခဲ့ရသော်လည်း သရေဖြင့် ပြီးဆုံးခဲ့သည်။

အခြားမျိုးဆက်သစ် သုံးချီပွဲများတွင် ဖိုက်တာ(အဖြူရောင်သွေးသစ်)နှင့် ရဲမျိုး(ထွန်းသွင်)တို့ တစ်ပွဲသာ သရေကျခဲ့ပြီး အောင်တိုင်းမောင်(ရွှေဒေါ်ပုံ)နှင့် ဒေါနကျား(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ပွဲတွင် တတိယအချီ ၂ မိနစ် ၅၀ စက္ကန့် အရောက်တွင် အောင်တိုင်းမောင် (ရွှေဒေါ်ပုံ)က ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူ၍လည်းကောင်း၊ အောင်မျိုးဟိန်း(အောင်မြန်မာ)နှင့် ဇင်မင်းဦး(ထွန်းသွင်)တို့ပွဲတွင် သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရင်း ဒုတိယအချီ ၂ မိနစ် ၃၈ စက္ကန့်တွင် ဇင်မင်းဦး အနားတောင်းကာ ပွဲပြန်အတည်တွင် ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်း မရှိတော့သဖြင့် အောင်မျိုးဟိန်းက အလဲထိုးဖြင့်လည်းကောင်း၊ ဇွဲရန်နိုင်(ထွန်းသွင်)နှင့် ကျော်ဇောထွန်း (ရွှေမိုးထိငြိမ်းချမ်းရေး) တို့ပွဲတွင်လည်း ဇွဲရန်နိုင်က အလဲထိုးဖြင့်လည်းကောင်း၊ တိမ်ပျံ(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင်လည်း ရိုးရာလက်ဝှေ့လောကတွင် မျိုးဆက်သစ်ဖြစ်သော်လည်း ဗန်တိုလောကမှ ဆင်းသက်လာသော အတွေ့အကြုံကောင်းများကြောင့် ဆလိုင်းချမ်းမြေ့ကို ပွဲစသည်နှင့် အပေါ်စီးမှ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကာ တတိယအချီ ၂ မိနစ် ၃၅ စက္ကန့်တွင် တိမ်ပျံအား အလဲထိုးဖြင့် အနိုင်ယူခဲ့သည်။

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကောင်းမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ မချမ်းဘောမြို့နှင့် ကျောက်ဆည်မြို့တို့တွင် ၀ ဒသမ ၅၈ လက်မစီ၊ သီပေါမြို့နှင့် ထီးလင်းမြို့တို့တွင် ၀ ဒသမ ၃၉ လက်မစီ၊ ပူတာအိုမြို့နှင့် ချောက်မြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီ၊ မြိတ်မြို့တွင် ၀ ဒသမ ၂၇ လက်မနှင့် မြစ်ကြီးနားမြို့နှင့် နောင်ချိုမြို့တို့တွင် ၀ ဒသမ ၂၀ လက်မစီတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

---

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးမည်

**နေပြည်တော် မေ ၁၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစည်းအဝေးများကို မေ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က မိုင်းရယ်မြို့နယ် မန်ပုံကျေးရွာအုပ်စုအတွင်းရှိ နောင်ယကျေးရွာအနီးတွင် ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများ တူးဖော်မှုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်က ပင်လည်ဘူးမြို့နယ်တွင် ကျောက်မီးသွေး (စက်မှုထွက်ကုန်ကြမ်း)ထုတ်လုပ်ရောင်းချသော ကုမ္ပဏီတစ်ခုနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ဆောင်ရွက်ခွင့်ပြုထားကြောင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်းကိုလည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ တောင်သူ ၄၂ ဦး ပိုင်ဆိုင်လုပ်ကိုင်စားသောက်လျက်ရှိသော ပုံစံ(၇)ကျပြီး ဖြစ်သည့် ယာမြေများအား သိမ်းဆည်း၍ တရားစွဲဆိုထားသည့် မြေနှင့်ပတ်သက်၍ တရားစွဲဆိုထားသောအမှုအား ရုပ်သိမ်းပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကိုလည်းကောင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းသည့် **ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကျီးအုံကျီးဝတမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းပြည်နယ် နယ်စပ်၊ ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခု လာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၏ ၂-၁-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ Happy Zone ကစားကွင်းအတွင်း မိန်းကလေးများ အပါအဝင် ဂိမ်းကစားသူများအောင်မြင်ပါက အမျိုးသားလိင်တန်ဆာပစ္စည်းအတုများကို လက်ဆောင်ပေးခဲ့ကြောင်း မန်နေဂျာမှ ဝန်ခံပါလျက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂၊ ပုဒ်မ ၂၉၃နှင့် ပုဒ်မ ၃၅၄ တို့အရ အရေးယူမည့်အစား အဘယ့်ကြောင့် အရေးမယူခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဖြေကြားခြင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

# ကျောက်စိမ်းစေတီ ပထမအကြိမ် ညောင်ရေသွန်းမည်

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာအနီး တည်ထားကိုးကွယ်သော ဝေရောစနကျောက်စိမ်းစေတီတော်မြတ်၏ ပထမအကြိမ် ညောင်ရေသွန်းပွဲတော်ကို မေ ၂၀ ရက် (၁၃၇၈ ခု ကဆုန်လပြည့်နေ့) ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။

အဆိုပါဝေရောစန ကျောက်စိမ်းစေတီတော်မြတ်၏ ပရဝဏ် အရှေ့မြောက်ဘက်တွင် စိုက်ပျိုးထားသော ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်အား ဒေဝါဝင်း၊ ရာဇာဝင်း၊ ပုဂံဝင်း အခင်းအကျင်းများဖြင့် စေတီတော်မြတ်၏ အနီးရှိ ကျေးရွာ ၁၉ ရွာမှ ဒေသခံကျေးရွာသူ ကျေးရွာသား နှစ်ထောင်ခန့်ပါဝင်၍ ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။

ပထမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရပ်နီးရပ်ဝေးမှ လာရောက်ကြမည့် ဘုရားဖူးများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

---

# ကိုးထပ်ကြီးဘုရား၌ ညောင်ရေသွန်းလောင်းမည်

**ရန်ကုန် မေ ၁၅**

အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၃) ကြိမ်မြောက် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဘုရားကြီးရင်ပြင်တော်၌ မေ ၂၀ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်း၌ စတင်ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကို နံနက်အရုဏ်တက်ချိန်၌ သြဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်သော သံဃာတော် ၂၇ ပါးတို့က ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်၍ အရုဏ်ဆွမ်းဆက်ကပ်ပြီး ဂေါပကအဖွဲ့ကဦးဆောင်ကာ ဗောဓိပင်၌ ညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေ(ကြည့်မြင်တိုင်)**

---

# မတ္တရာမြို့ ဂေဇက်ရွှေပုထိုးဘုရား၌ ညောင်ရေသွန်းမည်

**မတ္တရာ မေ ၁၅**


မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်ရွှေပုထိုးမြတ်စွာဘုရား ကဆုန်ညောင်ရေသွန်းပွဲတွင် မြန်မာ့ရိုးရာနွားအလှ၊ နွားလှည်းမောင်းပြိုင်ပွဲနှင့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရိုးရာနွားပြိုင်ပွဲတွင် ခြေအလှမောင်းပြိုင်ပွဲ၊ ဒုံးနွားမောင်းပြိုင်ပွဲနှင့် တစ်ကောင်ကျောစီးပြိုင်ပွဲကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ရွှေပုထိုးဘုရား တာလမ်းတွင် ကျင်းပမည်ဖြစ်ပြီး ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို မေ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကာ ကျောက်ဆည်၊ မန်း(စည်ပင်)၊ အမရပူရ၊ စဉ့်ကူး၊ လက်ပံလှနှင့် မတ္တရာမြို့နယ်မှအသင်းများ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# မြန်မာနိုင်ငံအတွင်းရှိ ရေရှားပါးသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းသွားမည့် ပန်းချီဆရာကြီးဦးသုခ ဖောင်ဒေးရှင်း




**တွေ့ဆုံမေးမြန်း-ခင်ချိုချိုဦး**

ဒီနှစ်နွေရာသီမှာ အယ်နီညိုကြောင့် အပူရှိန်မြင့်မား ပူအိုက်တယ်ဆိုတာထက် ပူလောင်တဲ့ဒဏ်တွေကို လူသားတွေ ခါးစည်းခံစားကြရပါတယ်။ ရေတွေခန်းခြောက်တဲ့အခါ ရေရှားပါးမှုတွေကို ရင်ဆိုင်ကြရပြန်ပါတယ်။ စက်ရေတွင်းတူးထားတဲ့ တွင်းတွေ၊ ရေပိုက်တွေ ပြင်ရ၊ ပြန်တူးရ၊ စက်တွေလဲလှယ်ရတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ စာရေးသူတို့ရဲ့ သောက်နေတဲ့ရေ၊ သုံးနေတဲ့ရေတွေ မရရှိနိုင်တော့ရင် ဘယ်နှယ့်လုပ်မလဲလို့ တစ်ခါတစ်ရံမှာ တွေးတော စိုးရိမ်မိနေတာ အမှန်ပါ။ လူသားတွေရဲ့လုပ်ရပ်တွေကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးပြီး ရာသီဥတု ဖောက်လွဲဖောက်ပြန် ဖြစ်ရတယ်ဆိုတာကိုတော့ ငြင်းပယ်လို့ မရပါဘူး။ လက်ခံကြရမှာပါ။ ဒီကနေ့ကစပြီး ဆက်မလုပ်ကြဖို့၊ သစ်ပင်တွေ၊ တောတောင်တွေကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ ဒီဆောင်းပါးလေးနဲ့ ဆော်သြလိုက်ရပါတယ်။ မေးမြန်းဖြစ်ခဲ့တာကတော့ ဖောင်ဒေးရှင်းရဲ့ဥက္ကဋ္ဌဖြစ်သူ ဆရာမင်းဝေအောင်နဲ့ မေးမြန်းဖြစ်ခဲ့ပါတယ်။

**မေး။ ။ ဆရာကြီး ဦးသုခဖောင်ဒေးရှင်းကို ဘယ်အချိန်က တည်ထောင်တာလဲ၊ နှစ်ဘယ်လောက်ရှိပြီလဲ ဆရာ။**

ဖြေ။ ။ ဆရာကြီးဦးသုခ ဖောင်ဒေးရှင်းက ပြီးခဲ့တဲ့ သုံးနှစ်လောက်က ရန်ပုံငွေထိန်းသိမ်းရေး အဖွဲ့ဆိုပြီးတော့ လုပ်ခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဖောင်ဒေးရှင်းတရားဝင်ဖြစ်အောင် မတင်ရသေးဘူး။ တရားဝင်ဖြစ်အောင် မနှစ်က ကျွန်တော်တို့ တင်လိုက်တယ်။ ဒါက နိုင်ငံတော်ကို တရားဝင် တင်လိုက်တဲ့အခါကျတော့ ပန်းချီဆရာကြီး ဦးသုခ ဖောင်ဒေးရှင်းကို ဖွင့်ခွင့်ပြုတယ်ဆိုတာ ယာယီချပေးလိုက်ပြီ။ ယာယီချပေးလိုက်ပြီဆိုတော့ တရားဝင်ဖြစ်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်တဲ့ အချက်အလက်တွေ အကုန်လုံး၊ သူတို့လိုအပ်တာတွေ အကုန်လုံး တင်ပြီးသွားပြီဆိုတော့ သူတို့ဆီကလည်း ကျွန်တော်တို့ဆီကို ယာယီချပေးတယ်ဆိုတဲ့ စာတွေလည်း ထွက်ပြီးပြီ။ ဒါပေမယ့် တကယ်အစစ်ချဖို့အတွက် ကျွန်တော်တို့က ဘာတွေထပ်လိုသေးလဲဆိုတော့ Activity တွေ ထပ်လိုသေးတယ်။ အဲဒီ လှုပ်ရှားမှုတွေကလည်း ကျွန်တော်တို့မှာ အချက်အလက်တွေက ရှိပြီးသားတွေ။ အဲဒါတွေလည်း စုနေတယ်။ ပြီးရင် ဒီလိုမျိုးတွေကလည်း ကျွန်တော်တို့ ထပ်တင်ရမှာ။ အဲဒါတွေကို တွဲတင်ပြီဆိုတာနဲ့ တကယ့်တရားဝင် အစစ်ကိုကျပြီ။ အခုကျတော့ ကျပြီ။ ဒါပေမယ့် ယာယီသဘောမျိုးပါ။ ဒီနှစ်ထဲမှာ တရားဝင်ကျမှာပါ။

**မေး။ ။ အရင်နှစ်တွေက ရိုးရိုးပန်းချီပြပွဲပဲလုပ်တာလား၊ ဘယ်လိုမျိုးလဲ သိပါရစေရှင့်။**

ဖြေ။ ။ မနှစ်ကလည်း ကျွန်တော်တို့က ဘာလုပ်လဲဆိုတော့ နိုဝင်ဘာလတိုင်းမှာ ပန်းချီဆရာကြီး ဦးသုခကို ရည်စူးပြီးတော့ ကန်တော့ကြတယ်။ အဲဒီကန်တော့ပွဲမှာ ဘယ်သူတွေကန်တော့ ကြသလဲဆိုတော့ ဆရာကြီး ဦးသက်ညွှန့်၊ ဆရာကြီးဦးရှိန်ထွန်း၊ဆရာကြီး ဦးလွန်းကြွယ်တို့ပါ တစ်ပါတည်းကန်တော့တယ်။ ပြီးရင် ကျွန်တော်တို့က ပန်းချီပြပွဲလည်းလုပ်တယ်။ပြပွဲကလည်း ကျွန်တော်တို့ ပန်းချီဆရာတစ်ယောက်ကို တစ်ကားနှုန်း သတ်မှတ်ထားတယ်။ သတ်မှတ်ပြီး ကားတွေတောင်း၊ ပြပွဲတွေလုပ်တယ်။ ရောင်းရတဲ့ငွေကို ပန်းချီဆရာတွေကနေပြီးတော့ ၂၀ ရာခိုင်နှုန်းနဲ့အထက် သူတို့စိတ်ကြိုက် လှူကြတယ်။ တချို့ကျတော့လည်း ၃၀ ရာခိုင်နှုန်းလှူတယ်။ တချို့ကျတော့လည်း အပြတ်လှူကြတယ်။ ရတဲ့ငွေတွေကို ကျွန်တော်တို့က ဘဏ်ထဲမှာ စုထားတယ်။ စုထားပြီး ခုနက ပန်းချီဆရာကြီး ဦးသုခဖောင်ဒေးရှင်း ရန်ပုံငွေဖြစ်သွားတာပေါ့။ အဲဒီ ရန်ပုံငွေထည့်ထားတဲ့အခါကျတော့ ဘဏ်ထဲမှာ တစ်နှစ်ကို အတိုးတွေရပါတယ်။ ရတဲ့ငွေတွေထဲမှာမှ ကျွန်တော်တို့ နှစ်စဉ်ဘာတွေလုပ်လဲဆိုတော့ ပန်းချီဆရာတွေရဲ့ သားသမီးတွေ နှစ်စဉ် အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးတစ်ဘာသာပါရင် တစ်နှစ်ကို တစ်သိန်းခွဲပေးတယ်။ နှစ်စဉ်လည်း ပန်းချီဆရာရဲ့ သားသမီးတွေ ရကြတယ်။ ပြီးရင် ပန်းချီဆရာရဲ့ မိဘကွယ်လွန်သွားသည်ဖြစ်စေ၊ နာမကျန်းဖြစ်သည်ဖြစ်စေ၊ ကျွန်တော်တို့က ငါးသောင်း ထောက်ပံ့တယ်။ နောက် ပန်းချီဆရာရဲ့ သားသမီးလည်း ကွယ်လွန်သွားသည်ဖြစ်စေ၊ နေမကောင်းသည်ဖြစ်စေ ငါးသောင်း ထောက်ပံ့တယ်။

**မေး။ ။ ဖောင်ဒေးရှင်းရဲ့ ရည်ရွယ်ချက်က အဲဒီလိုပဲ သွားချင်တာလားရှင့်။**

ဖြေ။ ။ ဟုတ်ပါတယ်။ အဓိကကတော့ ပန်းချီဆရာကြီး ဦးသုခက ကျွန်တော်တို့ ပန်းချီဆရာ အသိုက်အဝန်းကဆိုတော့ ပန်းချီဆရာတွေကို အဓိကထားပါတယ်။ ဒါပေမယ့် အခုလို နိုင်ငံနဲ့အဝန်း လိုအပ်ချက်တွေဖြစ်လာရင် ကျွန်တော်တို့က ပန်းချီဆရာကြီး ဦးသုခ ဖောင်ဒေးရှင်းကနေ တစ်တပ်တစ်အား ပါဝင်တယ်။ မနှစ်ကဆိုရင်လည်း ကျွန်တော်တို့ ရေကြီးတဲ့အခါမှာ ပန်းချီဆရာကြီး ဦးသုခဖောင်ဒေးရှင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှာ သွားရောက်ပြီးတော့ လှူဒါန်းကြပါတယ်။ ဒီနှစ်လည်း အခုလိုမျိုး ရေရှားတဲ့အချိန်ဆိုတော့ ကျွန်တော်တို့ ဖောင်ဒေးရှင်းက တစ်တပ်တစ်အား သွားပြီးလှူဒါန်းကြမှာပါ။

**မေး။ ။ အဲဒီလို သွားလှူဒါန်းတဲ့အခါမှာရော သောက်ရေသုံးရေ သွားပြီးလှူဒါန်းတာလား၊ ဒါမှမဟုတ်ရင် စက်ရေတွင်းတူးမှာလား။ ဘယ်လိုမျိုးပါလဲ။**

ဖြေ။ ။ အခုကျွန်တော်တို့ ရည်ရွယ်ထားတာကတော့ စက်ရေတွင်းတူးပြီး လှူမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ စက်ရေတွင်း လှူလိုက်တယ်ဆိုရင် တစ်ရွာလုံးလည်း သုံးလို့ရတယ်။ အမြဲတမ်းလည်း သုံးလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေသွားလှူတာက ခဏလေးဖြစ်တဲ့အတွက် စက်ရေတွင်းတူးဖို့အထိ ကျွန်တော်တို့ စီစဉ်ထားပါတယ်။

**မေး။ ။ ရေရှားပါးတဲ့ ဒေသတွေဆိုရင် ဆရာတို့ ဘယ်ဘက်ကို သွားမှာပါလဲဆရာ။**



ပြခန်းအတွင်းပြသထားသည့် ပန်းချီကားများ

ဖြေ။ ။ အဲဒါကိုလည်း ကျွန်တော်တို့က ဘာစီစဉ်ထားလဲဆိုတော့ အဓိကက လိုအပ်တဲ့နေရာတွေပါ။ ဝေးတဲ့နေရာဖြစ်လည်း ကိစ္စမရှိဘူး။ အဲဒီရွာက ဘယ်သူမှမသွားရသေးတဲ့ရွာ ဖြစ်ရင်လည်း ကျွန်တော်တို့က ပိုကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်ခက်ခဲတာကိုး။ အဲဒီလိုမျိုး ဘယ်လောက်ပဲဝေးဝေး ကျွန်တော်တို့က သွားမှာ။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့က ဒီပြပွဲရက်ထဲမှာ ဘယ်ကိုသွားမလဲဆိုတာကို အချက်အလက်တွေ စုနေတယ်။ စုပြီးတာနဲ့ ကျွန်တော်တို့ ပန်းချီဆရာ တွေကနေ အချက်အလက်တွေ ထွက်လာမယ်။ ဘယ်မြို့ ဘယ်နယ် တစ်ယောက်နဲ့တစ်ယောက် သတင်းတွေရလာပြီဆိုတာနဲ့ ကျွန်တော်တို့ အဲဒီကနေ ဘယ်ဟာက ဖြစ်နိုင်ခြေ အရှိဆုံးလဲ၊ ဘယ်ဟာက ပိုခက်ခဲလဲ။ အဲဒီနေရာကိုလည်း ဘယ်သူမှ မသွားသေးဘူးဆိုရင် အဲဒီနေရာကို ကျွန်တော်တို့က ဦးစားပေးသွားကြမှာပါ။

**မေး။ ။ ဒီနေ့ပြတဲ့ ပန်းချီကားတွေကရော ပန်းချီဆရာတွေ ဘယ်နှယောက်လောက်ပါပါသလဲ။**

ဖြေ။ ။ ပန်းချီဆရာ ၁၈ ယောက်ပါ။ တစ်ယောက်ကို သုံးကားနှုန်းနဲ့ပါ။

**မေး။ ။ အဲဒါကျတော့ EC တွေ ဖွဲ့ထားတာလား၊ Member ဝင်တွေရောပါလား။**

ဖြေ။ ။ EC တွေချည်းပါပဲ။ အလုပ်အမှုဆောင်အဖွဲ့တွေ ချည်းပါပဲ။

**မေး။ ။ ဒီနေ့ရောင်းရတဲ့ ကားဆိုရင်ရော ရောင်းရတဲ့ Percentage အပေါ်မှာ လှူဒါန်းသွားမှာလား သိပါရစေ။**

ဖြေ။ ။ ကျွန်တော်တို့ စပြီး အစည်းအဝေးလုပ်ကတည်းက ဒီကိစ္စကို အပြတ်လှူမလား၊ ဘယ်လိုပုံစံနဲ့ လှူမလဲဆိုပြီး ကျွန်တော်တို့ စည်းဝေးဆုံးဖြတ်လိုက်တယ်။ တော်တော်များများက ၅၀ ရာခိုင်နှုန်း လှူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရတယ်။ အဲဒီတော့ ရောင်းရတဲ့ငွေရဲ့ ၅၀ ရာခိုင်နှုန်း သွားလှူမှာပါ။ ရန်ပုံငွေပွဲတွေ တော်တော်များများ အပြတ်လှူကြတာလည်းများတယ်။ လှူကြတဲ့အခါ ဘယ်လိုဖြစ်မလဲဆိုတော့ ကျွန်တော့်အထင် ပန်းချီဆရာတွေက အပြတ်လှူကြတဲ့အခါကျတော့ ကိုယ့်မှာရှိတဲ့ကား၊ နောက်ပြီးတော့ ကားကောင်းကောင်းတွေ သိပ်မလှူဘူးလေ။ တစ်သိန်း၊ တစ်သိန်းခွဲတန်လေးတွေဆိုတော့ အဲဒီမှာ တင်ရတဲ့သူလည်း အရည်အသွေးကောင်းကောင်း မရဘူး။ ကျွန်တော်တို့က ရတဲ့သူလည်း အရည်အသွေးကောင်းကောင်း ရစေချင်တယ်။ အဲဒါကြောင့် မို့လို့ အပြတ်မလှူဘူး။ ၅၀ ရာခိုင်နှုန်းလှူမယ်။ အဲဒီတော့ ဒီပြပွဲမှာရှိတဲ့ ပန်းချီကားတွေကိုလည်း ပန်းချီဆရာတွေကိုအသစ်ရေးခိုင်းတယ်။ ကျွန်တော်တို့က ရှိပြီးသားအဟောင်းနဲ့ပြတာကို မလိုချင်ဘူး။ နောက်ပြီး ကျွန်တော်တို့က ဘာဖြစ်ချင်တာလဲဆိုတော့ အခုနေ ရေရှားပါးတယ်ဆိုပြီးတော့ ပုဂံဘုရားကြီးကို ရေးပြီးလှူတာ။ ရွှေတိဂုံဘုရားကြီး ပုံပန်းချီရေးကို လှူတာထက်စာရင်ရေနဲ့ ပတ်သက်တဲ့ကားလေးတွေကိုရေးကြပါဆိုပြီးတော့ ပြောလိုက်တဲ့အတွက် တော်တော်များများက ရေနဲ့ပတ်သက်တာလေးတွေ ရေးကြတယ်။

**မေး။ ။ ဘယ်နှလလောက်က စီစဉ်တာပါလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်လလောက်ကပါ။

**မေး။ ။ ဒီနေ့ရောင်းတဲ့ ပန်းချီကားတွေရဲ့ ၅၀ ရာခိုင်နှုန်းဆိုတော့ ဆရာ့ Personal အနေနဲ့ ဆရာရောင်းတဲ့ ပန်းချီကားကို ဘယ်လောက်ရာခိုင်နှုန်း လှူသွားဖို့ စိတ်ကူးရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်က ငွေကျပ် ၃၅ သိန်းနဲ့ တစ်ကား ရောင်းထားပါတယ်။ ၁၇ သိန်း လှူထားပါတယ်။

**မေး။ ။ အခုအချိန်က ရေတွေလည်း ရှားပါးလာတယ်။ နောက် အယ်နီညိုကျရောက်လို့ အပူချိန်ကလည်း ပြင်းထန်လာတယ်။ ဒီနှစ်မှာ ခံစားရတယ်။ သဘာဝပတ်ဝန်းကျင်တွေလည်း ပျက်စီးလာတယ်။ အဲဒါတွေကို လူတွေကလုပ်လို့ဆိုတာ ပြောစရာမလိုပါဘူး။ အဲဒီတော့ ကျွန်မတို့ ဒါတွေကို ဘယ်လို ထိန်းသိမ်းသင့်တယ်၊ ဆင်ခြင်သင့်တယ်ဆိုတာ ဆရာ့အနေနဲ့ပြောပြပေးပါဦး။**

ဖြေ။ ။ အဲဒါက ကျွန်တော်တို့ သစ်ပင်သစ်တောတွေကို ကာကွယ်ရမှာဖြစ်တယ်။ သစ်ပင်တွေမရှိတဲ့ နေရာတွေမှာ သစ်ပင်တွေစိုက်ရမယ်။ အခု ခုတ်နေတဲ့သစ်တောတွေကို လက်လွှတ်စပယ် မခုတ်ဖို့ပါ၊ ဖြစ်နိုင်ရင်လုံးဝမခုတ်ဖို့ပေါ့။ မဖြစ်နိုင်လို့ ခုတ်ရမယ်ဆိုရင်လည်း တကယ်သတ်မှတ်ထားတဲ့ သက်တမ်းမီတဲ့ အပင်တွေကိုပဲ ခုတ်ဖို့ပါ။ ဒါမှသာ နောက်စိုက်မယ့်အပင်တွေနဲ့ အလျင်မီမှာပါ။ အဲဒီတော့ တချို့ဘာမှမရှိသေးတဲ့ နေရာတွေရှိတယ်လေ။ အခု တချို့တွေဆိုရင် သစ်ပင်တွေစိုက်ကြတယ်။ အဲဒီလို လုပ်မယ်ဆိုရင်တော့ ရာသီဥတုတွေက ပြန်မှန်လာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရာသီဥတုဆိုတာက သဘာဝနဲ့ သစ်ပင်တောတောင်တွေနဲ့ သူ့ဘာသာသူထိန်းသိမ်းပြီး ကာကွယ်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့က ဖြစ်နိုင်ရင် လူတိုင်းတော်တော်များများ သစ်ပင်တွေကို ကာကွယ်ကြပါတယ်။ ပြန်လည်စိုက်ပျိုးကြပါ။

**မေး။ ။ အခုဆိုရင် ခုတ်တဲ့အရေအတွက်၊ စိုက်တဲ့အရေအတွက်နဲ့က ဘယ်လိုမှကို မကာမိဘူး ဖြစ်နေတယ်။ အဲဒီတော့ ဆရာအနေနဲ့ သစ်ပင်စိုက်ပါဆိုတာကို ကျွန်မတို့လည်း သိပါတယ်။ ဒါပေမယ့် ကိုယ်ကလည်း အလုပ်တစ်ပိုင်းနဲ့ မစိုက်နိုင်တာမျိုးရှိတယ်။ အဲဒီတော့ ဆရာ့အနေနဲ့ ဘယ်လိုအကြံလေးများ ပေးချင်ပါသလဲ။**

ဖြေ။ ။ ဖြစ်နိုင်ရင်တော့ ကိုယ့်ခြံဝင်းထဲမှာ တတ်နိုင်သလောက် အပင်လေးတွေ တစ်နိုင်စိုက်ကြပါ။ စိုက်တယ်ဆိုရင်လည်း ခုနကလိုမျိုး အလဟဿ မဖြစ်အောင် သီးပင်စားပင်စိုက်တယ်ဆိုရင် အရိပ်လည်း ရတယ်။ အသီးအနှံလည်း စားရတယ်။ ခုနကလို တကူးတက စိုက်စရာလည်း မလိုတော့ဘူး။

**မေး။ ။ မြို့ပေါ်မှာနေတဲ့ ကလေးတွေကျတော့ သစ်ပင်ခုတ်လိုက်တာတွေကို သိပ်မြင်ဖူးမှာ မဟုတ်ဘူး။ ဆရာတို့အနေနဲ့ နယ်ဒေသတွေသွားတဲ့အခါ သစ်ပင်တောတောင်တွေ စိမ်းစိုနေတဲ့အခါကျရင် အေးချမ်းမှုခံစားရတယ်။ သစ်ပင်တွေမရှိတော့ဘူးဆိုရင် ပူအိုက်တဲ့ဒဏ်တွေကို ဆရာတို့ နယ်တွေသွားတဲ့ အခါကျရင် ခံစားရမှာလေ။ ပြောင်းလဲလာတဲ့ခံစားချက်လေးပြောပေးပါဦး။**

ဖြေ။ ။ မနှစ်ကဆိုရင် ပန်းတနော်ဘက်ကိုသွားတယ်။ သွားတဲ့အခါကျရင် တချို့နယ်တွေမှာကျတော့ အပင်တွေရှိသေးတယ်။ အပင်ရှိတဲ့အတွက် တော်သေးတာပေါ့။ ရာသီဥတုကပူပေမယ့် အရိပ်လေးတွေရှိတယ်။ တချို့ကတော့ လုံးဝမရှိဘူး။ ကွင်းလယ်တွေဆိုရင် ပိုပူတော့ အပူဒဏ်ကို ပိုခံစားရပါတယ်။ နောက်တစ်ခု တချို့နယ်တွေမှာက သစ်ပင်တွေ၊ တောတောင်တွေရှိတဲ့အတွက် သစ်ပင်တွေကနေ အောက်ဆီဂျင်တွေထုတ်လုပ်ပေးတယ်။ ထုတ်လုပ်ပေးတဲ့အတွက် လေကလည်း သန့်ရှင်းတယ်။ ကျွန်တော်တို့မြို့ပြမှာကျတော့ သစ်ပင်မရှိလို့ ကားတွေကထွက်တဲ့ ကာဗွန်ဒိုက်အောက်ဆိုက်တွေ လူတွေက ရှူကြရတယ်။ လေကမကောင်းတဲ့အတွက် ရောဂါရတာ။ ဒါပေမယ့် မြို့ပြတွေမှာကျတော့ ဆေးရုံ၊ ဆေးခန်းတွေကောင်းတဲ့အတွက် သူ့ဘာသာသူပြန်ပြီး Cover ဖြစ်တာပေါ့။ ဆေးရုံ၊ ဆေးခန်းတွေရှိနေတဲ့အတွက် တော်သေးတယ်။ နယ်တွေကျတော့ ဆေးရုံ၊ ဆေးခန်းမရှိဘူး။

*စာမျက်နှာ ၇ သို့*

# သိပ္ပံနှင့်နည်းပညာလက်တွေ့စမ်းသပ်မှုနှင့် နိုဘယ်ဆုရှင်တို့၏အတွေ့အကြုံများလေ့လာခွင့်ရရှိခဲ့သည့် ထူးချွန်သူတို့၏အသံများ

**ရန်ကုန် မေ ၁၅**

ဂျပန်နိုင်ငံကအိမ်ရှင် အဖြစ်ကျင်းပသည့် Sakura Science High School Program 2016 သို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် မေ ၁၄ ရက် ည ၁၀ နာရီခွဲတွင် ကိုရီးယား လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ အုပ်ထိန်းသူများက လာရောက်ကြိုဆိုခဲ့ကြသည်။

Sakura Science High School Program 2016 ကို မြန်မာ၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ မလေးရှားနိုင်ငံတို့မှ အုပ်ချုပ်သူနှင့် ကျောင်းသားကျောင်းသူ ၁၄၂ ဦးတို့အပါအဝင် အိမ်ရှင်ဂျပန်နိုင်ငံမှ ကျောင်းသားကျောင်းသူများ ပါဝင်ပြီး မေ ၇ ရက်မှ စတင်၍ ခုနစ်ရက် ကြာကျင်းပရာ မြန်မာနိုင်ငံမှ အုပ်ချုပ်သူ ဆရာ ဆရာမ ခြောက်ဦးနှင့် ကျောင်းသား ကျောင်းသူ ၃၀ တို့ ပါဝင်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါအစီအစဉ်တွင် ပါဝင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာ



ဆရာ ဦးညီညီစိုး

အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများကို ယမန်နှစ်အတွင်းက Sakura Science High School Program စာမေးပွဲကို ဖြေဆိုစေခဲ့ပြီး ယင်းတို့အနက် ထူးချွန်ကျောင်းသားကျောင်းသူများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် စုစုပေါင်း ၃၀ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် အိမ်ရှင်ဂျပန်နိုင်ငံ အပါအဝင် မြန်မာ၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ မလေးရှားနိုင်ငံတို့မှ ကျောင်းသား ကျောင်းသူအချင်းချင်း နည်းပညာ၊ ယဉ်ကျေးမှုနှင့် အတွေ့အကြုံများကို ဖလှယ်ခြင်း၊ ဂျပန်နိုင်ငံမှ ထင်ရှားသည့် တက္ကသိုလ်များသို့ သွားရောက်လေ့လာ၍ သိပ္ပံနှင့်နည်းပညာများကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခြင်းနှင့် ကမ္ဘာကျော်နိုဘယ်ဆုရှင်တို့၏ အတွေ့ အကြုံများနှင့် လေ့လာတွေ့ရှိချက်များကို သင်ယူဆည်းပူးခွင့်ရရှိခဲ့သည့် အပေါ် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား ကျောင်းသူများ၏ အတွေ့အကြုံနှင့် ဝမ်းသာပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဆရာ ဦးညီညီစိုး**
**(အထက - ပလန၊ မြစ်ကြီးနားမြို့)**

ဆရာ ဆရာမတွေနဲ့ ကျောင်းသားတွေကို စာမေးပွဲဖြေဆိုစေပြီး ထူးချွန်တဲ့သူတွေကို ပြန်လည်ရွေးချယ်ခဲ့တာပါ။ လူရည်ချွန်တွေ ပါဝင်သလို ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေလည်း ပါဝင်ပါတယ်။ နဝမတန်းတွေပါဝင်သလို တက္ကသိုလ်ဝင်တန်းဖြေထားတဲ့ ကလေးတွေလည်းပါတယ်။ Sakura Science High School Program လုပ်တာ သုံးကြိမ်ရှိပြီလို့ သိရပါတယ်။ မြန်မာက အခုမှ ပထမအကြိမ် ပါဝင်လာတာပါ။ အာရှနိုင်ငံတွေနဲ့ အာဆီယံနိုင်ငံတွေထဲက ရွေးခေါ်တာလို့သိရပါတယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့



မောင်ညီညီဇော်



မဖူးပွင့်ခိုင်



မမေမြတ်မိုး

အထင်ကရ တက္ကသိုလ်တွေမှာ သိပ္ပံ၊ နည်းပညာတွေနဲ့ ပတ်သက်ပြီး လေ့လာရေးလုပ်ရတယ်။ ပြီးတော့ နိုဘယ်ဆုရှင်တွေရဲ့ ဟောပြောချက်တွေကို နားထောင်ရတယ်။ လက်တွေ့လုပ်ဆောင်ချက်တွေ လုပ်ခဲ့ရပါတယ်။ ဂျပန်နိုင်ငံက အဆင့်မီ သိပ္ပံနဲ့နည်းပညာတွေကို လေ့လာခွင့်ရခဲ့တယ်။ ကလေးတွေကတော့ သူတို့ဝါသနာပါတဲ့ ပညာရပ်တွေကို လေ့လာခွင့်ရတဲ့အတွက် ပျော်နေကြတယ်။ အဲဒီလိုတက္ကသိုလ်မှာ တက်ချင်တဲ့စိတ်တွေ ပေါ်နေကြတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကျောင်းသားကျောင်းသူတွေကို ဒီလိုအစီအစဉ်မျိုး များများလုပ်ပေးဖို့လိုတယ်။ အတွေ့အကြုံအသစ်တွေက သူတို့လေးတွေ ကြိုးစားချင်စိတ် ပိုဖြစ်လာစေမယ်။ နိုင်ငံတကာရဲ့ ပညာရေးတွေကိုလည်း သိရှိခွင့်ရပြီး ပညာရေးပိုင်းမှာ ပိုပြီး အမြင်ကျယ်လာစေမှာပါ။

**မောင်ညီညီဇော်**
**(အထက-၃ ဒဂုံမြို့နယ်)**

အထက - ၃ ဒဂုံ ကျောင်းကနေ Sakura Science High School Program ကို ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်ခဲ့လို့ အခုလိုသွားရောက်ခဲ့ရတာပါ။ အတွေ့အကြုံတွေလည်း အများကြီးရသလို တကယ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ အထူးသဖြင့် သိပ္ပံနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေပိုရခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံ အပါအဝင် လေးနိုင်ငံဆိုတော့ နိုင်ငံတကာ ကျောင်းသားတွေနဲ့ ဆက်ဆံရတဲ့အခါမှာ ဘာသာစကားက အဓိက အရေးကြီးပါတယ်။ သူတို့နဲ့ သိပ္ပံဆိုင်ရာတွေ ဆွေးနွေးဖြစ်တယ်။ နိုဘယ်ဆုရတဲ့ ပညာရှင်တွေကလည်း အသိပညာတွေပေးပါတယ်။ ဥပမာဆိုရင် သင်္ချာ ပါမောက္ခကြီးက သင်္ချာနဲ့ဆိုင်တဲ့အကြောင်းတွေကို ပြောပြတယ်။ ကျွန်တော့်အနေနဲ့ ပထမဆုံးအကြိမ် ပြည်ပနိုင်ငံကို သွားရောက်ပြီး ပညာရပ်ဆိုင်ရာတွေကို လေ့လာရတာဖြစ်လို့ တကယ့်ကို စိတ်လှုပ်ရှားမှုဖြစ်မိပါတယ်။ ဟိုဘက်နိုင်ငံတွေမှာ သိပ္ပံနဲ့နည်းပညာတွေ တော်တော်တိုးတက်နေတဲ့အတွက် ကိုယ့်နိုင်ငံကိုလည်း ဒီလိုတိုးတက်အောင် လုပ်မယ်လို့ စိတ်အားတက်မိတယ်။ ဒီခရီးစဉ်ရဲ့ အတွေ့အကြုံကိုယူပြီး သူငယ်ချင်းတွေကိုလည်း ကြိုးစားချင်စိတ်ဖြစ်အောင်ပြောပြမယ်။ ကိုယ်တိုင်လည်း အောင်မြင်မှုရအောင် ဆက်လက်လျှောက်လှမ်းသွားမှာပါ။

**မဖူးပွင့်ခိုင် (အထက-၁ စစ်တွေမြို့)**

အဓိကအနေနဲ့ သိပ္ပံနဲ့နည်းပညာပိုင်းတွေကို သွားရောက်လေ့လာခဲ့ရတာပါ။ လက်တွေ့စမ်းသပ်မှုတွေအပြင် စက်ရုံကြီးတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ နိုဘယ်ဆုရတဲ့သူတွေရဲ့အတွေ့အကြုံတွေကို သင်ကြားခွင့်ရရှိခဲ့တယ်။ နိုင်ငံတကာနဲ့ယှဉ်ရင် သမီးတို့နိုင်ငံက သိပ္ပံနဲ့နည်းပညာပိုင်းမှာ တော်တော်နောက်ကျနေပါတယ်။ ဓာတ်ခွဲခန်းနဲ့ပစ္စည်းတွေလည်း လိုအပ်နေပါတယ်။ သူတို့ဆီမှာက အားလုံးပြည့်စုံနေတော့ သင်ရတာအဆင်ပြေတယ်။ လက်တွေ့ပိုင်းကို ဦးစားပေးပြီး သင်ရတယ်လို့မြင်ပါတယ်။ ပြည်ပနိုင်ငံက ကျောင်းသား ကျောင်းသူတွေနဲ့ နည်းပညာပိုင်းတွေအပြင် ယဉ်ကျေးမှု အသိပညာတွေကိုလည်း ဖလှယ်ခွင့်ရရှိခဲ့ပါတယ်။ ဒါဟာ သမီးဘဝအတွက် ပိုပြီးကြိုးစားချင်စိတ်ကို ဖြစ်ပေါ်စေပါတယ်။ ဒီလိုခရီးစဉ်တွေ များများလုပ်ပေးစေချင်ပါတယ်။ ဒါမှလည်း နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ ကျောင်းသားကျောင်းသူတွေ များများ ထွက်ပေါ်လာမယ်လို့ယုံကြည်ပါတယ်။ သမီးတို့နိုင်ငံအနေနဲ့က ပညာရေးပိုင်းမှာ အများကြီး ကြိုးစားရဦးမယ်ဆိုတာကို သိလာပါတယ်။

**မမေမြတ်မိုး(အထက-၃ မြစ်ကြီးနားမြို့)**

သမီးအနေနဲ့ ပြည်ပခရီးစဉ်ကို ပထမဆုံးအကြိမ် သွားရောက်ရတာဆိုတော့ ရင်ခုန်ခဲ့မိတယ်။ ဟိုရောက်တော့လည်း နိုင်ငံတကာ ကျောင်းသားကျောင်းသူတွေနဲ့အတူ နာမည်ကြီးတက္ကသိုလ်တွေကို သွားရောက်လေ့လာခွင့်ရတဲ့အပြင် သိပ္ပံ၊ နည်းပညာနဲ့ ပတ်သက်တာတွေကို လက်တွေ့ လုပ်ဆောင်ခွင့်ရရှိခဲ့တဲ့အတွက် အတွေ့အကြုံတွေအများကြီးရပါတယ်။ နိုင်ငံတကာက ကျောင်းသားတွေနဲ့ နည်းပညာ ဖလှယ်ခွင့်တွေရရှိခဲ့သလို နည်းပညာအသစ်တွေကိုလည်း သိရှိခဲ့ပါတယ်။ သူတို့နိုင်ငံမှာ အလွန်ကိုစည်းကမ်းရှိတယ်။ ပညာရေးပိုင်းမှာဆိုရင်လည်း ပြည့်စုံနေတာကိုတွေ့ခဲ့ရတယ်။အားကျအတုယူစရာတွေကောင်းပါတယ်။ ဒီခရီးစဉ်ဟာ သမီးလျှောက်လှမ်းရမယ့် ဘဝအတွက် အများကြီးထောက်ပံ့မှုပေးလိမ့်မယ်လို့ယုံကြည်တယ်။ ပညာရေးပိုင်းကို ဒီထက်ပိုပြီး ကြိုးစားသွားမယ်။ သမီးတို့နိုင်ငံရဲ့ ပညာရေးပိုင်းကိုလည်း အဲဒီနိုင်ငံတွေလိုဖြစ်အောင် လုပ်သွားချင်ပါတယ်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဇေဇော်**



ဂျပန်နိုင်ငံ Sakura Science High School Program 2016 သို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံမှ ထူးချွန်ကျောင်းသား ကျောင်းသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်

---

*စာမျက်နှာ ၆ မှ*

ဒါပေမယ့် သစ်ပင်တွေရှိတယ်။ အောက်ဆီဂျင်ရတဲ့အတွက် ရောဂါသိပ်မရှိဘူး။ သူ့တို့အတွက်က သူတို့ဘာသာသူတို့ မျှနေတာပေ့ါ။ သစ်ပင်တွေမရှိရင်တော့ ပိုဆိုးတာပေ့ါ။

**မေး ။ ။ အဓိက ရာသီဥတုဖောက်ပြန်တာပါ ဆရာ။ အခုလိုအချိန် မိုးရွာရမယ့်အချိန်မှာ မိုးကမရွာနိုင်ဘူး။ နောက်ပိုင်းကြုံတွေ့နေရင်တာက မုန်တိုင်းတွေခဏခဏ ဖြစ်နေတယ်ဆရာ။**

ဖြေ ။ ။ မုန်တိုင်းတွေဆိုရင် ကျွန်တော်တို့ဆီမှာ တောင်တန်းကြီးတွေလည်း ရှိတာပဲ။ တောင်တန်းကြီးတွေ၊ တောင်တွေ၊ သစ်ပင်တွေ မရှိတဲ့အခါကျရင် လေတွေက ကျွန်တော်တို့ဆီကို တိုက်ရိုက်ရောက်လာပါတယ်။ သဘာဝက သူ့ဘာသာသူ ကာရန်ထားတာ။ ဖြစ်တယ်ဆိုရင်တောင် အကာအရံရှိတော့ တော်သေးတယ်။

**မေး ။ ။ ရေရှားပါးမှုနဲ့ပတ်သက်ပြီး အခုဆိုရင် ဒီနှစ်မှာ အဝီစိတွင်းတွေမှာ ရေတွေတော်တော်များများ မရကြတော့ဘူး။ ပြန်တူးရ၊ ပိုက်တွေဆင်ရ၊ ဖော်ရတာမျိုးတွေ တော်တော်များများ ကြုံတွေ့ရတယ်။ ရေတွေခန်းခြောက်သွားလို့ တူးနိုင်လောက်တဲ့ အခြေအနေကနေ ခန်းခြောက်သွားမယ်ဆိုရင် ကျွန်မတို့ လူသားတွေအတွက် အသက်ဆက်ဖို့ ခက်သွားပါလိမ့်မယ်။ ရေအသက်တစ်မနက်ဆိုတဲ့အတွက် ရေဟာလူသားတွေအတွက် ဘယ်လောက်အကျိုးပြုတယ်၊ ဒီအရာတွေကို ထိန်းသိမ်းဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြောစေချင်ပါတယ်။**

ဖြေ ။ ။ အဲဒါကတော့ လူတိုင်းလည်းသိနေတယ်။ အဓိကက ကိုယ်ကိုယ်တိုင်ကြုံတွေ့လာမှ ရေရဲ့တန်ဖိုးကိုသိကြတယ်။ ကျွန်တော်တို့ မြို့ပေါ်မှာနေတယ်။ ပိုက်ကရေလာနေတယ်၊ အခက်အခဲသိပ်မရှိဘူး။ တချို့နယ်တွေမှာကျတော့အရမ်းခက်ပါတယ်။ ဂျိုးဖြူပိုက်လည်းမရှိဘူး။ နောက် ရေကန်တွေကလည်း ခန်းခြောက်၊ တူးဖို့အတွက်လည်း ပေကမမီ၊ နောက် မတတ်နိုင်ကြ။ အဲဒီအခါကျမှလူတွေက နဖူးတွေ၊ ဒူးတွေခံ့စားကြရတာ။ ရေရဲ့တန်ဖိုးတွေကို အဲဒီဒေသမှာရှိတဲ့သူတွေက ပိုသိကြပါတယ်။ သူတို့ကို ကျွန်တော်တို့ စာနာဖို့ ပိုအရေးကြီးတယ်။

**မေး ။ ။ သစ်ပင်တွေကို မခုတ်ကြပါနဲ့ဆိုပေမယ့် တချို့သူတွေက ထင်းတွေလိုအပ်တယ်။ အဲဒီတော့ သူတို့ကခုတ်မှာပဲ။ အသိပညာနည်းနေတာ လည်းပါတယ်။ အဲဒါ ဘာများပြောစရာရှိပါသလဲ ဆရာ။**

ဖြေ ။ ။ အဲဒီလို အသိပညာပေးတာထက် သူတို့ရဲ့ စားဝတ်နေရေးပြေလည်ဖို့ ဘယ်လိုနည်းနဲ့ လုပ်ပေးမလဲ။ တချို့နယ်တွေမှာက စားဝတ်နေရေး အဆင်မပြေတဲ့အခါကျတော့ လောင်စာကို လွယ်ကူသက်သာတဲ့ ထင်းတွေကို တွေ့ရာခုတ်ကြတယ်။ သူတို့ဆီမှာ ဂက်စ်ရနေမယ်၊ လျှပ်စစ်ရနေမယ်ဆိုရင် ဒီထင်းတွေကို သုံးစရာ မလိုဘူး ဒါကရှင်းရှင်းလေးပဲ။ တော၊ နယ်တွေကိုလည်း မပေးနိုင်ဘူး။ မပေးနိုင်ရင်သူတို့ စားဖို့သောက်ဖို့အတွက် ဂက်စ်လည်းမရှိဘူး။ မီးလည်းမရှိဘူး။ အဲဒီတော့ သူတို့က ဒီထင်းပဲသုံးရမှာပဲ။ အဲဒီတော့ ဒီထင်းကို သွားမခုတ်ပါနဲ့ပြောရင် ပြောတဲ့သူက အဲဒီနေရာမှာ မနေဖူးလို့ပါ။ သူတို့အတွက်စားဖို့က လိုအပ်နေပြီပါ။ ချက်ဖို့လိုအပ်နေပြီ။ ဒါမခုတ်ဘဲနဲ့ ဘယ်လိုလုပ်စားမလဲ။ ဒါကတော့ နယ်တွေဆိုရင် မီးဖိုသုံးဖို့အတွက် စိုက်ခင်းလေးတွေကို နိုင်ငံတော်ကလုပ်ပေးရမှာ။ မီးဖိုချောင်အတွက်၊ ထင်းအတွက်၊ စိုက်ခင်းလေးတွေ၊ ထင်းပင်လေးတွေ အဲဒီလို လေးတွေသာ လုပ်ထားပေးမယ်ဆိုရင် သူတို့က တကယ့်သစ်တောကြီးတွေ၊ လိုအပ်တဲ့ အဖိုးတန်သစ်တွေရဲ့ကိုင်းဖျားကိုင်းနားတွေ မခုတ်တော့ဘူး။ ခုနက ထင်းအတွက် သုံးထားတဲ့အပင်တွေပဲ ခုတ်မှာပေ့ါ။ နောက် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံဘက်တွေ သွားရင် သစ်ပင်တွေကို အလွန်ထိန်းသိမ်းထားတယ်။ ဟိုတစ်လောက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါ်ဒေဝီသန့်စင်နဲ့ အင်တာဗျူးလုပ်ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်မှာ အရင်တုန်းကဆိုရင် ၇၀ ရာခိုင်နှုန်းလောက် သစ်ပင်တွေလွှမ်းခြုံထားတယ်။ အခုဆိုရင် ၃၀ ရာခိုင်နှုန်းလောက်ပဲရှိတော့တယ်ဆိုတော့ စိုးရိမ်သွားတယ်။ ဒီ ၃၀ ရာခိုင်နှုန်းက ခုတ်ရင်ကုန်သွားမှာ ပါဆရာ။ အဲဒါက လွန်ခဲ့တဲ့ငါးနှစ်၊ ခြောက်နှစ်လောက်က ပန်ဝါဘက်ကို သွားတယ်။ ကချင်ပြည်နယ်ကို outdoor သွားကြတယ်။ အဲဒီကနေ ပန်ဝါရောက်သွားတယ်။ ရောက်သွားတဲ့အခါကျတော့ ပန်ဝါရဲ့ ဟိုဘက်ကတရုတ်၊ ဒီဘက်ကမြန်မာ။ တရုတ်ဘက်မှာ သစ်ပင်တွေနဲ့ စိမ်းစိုပြီးတော့မခုတ်ဘူး။ ဒီဘက်မှာကျတော့ ခုတ်တယ်။ ခုတ်တဲ့သူက ဘယ်သူလဲဆိုတော့ တရုတ်ဘက်က လာတဲ့သူတွေ။ သူတို့ကိုယ် သူတို့ကာကွယ်တယ်။ ကိုယ့်နိုင်ငံမှာ လာခုတ်တယ်။ အဲဒါတွေက ကျွန်တော်တို့ လွန်ခဲ့တဲ့ လေးငါးနှစ်ကသွားတာ။ ကားတွေက ငါးမိနစ်တစ်စီး ထွက်နေတာ။ သစ်အလုံးလိုက် တင်ထားတဲ့ကားတွေပါ တောက်လျှောက်မြင်နေရတယ်။ အဲဒါတွေကလည်း ခုနကလိုမျိုး ဂြိုဟ်တုပေါ်က ကြည့်မယ်ဆိုရင် ကချင်ပြည်နယ်မှာ ဘယ်လောက်ပြောင်နေပြီလဲဆိုတာ သိသာတယ်။ ထိန်းသိမ်းတဲ့နိုင်ငံတွေရှိတယ်။ ကျွန်တော်တို့လို နိုင်ငံတွေက ပစ္စည်းတွေကို ခုတ်ပြီးတော့ သူတို့နိုင်ငံကိုကျတော့ ထိန်းသိမ်းတာပေ့ါနော်။ အဲဒီတော့ ကိုယ့်ဘက်က ထိန်းသိမ်းဖို့က ဘယ်လိုနည်းနဲ့ထိန်းသိမ်းမလဲဆိုတာကို စဉ်းစားရမယ်။

**မေး ။ ။ ဆရာပေးထားတဲ့ Water For Life ဆိုတဲ့ နာမည်လေးနဲ့ လုပ်တဲ့ပွဲကနေ စာဖတ်ပရိသတ်တွေကို ဘာများပြောချင်ပါသေးလဲ။**

ဖြေ ။ ။ အဲဒါကတော့ ရေအတွက် အခုလို အခက်အခဲဖြစ်နေတဲ့ နေရာတွေကို လူတွေက တစ်နိုင်တစ်ပိုင်၊ တတ်နိုင်တဲ့ဘက်က ကူညီကြပါ။ တကယ် ရှားပါးခက်ခဲတဲ့သူတွေကို ကိုယ့်ရဲ့ချွေးနဲ့စာနဲ့ဖြစ်ဖြစ် တတ်နိုင်သလောက် နည်းတွေအမျိုးမျိုးနဲ့ ကူညီကြပါလို့ပြောချင်ပါတယ်။

# ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာရှိ မြေယာများကိစ္စရှင်းလင်း



**ကျောက်မဲ မေ ၁၅**

ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စုအတွင်းရှိ အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ပြန်လည်စွန့်လွှတ်ခဲ့သော ကွင်းအမှတ်(၄၀/၄၁/၄၃) မြေရိယာဧက ၃၀၀ နှင့်ပတ်သက်၍ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ မြေယာဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုအခြေအနေများကို တောင်သူများ သိရှိနားလည်စေရန်ရည်ရွယ်ပြီး မြေယာရှင်းလင်းပွဲအခမ်းအနားကို မေ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခိုမုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများ၊ မြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ သတင်းထောက်များ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ပြန်လည်စွန့်လွှတ်မြေ ဧက ၃၀၀ အနက် အထောက်အထားခိုင်လုံစွာတင်ပြနိုင်သည့် တောင်သူ ၅၉ ဦးအား ဇန်နဝါရီ ၁၄ ရက်တွင်လည်းကောင်း၊ တောင်သူ ၂၁ ဦးအား ဧပြီ ၂၀ ရက်တွင်လည်းကောင်း၊ ယာယီစိုက်ပျိုးခွင့်ပုံစံ(၃)များကို အခမ်းအနားနှင့် ထုတ်ပေးခဲ့ပါကြောင်း၊ အထောက်အထားမခိုင်လုံသည့် မြေရိယာ ၄၂ ဒသမ ၃၃ ဧကကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ နိုင်ငံတော်စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ်ထားရှိပါကြောင်း၊ ယင်းသို့ပြန်လည်စွန့်လွှတ်သည့် မြေယာများနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ခဲ့ရာတွင် သက်ဆိုင်ရာကျေးရွာအုပ်စုမှ တောင်သူများကို အသေးစိတ်ချပြရှင်းလင်းပေးပြီးဖြစ်ပါကြောင်း၊ မရှင်းလင်းသည်များရှိပါက ယခုအခမ်းအနားတွင် မေးမြန်းနိုင်ပါကြောင်း၊ မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာရှိစေလိုသည့်အတွက် ယခုလို တောင်သူများအား ခေါ်ယူရှင်းလင်းဆွေးနွေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခိုမုန်းကျေးရွာအုပ်စုအတွင်းရှိ ခိုမုန်းကျေးရွာ၊ ကောင်းအက်ကျေးရွာ၊ တောင်နောက်ကျေးရွာများမှ တောင်သူများနှင့် တက်ရောက်လာသော ပြည်သူများက စွန့်လွှတ်မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မရှင်းလင်းသည်များ၊ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် မြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးစိုင်းဝင်းမင်းကိုတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ နိုင်ငံတော်စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေရိယာ ၄၂ ဒသမ ၃၃ ဧကနှင့်ပတ်သက်၍ ယာယီစိုက်ပျိုးခွင့်ပုံစံ(၃)ရှိရေး မည်သူမဆို ထပ်မံလျှောက်ထားနိုင်ကြောင်းနှင့် လျှောက်ထားလာမှုများအပေါ် မြေယာစီမံခန့်ခွဲပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

# ရဲလုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်နေမှုများ ရှင်းလင်းဆွေးနွေး

**တောင်ကြီး မေ ၁၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မေ ၁၄ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုကို ရှေးရှုကာ ရဲလုပ်ငန်း ဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူလူထုနှင့် ပိုမိုထိတွေ့ဆက်ဆံမှုရှိစေရေးအတွက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ၊ ရဲလုပ်ငန်းစနစ်များ အကောင်အထည်ဖော်ဆောင်ရွက်အောင်မြင်အောင် ကြိုးပမ်းသွားနိုင်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေးတို့အား ရဲတပ်ဖွဲ့ဝင်တစ်ဦး ချင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လက်တွဲပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးကွယ်ကွယ်က ဖြည့်စွက်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ အကြံပြုဆွေးနွေးခြင်းနှင့် မေးမြန်းခြင်းတို့အပေါ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**



✻ *ရှေ့ဖုံးမှ*

"မုံရွာစက်မှုဇုန်လုပ်ငန်းစု ၁၂ စုမှာ အလုပ်ရုံ ၆၀၀ ကျော်ရှိရာကနေ တစ်စတစ်စနဲ့ လျော့လာ၊ ပိတ်လာလိုက်ကြတာ လက်ရှိမှာ ၂၇၀ လောက်ပဲ လည်ပတ်ကြပြီး ၃၃၀ ကျော်က လုံးဝပိတ်ထားတဲ့အခြေအနေပါ။ ကုန်ကြမ်းခက်လာတာကတစ်ပိုင်း ထွက်လာတဲ့ကုန်ချောကို ထုတ်တဲ့နေရာမှာ ဈေးကွက်မခိုင်မာတာက တစ်ကြောင်း တို့ကြောင့် စက်ရုံတွေအများစု ပိတ်လိုက်ကြရတာပါ။ ပိတ်ထားတဲ့ စက်ရုံတွေကို ပြည်တွင်း ပြည်ပက ဝင်လာမယ့်လုပ်ငန်းရှင်တွေကို ပြန်ငှားချင်နေတာတွေများပါတယ်။ အရင်လုပ်နေတဲ့ အလုပ်သမားအများစုကလည်း တတ်ထားတဲ့ပညာကို အသာထားပြီးရရာအလုပ် ကြုံသလိုဝင်လုပ်နေကြရတော့ စက်မှုဇုန်ရဲ့ပုံစံ အခုထက် ပိုကောင်းတဲ့ လုပ်ငန်းရှင်သစ်တွေ ဝင်လာပြီး လုပ်ငန်းတွေပြန်လည်ပတ်ရင်တော့ အလုပ်သမားတွေ နေရာမှန်ပြန်လုပ်ခွင့်ရကြမှာပါ"ဟု ဦးဝေတင့်က ပြောပြသည်။

ပိတ်ထားသော စက်ရုံ ၃၃၀ ကျော်တွင် ဝါနှင့်ချည်မျှင် စက်ရုံ အများဆုံးပိတ်ထားရပြီး ဆီစက်တွင် သံဂဟေလုပ်ငန်းများ အများဆုံး ပိတ်ထားကြရကြောင်း ယခင်က ဝါနှင့်ချည်မျှင်စက်မှာ ၁၀၀ ကျော်ရှိရာမှ လက်ရှိတွင် ၁၀ ရုံခန့်သာ လုပ်ငန်း လည်ပတ်နိုင်သော်လည်း ဈေးကွက်အခြေအနေမှာ ကောင်းမွန်မှုမရှိသောကြောင့် အရှုံးနှင့်သာ ရင်ဆိုင်ရမှုများနေကြောင်း သိရသည်။

မုံရွာစက်မှုဇုန် ပြန်လည်အသက်ဝင် ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင် ပညာရှင်များ တတ်သိသူများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားသည် များစွာအရေးပါသလို ပိတ်ထားရသော စက်ရုံများကို ပိုင်ရှင်နှင့် အငှားဆောင်ရွက်မည့် လုပ်ငန်းရှင်နှစ်ဦး နှစ်ဖက် နစ်နာမှုမရှိစေရန် ဆောင်ရွက်ချက် ကိုင်တွယ်ဖြေရှင်း လုပ်ဆောင်မှုအစွမ်းများလည်း ယခုအချိန်တွင် မုံရွာစက်မှုဇုန်လုပ်ငန်းရှင်အများစု၏ လိုအပ်ချက်၊ မျှော်လင့်ချက်များဖြစ်ကြောင်း ဦးဝေတင့်ထံမှ သိရသည်။

ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များအနေဖြင့် စက်ရုံများကို ငှားရမ်းလည်ပတ်မည်ဆိုလျှင် စက်မှုဇုန်၏ ကုန်သွင်း ကုန်ထုတ်လမ်းများအဖြစ် အသုံးပြုသော လမ်းမ လမ်းသွယ်များအားလုံးကိုကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ကတ္တရာခင်းကျင်းဆောင်ရွက်ထားပြီးဖြစ်သလို လျှပ်စစ်လိုင်းများကိုလည်းသွယ်တန်း ချိတ်ဆက်ထားပြီးဖြစ်သော်လည်း စက်မှုဇုန်၏အသက်သွေးကြောဖြစ်သည့် အချိန်ပြည့်လျှပ်စစ်မီးရရှိနိုင်မည့် အာမခံချက်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ပြည်ထောင်စုအဆင့်တို့ဖြင့် ညှိနှိုင်းဆောင်ရွက်ထားမှသာလျှင် စက်မှုဇုန်ဖွံ့ဖြိုးမှုမှာ သေချာမည်ဖြစ်ကြောင်း စက်မှုထုတ်ကုန်များ ဆန်းစစ်သည့် ပညာရှင်က အကြံပြုထားသည်။

◆ *ရှေ့ဖုံးမှ*

ထို့အပြင် အဆိုပါလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန B.O.T ယူဆောင်ရွက်နေသော ORIENTAL HIGH-WAY ကုမ္ပဏီက ယခုနှစ်မှစ၍ မန္တလေး-လားရှိုး-မူဆယ် ကားလမ်း ၂၈၃ မိုင်ကို မူလနှစ်လမ်းသွားမှ လေးလမ်းသွားကားလမ်းအဖြစ် ငါးနှစ်စီမံကိန်းဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်လျက်ရှိသည်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းရုံး-မြင်သာ) တွင် မေ ၁၃ ရက်က ရက် ၁၀၀အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲတွင် တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဝေငှပြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဦးက ယာဉ်မတော်တဆမှုများကို ပညာပေးပြောကြားခဲ့ပြီး ဦးကျော်ဆင့် (စစ်ဆေးရေးမှူး-၂)က ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့်စည်းကမ်းများ၊ ဆောင်ရန် ရှောင်ရန်အချက်များ၊ လမ်းညွှန်အမှတ်အသားများအကြောင်းကို ပညာပေးဟောပြောခဲ့သည်။ **(မြန်မာ့အလင်း)**




**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကချင်ပြည်နယ်၏ ရက် ၁၀၀ သစ္စာစီမံချက်နှင့်သက်ဆိုင်သော ရှင်းလင်းဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ ပြည်နယ်ဦးစီးမှူးရုံး၌ မေ ၁၂ ရက်ကကျင်းပရာ ပြည်နယ်ဦးစီးမှူး** (ညွှန်ကြားရေးမှူး) **ဦးဆန်းလွင်က ပြည်နယ်အတွင်းရှိ ခရိုင်မှူး၊ မြို့နယ်မှူးများအား မှာကြားစဉ်** (မြန်မာ့အလင်း)

# ရန်ကုန်တိုင်းဒေသကြီး၌ လေးလအတွင်း ယာဉ်တိုက်မှု ၉၅၃ မှုဖြစ်ပွား

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြို့သည် လူဦးရေအထူထပ်ဆုံး မော်တော်ယာဉ်သုံးစွဲမှုအများဆုံး မြို့ကြီးဖြစ်သကဲ့သို့ ယာဉ်မတော်တဆဖြစ်ပွားမှုမှာလည်း အများဆုံးဖြစ်ရာ ယခုနှစ် ပထမလေးလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်မတော်တဆမှုပေါင်း ၉၅၃ မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ကြေညာချက်ထုတ်ပြန်ထားသည်။



**ယာဉ်တိုက်မှုဖြစ်ပွားသည့် မော်တော်ယာဉ်များအား သိမ်းဆည်းထားသည်ကို တွေ့ရစဉ်**

အဆိုပါ ယာဉ်မတော်တဆမှုများသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှဧပြီလကုန်အထိ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသူ စုစုပေါင်း ၁၂၉၃ ဦးရှိကာ သေဆုံးသူ ၂၃၃ ဦးရှိခဲ့ကြောင်း မေ ၁၄ ရက်က ကြေညာချက်ထုတ်ပြန်ထားသည်။

ယင်းယာဉ်မတော်တဆမှုများတွင် မူးယစ်ရမ်းကားမောင်းနှင်မှုကြောင့် ၂၄ မှု၊ မဆင်မခြင်မောင်းနှင်မှုကြောင့် ၄၈၄ မှု၊ လမ်းစည်းကမ်းဖောက်ဖျက်မှုကြောင့် ၁၉၇ မှု၊ ယာဉ်မောင်းမကျွမ်းကျင်မှုကြောင့် ၉၁ မှု၊ ပေါ့ဆမှုကြောင့် ၅၂ မှု၊ သက်ငယ်ယာဉ်မောင်းမှုကြောင့် တစ်မှုနှင့် လမ်းသွားလမ်းလာပေါ့ဆမှုကြောင့် ၁၀၄ မှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိသည်။

ပြီးခဲ့သည့် ဧပြီလတစ်လတည်းမှာပင် ယာဉ်မတော်တဆမှုပေါင်း ၂၂ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၈၀ ရှိကာ သေဆုံးသူ ၅၈ ဦးရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ မဆင်မခြင်မောင်းနှင်မှုကြောင့်ဖြစ်ပြီး ရာခိုင်နှုန်း အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ယာဉ်မတော်တဆဖြစ်ပွားမှု အများဆုံးနိုင်ငံစာရင်းတွင် ပါဝင်ပြီး နေ့စဉ်လူခြောက်ဦးနှုန်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

**ဧရာဝတီကောင်း မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၌ မြို့တွင်းလမ်းများ သာယာလှပရန်နှင့် မြို့တွင်းရေမြောင်းများ ပိတ်ဆို့မှုမဖြစ်ပေါ်စေဘဲ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်း၍ မေ ၁၄ ရက်က စုပေါင်း၍အမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ငရုတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်မင်းဦးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် လမ်းမတော်လမ်းတစ်လျှောက်နှင့် ကမ်းနားလမ်းတစ်လျှောက်၊ ရုံးလမ်းတစ်လျှောက်၊ စိန်ပန်းလမ်းတစ်လျှောက်၊ ဓမ္မကာရုံလမ်းတစ်လျှောက် နေရာများတွင် အမှိုက်များကောက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ ဖယ်ရှားခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပြုံးမောင်မောင်(ပြန်/ဆက်)**



# ကျွဲ၊ နွား ရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးပေး

**ရန်ကုန် မေ ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း လေးဒေါင့်ကန် စိုက်ပျိုးမွေးမြူရေး အမှတ်(၁)ရပ်ကွက်မှ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကြက်လည်လိမ်ရောဂါ မျက်စဉ်းခတ်ပေးခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မေ ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်သန်းဦးဆောင်၍ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများပါဝင်သော အဖွဲ့က လေးဒေါင့်ကန် စိုက်ပျိုးမွေးမြူရေး အမှတ်(၁)ရပ်ကွက်၌ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းတို့ကို ပညာပေးဟောပြောသည်။ ထို့နောက် ကျွဲ၊ နွားများကို ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများ ထိုးပေးခဲ့ကာ ကြက်လည်လိမ်မျက်စဉ်း(I2)ဆေးများ ခတ်ပေးခဲ့သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ အခြားမြို့နယ်များအတွင်းမှ ရပ်ကွက်နှင့် ကျေးရွာများသို့လည်း မြို့နယ်အလိုက် အဖွဲ့များဖြင့် ကွင်းဆင်း၍ ကျွဲ၊ နွား ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# ရေအခက်အခဲရှိနေသော ကျေးရွာများသို့ သောက်ရေသန့်များလှူဒါန်း

**ဆားလင်းကြီး မေ ၁၅**
ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော ဆားလင်းကြီးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် မြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာကိုးရွာသို့ သောက်ရေသန့်ဘူးကြီးများကို ဆားလင်းကြီးမြို့နယ် ညောင်ပင်တိုကျောင်းတိုက် နယ်လှည့်သာသနာပြုဆရာတော် အရှင်စန္ဒာသီရိနှင့် အလှူရှင်များက မေ ၁၄ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သော စည်သူပန်းကျောင်းတိုက်၊ ချောင်းနက်ကျောင်းတိုက်၊ ဆည်ဦးတောရကျောင်းတိုက်များသို့ သောက်သုံးရေများလှူဒါန်းပြီး ဆားလင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ညောင်ပင်တိုကျေးရွာသို့ သောက်ရေသန့်ဘူးကြီး ၉၀၀၊ ညောင်ပင်တို-ပခန်းယာနှင့် ညောင်ပင်တို-ချောင်းပက်လက်ကျေးရွာများသို့ ရေသန့်ဘူးကြီး ၆၀၀၊ ပေါက်တောကျေးရွာသို့ ရေသန့်ဘူးကြီး ၂၀၀၊ ကုန်းပိုင်းကျေးရွာသို့ ရေသန့်ဘူးကြီး ၂၀၀၊ သာယာကိုင်းကျေးရွာသို့ ရေသန့်ဘူးကြီး ၂၀၀၊ ရာဇကျော်ကျေးရွာသို့ ရေသန့်ဘူးကြီး ၄၀၀၊ ဖိုလ်ဝင်တောင်ကျေးရွာသို့ ရေသန့်ဘူးကြီး ၇၅၀၊ စုစုပေါင်း ရေသန့်ဘူးကြီး ၃၂၅၀ ကို မေ ၁၄ ရက်တစ်ရက်တည်းတွင် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

နယ်လှည့်သာသနာပြုဆရာတော် အရှင်စန္ဒာသီရိနှင့် အလှူရှင်များအနေဖြင့် တန်ခူးလဆန်းပိုင်းမှစတင်၍ သောက်သုံးရေများ လှူဒါန်းလာခဲ့ရာ လှူဒါန်းမှု အကြိမ်အရေအတွက်မှာယခုဆိုလျှင် ၁၀၀ ကျော်အထိ လှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် သောက်သုံးရေ လုံလောက်မှုမရှိသော မြို့ပေါ်ရပ်ကွက်နှင့် မည်သည့်ကျေးရွာများမှမဆို အကူအညီတောင်းခံ ဆက်သွယ်လာပါက အမြန်ဆုံး လာရောက်လှူဒါန်းပေးမည်ဖြစ်ကြောင်းလည်း ဆရာတော်က မိန့်ကြားခဲ့သည်။
**ဦးငယ်(ဆားလင်းကြီး)**



# Nippon Foundation မှ လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**မြောင်းမြ မေ ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြို့ဟောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဂျပန်နိုင်ငံ Nippon Foundation မှ လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂိုမိုးမြတ်သူ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးအန်းဘရို့နှင့် အလှူရှင် ဂျပန်နိုင်ငံ Nippon Foundation နှင့် ARTIC Project မှ ဒါရိုက်တာ Mr.Nobuyuki Hirano(ဦးစေတနာ)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ် ကျောင်းဆောင်သစ်ဖြစ်ပြီး ဂျပန်နိုင်ငံ Nippon Foundation နှင့် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းမှုဖြင့် စုစုပေါင်း ကျပ်သိန်း ၇၅၀ အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့ဟောင်း အလယ်တန်းကျောင်း(ခွဲ) မှာ ကျောင်းသားကျောင်းသူပေါင်း ၄၉၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကာ ကျောင်းဆောင်နှင့် ကျောင်းသားအရေအတွက် မျှတမှုမရှိဘဲ ကျောင်းဆောင်လိုအပ်ချက်ရှိနေရာမှ ယခုအခါ နှစ်ထပ်စာသင်ဆောင်သစ် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် စိတ်လက်ချမ်းသာစွာ ပညာသင်ကြားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ဂုဏ်ပြုပွဲကျင်းပ

**ရေး မေ ၁၅**
မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော နွေရာသီအခြေခံ စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ဂုဏ်ပြုပွဲကို ရေးမြို့ အထက(၁) ကျောင်း ပညာရတနာခန်းမဆောင်၌ မေ ၁၅ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပအိုဝ်းတိုင်းရင်းသားဝန်ကြီးဒေါ်စံဝင့်ခိုင်က မွန်ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုက စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ရေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွှန့်အား ပေးအပ်ကာ ပအိုဝ်းတိုင်းရင်းသားဝန်ကြီးက စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်ခဲ့ရာတွင် ကြီးကြပ်သူများနှင့် လုပ်အားပေး တက္ကသိုလ်ကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စာသင်သားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ လုပ်အားပေး တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်သူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။
**နေမျိုးထွဋ်(ရေး)**



# သားဖွားဒီပလိုမာသင်တန်းဆင်းများအား ဦးဆောင်းအပ်နှင်းပွဲကျင်းပ

မြစ်ကြီးနား မေ ၁၅
ဘက်စုံသားဖွားဒီပလိုမာသင်တန်း အမှတ်စဉ်(၄)မှ ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများအား ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားကို မြစ်ကြီးနားမြို့ ဘက်စုံသားဖွားဒီပလိုမာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ မေ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ဘက်စုံသားဖွားဒီပလိုမာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းလွင်နှင့် သင်တန်းနည်းပြများက သင်တန်းသူ ၆၇ ဦးတို့ကို ဦးဆောင်းများ အပ်နှင်းပေးခဲ့ကြသည်။ ဆက်လက်၍ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာထွန်းမင်းခိုင်နှင့် တာဝန်ရှိသူများက အခြေခံအရည်ချင်းစစ်စာမေးပွဲတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများနှင့် ဘာသာရပ်(၂)အခြေခံသူနာပြုစုမှုနှင့် အပြုအမူသိပ္ပံ ခန္ဓာဗေဒအဟာရပညာ၊ ပိုးမွှားဗေဒ၊ ဆေးဝါးဗေဒဘာသာရပ်ဆုရရှိသူများ၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ် အတန်းတင် စာမေးပွဲ၌ ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။
**မင်းရာဇာ(မြစ်ကြီးနား)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ရန်ကုန် မေ ၁၅**
ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းရှိ မထသရုံး အစည်းအဝေးခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟော ပြောပွဲကို မေ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၏ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဟောပြောပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် ယာဉ်လိုင်းတာဝန်ခံများ၊ ယာဉ်မောင်းနှင့် ယာဉ်အကူများအား တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးဝင်းဇော်က ပညာပေးဟောပြောခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဂျီ-၇ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ ဂျပန်၌ တွေ့ဆုံ




**တိုကျို မေ ၁၅**

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများသည် ဂျပန်သို့ရောက်ရှိကာ နှစ်ရက်ကြာ အစည်းအဝေးကို ကျင်းပကြသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့် သယံဇာတအရင်းအမြစ်များ ပြန်လည်သုံးစွဲရေးဆိုင်ရာ အစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းတွေ့ဆုံမှုကို ပထမအကြိမ်အဖြစ် ပြီးခဲ့သော ခုနစ်နှစ်က ဂျပန်ပင်လယ်ပြင် ကမ်းရိုးတန်းဒေသ တိုယာမာမြို့၌ စတင်ကျင်းပခဲ့ဖြစ်သည်။ ယခုအကြိမ်သည် ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်စ်ရှီးမားဒေသ၌ မေ ၂၆ ရက်မှ ၂၇ ရက်အထိ ဂျီ-၇ အစည်းအဝေးအကြို ကျင်းပခြင်းဖြစ်သည်။

ဂျပန်ပတ်ဝန်းကျင်ရေးရာဝန်ကြီး တာမာယိုမာရူကာဝါက အစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဂျီ-၇ နိုင်ငံများအနေဖြင့် ပတ်ဝန်းကျင်ရေးရာမူဝါဒများ ပါဝင်ပူးပေါင်းချမှတ်စေလိုကြောင်း မျှော်လင့်ကြောင်း ၎င်းကပြောခဲ့သည်။ အစည်းအဝေးသည် ကမ္ဘာကြီးပူနွေးလာမှုအပေါ် ဖြေရှင်းရန်ကာလရှည် မဟာဗျူဟာများ ချမှတ်သွားရေးကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ပြီးခဲ့သော ဒီဇင်ဘာလက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံမှ ချမှတ်ရေးဆွဲထားသော ပါရီသဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးပထမနေ့၌ ဝန်ကြီးများသည် ၎င်းတို့နိုင်ငံအသီးသီးရှိ အရင်းအမြစ်များကို မည်ကဲ့သို့ ပြန်လည် အသုံးပြုမည့်အပေါ် တင်ပြဆွေးနွေးသွားကြမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်း အရင်းအမြစ်များကို ပြန်လည်ပြုပြင်အသုံးချရန် လိုအပ်နေမှုသည် တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် ပြဿနာတစ်ရပ်ဖြစ်နေသည်။

ဝန်ကြီးများသည် အစီအစဉ်၏ ပူးတွဲကြေညာချက်ကို ယနေ့ထုတ်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် စစ်ရေးလေ့ကျင့်ရမည်ဟု ဗင်နီဇွဲလားသမ္မတအမိန့်ပေး

**ကရာကတ် မေ ၁၅**

ရက်သတ္တပတ်အတွင်း ခြိမ်းခြောက်မှုများ ကြုံတွေ့လာနိုင်သည့်အတွက် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စနေနေ့က ဗင်နီဇွဲလား သမ္မတနီကိုးလပ်စ် မာဒူရိုက အမိန့်ပေးခဲ့သည်။

ကြာသပတေးနေ့က ယခင်ကိုလံဘီယာသမ္မတဟောင်း အယ်လ်ဗာရိုယူရီဘီနှင့် တွေ့ဆုံခိုက် နိုင်ငံတွင်းလက်နက်ကိုင်ဆန့်ကျင်သူများကို တန်ပြန်ရန် ဗင်နီဇွဲလား တပ်မတော်အားတိုက်တွန်းခဲ့သောကြောင့် အဆိုပါဆုံးဖြတ်ချက်ကိုချမှတ်ခဲ့ပြီး စစ်ရေးပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်သည်။

"ငါတို့နိုင်ငံ၊ ငါတို့ကလေးတွေ၊ ငြိမ်းချမ်းခွင့်တွေကာကွယ်ဖို့ စစ်ရေးလေ့ကျင့်မှုတွေ ပြင်ဆင်ရမယ်" ဟု တောင်းဆိုခဲ့ကြောင်း မာဒူရိုက ကရာကတ်၌ လူထုနှင့် တွေ့ဆုံခိုက်ပြောခဲ့သည်။

ဗင်နီဇွဲလားတပ်မတော်သည် အာဏာရှင်ဆန်သည့် အပြုအမူထက် နိုင်ငံရေး လွတ်လပ်မှုနှင့် လူ့အခွင့်အရေးကာကွယ်ရေးအတွက်သာ လက်နက်များကို အသုံးပြုသင့်ကြောင်း ယခုအခါ ကိုလံဘီယာအထက်လွှတ်တော်အမတ် ယူရီဘီက ဗင်နီဇွဲလားနိုင်ငံအခြေအနေများနှင့်ပတ်သက်၍ပြောကြားသည်။

**(ဆင်ဟွာ)**

# တက္ကဆက်ပြည်နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် လူ ရှစ်ဦးသေဆုံး

**ဟောက်စတန် မေ ၁၅**

အမေရိကန်နိုင်ငံတက္ကဆက်ပြည်နယ် ဝက်ဘ်စီရင်စုတွင် စနေနေ့က စင်းလုံးငှားယာဉ်တစ်စီးသည် လူ ၅၀ ကျော် တင်ဆောင်လာပြီးနောက် မတော်တဆတိမ်းမှောက်ခဲ့ရာ ခရီးသည် ရှစ်ဦးသေဆုံးခဲ့ပြီး ၄၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ခရီးသည် ခုနစ်ဦးမှာ အခင်းဖြစ်ပွားရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ခြင်းဖြစ်ကာ တစ်ဦးမှာ ဆေးရုံသို့ပို့ဆောင်ပြီးနောက် သေဆုံးခဲ့သည်။ အဆိုပါယာဉ်သည် လာရီဒိုအနောက်မြောက်ဘက် ၂၀၀ ကီလိုမီတာအကွာရှိ အီဂဲလ်ပတ်စ်မြို့အတွင်း၌ တိမ်းမှောက်ခဲ့ကြောင်း ဒေသတွင်း နေ့စဉ်သတင်းစာ Houston Chronicle ၌ ဖော်ပြခဲ့သည်။

အဆိုပါ ခရီးသည်တင်ယာဉ်သည် တက္ကဆက်တောင်ပိုင်းရှိ ရီယိုဂရန်ဒီတောင်ကြားမှ အီဂဲလ်ပတ်စ်မြို့တွင်းရှိ ကာစီနိုရုံသို့ ပြေးဆွဲနေစဉ် မတော်တဆတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အရေးပေါ် ပို့ဆောင်ခဲ့ပြီး ကုသမှုဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုသည် ယခုနှစ်အတွင်း တက္ကဆက်၌ ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများအနက် အသေအပျောက် အများဆုံးဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်တို့နှင့် ပူးပေါင်းရန် သံသယရှိသူငါးဦးကိုဖမ်းဆီး

**ဆစ်ဒနီ မေ ၁၅**

ဩစတြေးလျရဲများသည် ဆီးရီးယားသို့သွားရောက်၍ အိုင်အက်စ်တို့နှင့် ပူးပေါင်းရန် ကြံရွယ်နေသည်ဟု သံသယဖြစ်ဖွယ်ငါးဦးကို တရားစွဲဆိုခဲ့သည်။ ၎င်းတို့သည် အင်ဒိုနီးရှားသို့ စက်လှေငယ်ဖြင့် ဦးစွာသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်မှ ၃၁ နှစ်ကြားရှိသည့် လူငါးဦးမှာ အကြမ်းဖက်အုပ်စုများနှင့် ပူးပေါင်းရန် ရည်ရွယ်ချက်နှင့် နိုင်ငံခြားတိုင်းပြည်သို့ ဝင်ရောက်ရန် ကြိုးပမ်းမှုဖြင့် စနေနေ့၌ တရားစွဲဆိုခံရခြင်းဖြစ်သည်။




အကြမ်းဖက် အုပ်စုများနှင့် ပူးပေါင်းရန် အရှေ့အလယ်ပိုင်းသို့ သွားရောက်မည့် ၎င်းတို့၏ ရည်ရွယ်လုပ်ဆောင်မှုများကို အာဏာပိုင်များက သိရှိခဲ့ပြီးနောက် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကို သိမ်းခဲ့သည်ဟု ဩစတြေးလျရှေ့နေချုပ်ဂျော့ဘရန်ဒစ်က တနင်္ဂနွေနေ့၌ သတင်းထောက်များကို ပြောသည်။

အမည်ဖော်ထုတ်၍မရသေးသည့် လူငါးဦးမှာ ကွင်းစလန်းပြည်နယ် မြောက်ပိုင်း မဲလ်ဘုန်းမှ Cairns သို့ ဦးတည်သွားနေသည့် စက်လှေတစ်စင်းကို ဆွဲယူခဲ့ပြီးနောက် ဖမ်းဆီးခံရခြင်းဖြစ်သည်။ အင်္ဂါနေ့ကတည်းက ဖမ်းဆီးခံထားရသည့် လူများကို တနင်္လာနေ့၌ ရုံးထုတ်စစ်ဆေးမည်ဖြစ်သည်။

တိုင်းပြည်အတွင်းမှ တရားမဝင်သည့်နည်းလမ်းဖြင့် ထွက်ခွာရန် ကြိုးပမ်းပါက တားဆီးခြင်းခံရမည်ဟု ဘရန်ဒစ်က ပြောသည်။

**(ရိုက်တာ)**



# မော်စကိုသင်္ချိုင်း၌ ပြိုင်ဘက်မျိုးနွယ်စုအချင်းချင်းရန်ဖြစ်ရာ သုံးဦးသေဆုံး

**မော်စကို မေ ၁၅**

မော်စကိုမြို့၏ အကြီးမားဆုံးသင်္ချိုင်း၌ စနေနေ့က သုဘရာဇာလုပ်ငန်းကို လက်ဝါးကြီးအုပ်လိုမှုနှင့်ပတ်သက်၍ ပြိုင်ဘက်မျိုးနွယ်စုအချင်းချင်းအဓိကရုဏ်းဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ၂၄ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

မော်စကိုအနောက်တောင်ပိုင်းရှိ ခိုဗန်စကော့သင်္ချိုင်းတွင် လူပေါင်း ၂၀၀ ခန့်သည် သေနတ်နှင့် အခြားလက်နက်များကိုင်စွဲ၍ ပစ်ခတ်မှုများဖြစ်ပွားရာ ရဲများက ဖြိုခွင်းခဲ့ရပြီး လူပေါင်း ၉၀ ကျော်ကို ထိန်းသိမ်းခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောသည်။

ဖြစ်စဉ်အတွင်း လူသုံးဦးသေဆုံးခဲ့ပြီး ၂၃ ဦးကို ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း၊ လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း မော်စကိုမြို့တော်ကျန်းမာရေးဌာနက ဆိုသည်။ ရန်ဖြစ်တိုက်ခိုက်သူများသည် သံချောင်းများ၊ တူရွင်းများနှင့်ဘေ့စ်ဘောရိုက်တံများကိုင်စွဲထားသည့်ပုံများကို ဆိုရှယ်မီဒီယာများတွင် ဖော်ပြကြသည်ကို တွေ့ရသည်။

အခင်းဖြစ်ပွားရာအနီးပလက်ဖောင်းပေါ်တွင် လူငယ်တစ်ဦး၏ ရုပ်အလောင်းကို တွေ့ခဲ့ရကြောင်း မှုခင်းဆေးပညာကျွမ်းကျင်သူများက စစ်ဆေးမှုများပြုလုပ်နေကြောင်း ရိုက်တာသတင်းထောက်များက ပြောသည်။ အနီးအနားဝန်းကျင်မြေပြင်တွင် လူရွယ် ၁၀ ဦးခန့် လဲကျနေပြီး ရဲများက စောင့်ကြည့်စစ်ဆေးနေကြကြောင်း သိရသည်။

ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသ ချေချင်းညာနှင့် ဒါဂက်စ်တန်တို့မှ လူများနှင့် ယခင် ဆိုဗီယက်၊ ဥဇဘတ်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်တို့မှ ရွှေ့ပြောင်းဝင်ရောက်အလုပ်လုပ်ကိုင်သူများသည် လုပ်ငန်းကိစ္စနှင့်ပတ်သက်ပြီး ရန်ဖြစ်ကြခြင်းဖြစ်ကြောင်း နာရေးအဖွဲ့အစည်းမှ ပြောကြားချက်ကို The RIA သတင်းဌာနက ဖော်ပြထားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်မရှိသူများအပြစ်လွတ်ကင်းမည်ဖြစ်ကြောင်း မော်စကိုမြို့တော်ဝန်က ၎င်း၏တွစ်တာ စာမျက်နှာတွင် ဖော်ပြထားသည်။

**(ရိုက်တာ)**

# ကာလကြာရှည်ပြီဖြစ်သော်လည်း ပြီးဆုံးနိုင်ဖွယ်မမြင်သေးသည့် ယူကရိန်းပဋိပက္ခများ



ရုရှား၊ ပြင်သစ်၊ ယူကရိန်းနှင့် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးများ ဘာလင်မြို့၌ မေ ၁၁ ရက်က ဆွေးနွေးစဉ်

**ချူးစန္ဒီနွေး**

**ယူကရိန်းနိုင်ငံ၌ ဖြစ်ပေါ်လျက်ရှိသော ကာလရှည်ကြာ ပဋိပက္ခမှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က စတင်ခဲ့ရာ ယခုဆိုလျှင် သုံးနှစ်ရှိလာပြီဖြစ်သည်။ ယူကရိန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်းမီးယားဒေသနှင့် ပတ်သက်၍ ရုရှားထောက်ခံသည့်သူပုန်များနှင့် ယူကရိန်း အစိုးရတပ်ဖွဲ့များကြား တိုက်ပွဲများဖြစ်ပေါ်လာခဲ့ရာ တိုက်ပွဲများရပ်စဲရေး၊ အပစ်အခတ်ရပ်စဲရေး အဘက်ဘက်မှ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။**

မင့်ခ်စ်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဂျာမနီ၊ ပြင်သစ်၊ ရုရှားနှင့် ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးများသည် မေ ၁၁ ရက် ဗုဒ္ဓဟူးနေ့က (၁၂)ကြိမ်မြောက် ဆွေးနွေးခဲ့ကြသည်။ ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ တိုက်ပွဲများရုတ်တရက်ဖြစ်ပွားလာသည့်အတွက် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ခ်ဝေါ်တာစတိန်းမီယာသည် အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားခံရသည်။ ယခုပြုလုပ်သည့် ဆွေးနွေးပွဲမှာ ယခင်ကပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲထက် ပို၍အောင်မြင်မည်ဟု မျှော်လင့်ရသည်။ ရုရှားနှင့်ယူကရိန်းတို့သည် သူပုန်များထိန်းချုပ်ထားရာ နေရာ၌ စစ်မဲ့ဇုန်ထားရှိနိုင်ရေး သဘောတူညီခဲ့ကြသည်။

ရုရှားနှင့်ယူကရိန်းတို့ အငြင်းပွားနေသည့် အဓိကအချက်မှာ ပြည်သူ့သမ္မတနိုင်ငံအဖြစ် ခွဲထွက်ရေး ရွေးကောက်ပွဲများကျင်းပခြင်းကြောင့်ဖြစ်သည်။ ရွေးကောက်ပွဲအသစ်များကျင်းပခြင်းထက် အလုံးစုံအပစ်အခတ်ရပ်စဲရေးကို အရင်ဆောင်ရွက်ရမည်ဟု ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Pavlo Klimkin က ပြောသည်။ အဆိုပါအခြေအနေသည် မင့်ခ်စ်စာချုပ်၌ ပါဝင်သော သဘောတူညီချက်များကို ဝိရောဓိ/ဆန့်ကျင်ဘက်ဖြစ်စေသည်။ ယူကရိန်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် အကြိုမဲပေးမှုကို တားဆီးနှောင့်ယှက်မှုများစွာရှိနေပြီး

> **တစ်နှစ်ကျော်အတွင်းမှာပဲ ယူကရိန်းနိုင်ငံ၏ လူနေမှုအဆင့်အတန်းဟာ ထက်ဝက်နီးပါး ကျဆင်းခဲ့ပါတယ်။ ငွေကြေးတန်ဖိုးဟာလည်း သုံးပုံပုံနှစ်ပုံကျော်ကျဆင်းခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှုကတော့ ၄၃ ရာခိုင်နှုန်းထိ ရှိလာပါတယ်**

မင့်ခ်စ် သဘောတူညီမှုကို အရေးကြီးသည့် တိုင်းတာမှုများပြုလုပ်ရန် ကျန်ရှိနေသေးသည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ယူကရိန်း၌ စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေတို့မှာလည်း တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာရာ တိုက်ခိုက်မှုများ ပို၍ ဖြစ်ပေါ်လာနိုင်သည်ဟု မေ ၅ ရက် က ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ အထူးစောင့်ကြည့်ရေးကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရတပ်များ ထိန်းချုပ်ထားရာ Svitlodarsk ၌ အဖြေရှာမရသည့် ပေါက်ကွဲမှုပေါင်း ၂၁၀ ဖြစ်ပွားခဲ့ပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်မှု ၅၈၀ ခန့် ဖြစ်ပွားခဲ့သည်ဟု မေ ၄ ရက်တွင် အထူးစောင့်ကြည့်ရေးအဖွဲ့က ကြေညာသည်။ ယူကရိန်းနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် လူပေါင်း ၉၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

တိုက်ပွဲများရပ်ဆိုင်းလိုက်၊ ဆက်လက်ဖြစ်ပွားလိုက်ရှိနေစဉ် ယူကရိန်းနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ တဖြည်းဖြည်း ပို၍ဆိုးရွားလာသည်။ "တစ်နှစ်ကျော်အတွင်းမှာပဲ ယူကရိန်းနိုင်ငံ၏ လူနေမှုအဆင့်အတန်းဟာ ထက်ဝက်နီးပါး ကျဆင်းခဲ့ပါတယ်။ ငွေကြေးတန်ဖိုးဟာလည်း သုံးပုံပုံနှစ်ပုံကျော် ကျဆင်းခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှုကတော့ ၄၃ ရာခိုင်နှုန်းထိ ရှိလာပါတယ်"ဟု ပညာရှင် နီကိုလီယာ ပီထရိုက ပြောသည်။ ယခင်က ရုရှားနိုင်ငံ၏ဈေးကွက်ကို အခိုင်အမာရယူထားသော ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ စီးပွားရေးကျဆင်းမှုမှာ သိသိသာသာဖြစ်ပေါ်လျက်ရှိသည်။

စီးပွားရေးအခက်အခဲများအပြင် ကီယက်ဗ်အစိုးရ၏ဂုဏ်သတင်းကျဆင်းလာမှုသည် မငြိမ်မသက်ဖြစ်နေသည့် တိုင်းပြည်အတွင်း သွေးကွဲမှုများကို ပို၍ဖြစ်စေသည်။ ယူကရိန်းအစိုးရအပေါ် အာရုံစိုက်နေကြသည့် မီဒီယာများသည် လက်တလောတွင် ပနားမားစာတမ်း၌ သမ္မတ ပီထရိုပိုရိုချင်ကို၏ပါဝင်မှုကို စိတ်ဝင်တစား ဖော်ပြလျက်ရှိသည်။ ထို့အပြင် မကြာသေးမီကမှ နုတ်ထွက်သွားသော ဝန်ကြီးချုပ် Arseniy Yatsenyuk ကလည်း မီဒီယာများ၏ စိတ်ဝင်စားမှုတစ်ရပ်ပင်ဖြစ်သည်။ ဝေဖန်ပြောဆိုမှုများရှိလာသည့် အခြားအကြောင်းရင်းတစ်ရပ်မှာ အသစ်ခန့်အပ်ထားသည့် ယူကရိန်းပါလီမန်၏ ပြောရေးဆိုခွင့်ရှိသူသည် နာဇီလက်သစ် Svoboda ပါတီကို တည်ထောင်သူဖြစ်နေခဲ့သည်။ လတ်တလော၌ ယူကရိန်း သမ္မတ ပီထရိုပိုရိုချင်ကိုက ရုရှားတို့သည် ပဥ္စမံတပ်သားများကို ထောက်ပံ့မှုများပြုလုပ်နေသည်ဟု ထုတ်ဖော်ပြောကြားလိုက်ပြီး ကီယက်ဗ်မြို့ကောင်စီက စီးပွားရေးလုပ်ငန်းများနှင့် ကြော်ငြာများတွင် ရုရှားဘာသာအသုံးပြုမှုကို ပိတ်ပင်ရန် ရည်ရွယ်သည့် ဥပဒေကြမ်းတစ်ခုပြဋ္ဌာန်းရန် စဉ်းစားလျက်ရှိသည်။

ဥရောပနိုင်ငံများမှ ခေါင်းဆောင်များ ရင်ဆိုင်နေရသည့်ပြဿနာများမှာ ယူကရိန်းနိုင်ငံ၏ စီးပွားရေး တဖြည်းဖြည်းလဲပြိုလာခြင်း၊ စစ်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ ဒုက္ခသည် ပြဿနာများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ ကိုင်တွယ်ဖြေရှင်းမှု အားနည်း ခြင်းတို့ဖြစ်သည်။ ယူကရိန်းနိုင်ငံ၌ ဖြစ်ပေါ်နေသော ပဋိပက္ခများမှာ သုံးနှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ပဋိပက္ခများ ချုပ်ငြိမ်းရန် ခက်ခဲနေဆဲဖြစ်သည်။

**ကိုးကား-သည်နေရှင်း**

# အကြမ်းဖက်မှုများတိုက်ဖျက်ရေး ဆင်းရဲမွဲတေမှုလျှော့ချရန်နှင့် ပညာရေးထောက်ပံ့ရန် ရည်ရွယ်

**တိုကျို မေ ၁၅**

နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ခေါင်းဆောင်များသည် ယခုလနှောင်းပိုင်းတွင် ဂျပန်၌ တွေ့ဆုံမည်ဖြစ်ရာ တစ်ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆင်းရဲသည့်နိုင်ငံများကို ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ပညာရေးဆိုင်ရာ အကူအညီအထောက်အပံ့များပေးရေး ကတိကဝတ်များထားရှိရန် ရည်ရွယ်ထားသည်ဟု ဂျပန်အစိုးရနှင့် နီးစပ်သည့် သတင်းအရင်းအမြစ်တစ်ခုမှ သိရသည်။

မေ ၂၆ ရက်မှ ၂၇ ရက်ထိ ကျင်းပမည့် ထိပ်သီးအစည်းအဝေး၌ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂမှခေါင်းဆောင်များသည် အကြမ်းဖက်မှုသို့ ဦးတည်သွားမည့်အခြေအနေများကို ဖြေရှင်းနိုင်ရေး ထိရောက်သည့်လှုပ်ရှားမှုများပြုလုပ်ရန် အစီအစဉ်များ ချမှတ်သွားမည်ဖြစ်သည်။

အိုင်အက်စ်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ငန်းများ ဆက်တိုက်ဆောင်ရွက်ခြင်းကြောင့် အနောက်နိုင်ငံများ၏ စစ်ရေးအရအရေးယူဖြေရှင်းမှုများကို ဖြစ်ပေါ်စေသည်။

ယခုပြုလုပ်မည့်အစီအစဉ်မှာ သဘောထားပျော့ပျောင်းသည့် အစ္စလာမ္မစ်များကို ကူညီမှုပေးရန်လူနေမှုအဆင့်အတန်းမြင့်လာစေရေးနှင့် ရည်ရွယ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်တို့ သိမ်းယူထားသောဆေးရုံကို ဆီးရီးယားတို့ပြန်သိမ်း

**ဒမတ်စကတ် မေ ၁၅**

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းပြည်နယ် Deir al-Zour ရှိ ဆေးရုံတစ်ရုံသည် စနေနေ့က အိုင်အက်စ်တို့လက်အတွင်း ကျရောက်နေခဲ့ရာမှ ယခုအခါ ဆီးရီးယားတပ်ဖွဲ့က ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ကြောင်း စစ်ဘက်သတင်းအရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ ပြောသည်။

အာဆတ်ဆေးရုံအတွင်းရှိ အကြမ်းဖက်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးထားသော ဆရာဝန်နှင့်သူနာပြုများကို ဆီးရီးယားတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။ ဆေးရုံကို ဝင်ရောက်စီးနင်းခဲ့သည့် အကြမ်းဖက်သမားများ အားလုံးကို ဆီးရီးယားတပ်ဖွဲ့က အသေဖမ်းဆီးခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့နှင့် အိုင်အက်စ်စစ်သွေးကြွများကြား စနေနေ့ နံနက်ပိုင်းက တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများ ဆေးရုံဝင်းကို ဝင်ရောက်စီးနင်းခဲ့စဉ်က ဆီးရီးယားတပ်ဖွဲ့ဝင် ၂၆ ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။



**ဆင်ဟွာ**

# ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းတွင် ပုလဲမွေးမြူခြင်းလုပ်ငန်းဆောင်ရွက်မည်

**မြိတ် မေ ၁၅**

မြန်မာနိုင်ငံတွင် ပုလဲထုတ်လုပ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ပြည်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က မုတ်ကောင်မွေးမြူရေးနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများအား သိပ္ပံနည်းကျ သုတေသနပြုလုပ်နိုင်ရန်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းတွင် ဧရိယာစုစုပေါင်း ၈၆၄၆ ဒသမ ၄ ဧကဖြင့် မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော် ကူးယူခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (EIA)နှင့် သက်ဆိုင်သူများအား ကနဦးအဆင့် တွေ့ဆုံရှင်းလင်းပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြည်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥပဒေအကြံပေး ဦးငွေဝင်းက စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး E-Guard Environmental Services Co.,Ltd. ဒါရိုက်တာ ဦးတင်အောင်မိုးက စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများထဲမှ စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးစေလိုကြောင်းကို ဒေသခံဦးအောင်သူစိုးကလည်းကောင်း၊ သဘာဝရေသယံဇာတများ မပျက်စီးစေရေးအတွက် စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် ဧရိယာအတွင်း ဂရုတစိုက် လေ့လာပေးစေလိုကြောင်း၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန တွဲဖက်ပါမောက္ခဌာနမှူး ဒေါက်တာညိုညိုထွန်းကလည်းကောင်း အကြံပြုဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပဏာမစူးစမ်းလေ့လာမှုကာလ ၁၂ လအတွင်း စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပုလဲမွေးမြူရေးလုပ်ငန်းကို တည်ဆောက်ရေးကာလအဖြစ် သုံးနှစ်သတ်မှတ်ထားပြီး စီမံကိန်းဧရိယာအဖြစ် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းတွင် ဧရိယာစုစုပေါင်း ၈၆၄၆ ဒသမ ၄ ဧကတွင် ရင်းနှီးမြှုပ်နှံငွေကျပ်သန်းပေါင်း ၄၇၀၃ သန်း၊ စက်ပစ္စည်း ကိရိယာတန်ဖိုးငွေကျပ် ၁၇၆ ဒသမ ၄ သန်း၊ အဆောက်အအုံတန်ဖိုးငွေကျပ် ၁၀၇ ဒသမ ၅ သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးငွေကျပ် ၁၃ ဒသမ ၁ သန်းဖြင့် ပဏာမစူးစမ်းလေ့လာမှုကာလ ၁၂ လ ပြီးမြောက်ပါက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြိတ် ပြန်/ဆက် )**

# ယာဉ်တိုက်မိပြီး သတိလစ်နေသူအား ရဲတပ်ဖွဲ့က ပြည်သူ့ဆေးရုံသို့ ပို့ဆောင်

**စစ်ကိုင်း မေ ၁၅**

စစ်ကိုင်းရဲကင်းစခန်းမှ ရဲအုပ်ဇော်ထွန်းသည် မေ ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ရဲကင်းစခန်း၌ တာဝန်မှူးတာဝန်ထမ်းဆောင်စဉ် လူတစ်ဦး ယာဉ်တိုက်သည့်ဒဏ်ရာများဖြင့် လမ်းမပေါ်တွင် သတိလစ်နေကြောင်း သတင်းအရ ရဲတပ်ကြပ် ဘဆန်း၊ သက်သေ ဇီးချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ထူး၊ ဆယ်အိမ်မှူး ဦးမောင်နိုင်တို့နှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြူကံကျေးရွာအရှေ့ဘက် စစ်ကိုင်း-မုံရွာကားလမ်း မိုင်တိုင်အမှတ်( ၁၆/၁)နှင့် (၁၆/၂)အကြား လမ်းအရှေ့ဘက်၌ အမည်မသိသူတစ်ဦးအား ယာဉ်(သို့)ဆိုင်ကယ်အတိုက်ခံရပြီး သတိမေ့လဲကျနေသည်ကို တွေ့ရသဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ရှိသူများက စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံးကြီးသို့ ဆေးစာဖြင့်ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။

အသက် (၅၀နှစ်)ခန့်ရှိ စိတ်မကျန်းမာသူ အမည်မသိသူအား ဒဏ်ရာရရှိအောင် ယာဉ်ဖြင့်တိုက်ပြီး မောင်းနှင်ထွက်ပြေးသွားသော ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်အရေးယူရန်အတွက် တိုင်တန်းသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်လျက်ရှိသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ရေရှားပါးသည့်ကျေးရွာသို့ ရေများသွားရောက်လှူဒါန်း

**ကျောက်တံခါး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာအုပ်စု အောင်မြင်ကုန်း ကျေးရွာတွင် သောက်သုံးရေရှားပါးနေခြင်းကြောင့် မေ ၁၄ ရက် နံနက် ၈ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုနှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းကာ ရေရှားပါးသည့် အောင်မြင်ကုန်းကျေးရွာမှ အိမ်ထောင်စု ၁၈၀ လူဦးရေ ငါးရာကျော်အတွက် သောက်သုံးရေများအား သစ်တောဌာနပိုင် မော်တော်ယာဉ်များဖြင့် ရေဂါလန်နှစ်ထောင်ကျော် ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# လက်ပံတန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

**လက်ပံတန်း မေ ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး သာယာဝတီမှ ဦးစီးမှူး ဒေါ်ချိုချိုထူး ဦးဆောင်သည့်အဖွဲ့သည် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် မေ ၁၃ ရက်က လက်ပံတန်းမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲပြုလုပ်သည်။

ဟောပြောပွဲကို ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ပြည် မေ ၁၅**

ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်သက်လွင် ဦးဆောင်သောအဖွဲ့သည် မေ ၁၄ ရက် နံနက် ၈ နာရီက ပေါက်ခေါင်းမြို့နယ်၌ မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် လာရောက်ဆောင်ရွက်သူ ပြည်သူ ၁၁၁၅ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဖေ့စ်ဘွတ်ခ်မှဆဲဆိုရေးသားသူ အကောင့်ပိုင်ရှင်သုံးဦးကို အမှုဖွင့်ကာ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း မေ ၁၅**

စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမတစ်ဦး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ဆဲဆိုခြိမ်းခြောက်သည့် စာသားများ ရေးသားသူသုံးဦးအား သူနာပြုဆရာမက စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် စစ်ကိုင်းမြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ရာ ဖေ့စ်ဘွတ်ခ်တင်သည့် အကောင့်ပိုင်ရှင် သုံးဦးအား ဆက်သွယ်ရေးဥပဒေပုဒ်မရေးဖွင့်၍ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၁၂ရက်က စစ်ကိုင်းပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမထံ သူငယ်ချင်းဖြစ်သူက ၎င်း၏အင်တာနက်စာမျက်နှာပေါ်ရှိ “စစ်ကိုင်းမြို့ ကောင်းကြောင်း မကောင်းကြောင်းပြောမယ်” ဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်တွင် Su Sandi အကောင့်မှ သူနာပြုဆရာမ၏ Profile Picture ကိုကူးယူ၍ သူနာပြုဆရာမ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် စာသားများဖြင့် ဆဲဆိုခြိမ်းခြောက်မှုများအား လုပ်ကြံလီဆယ်ရေးသားထားကာ Post တင်ထားသည်ကို တွေ့ရသည့်အပြင် Profile တွင် တိုင်းရင်းဆေးသမားတော်စစ်ကိုင်းမှဟု ဖော်ပြပါရှိသည့် Su Su အကောင့်မှလည်း သူနာပြုဆရာမအား ဂုဏ်သိက္ခာကျဆင်းစေရန် ဆဲဆိုရေးသားထားသည်ကို တွေ့ရကြောင်း ပြောပြသည်။ ထို့ပြင် မေ ၁၃ ရက်က U Thein Aung အကောင့်မှ Su Sandi တင်ထားသည့် Post အား ဂုဏ်သိက္ခာကျဆင်းစေသည့် စာသားများထပ်မံရေးသား၍ Share ထားသည်ကို တွေ့ရသဖြင့် အင်တာနက်စာမျက်နှာတွင် ဂုဏ်သိက္ခာကျဆင်းစေမည့်စာသားများ ဆဲဆိုခြိမ်းခြောက်သည့် စာသားများရေးသား၍ Postwif ထားသူ Su Sandi; Su Su နှင့် U Thein Aung အကောင့်ပိုင်ရှင်များအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် မေ ၁၄ ရက် ညနေပိုင်းက သူနာပြုဆရာမက တရားလိုပြုလုပ်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုင်ကြားမှုအပေါ် စစ်ကိုင်းမြို့မရဲစခန်းက အမှုရေးဖွင့်ကာ အမှုစစ် ရဲအုပ်တင်မောင်အေးက အကောင့်ပိုင်ရှင်များ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကောလင်းမြို့နယ်၌ လေပြင်းတိုက်ခတ်ပြီး သစ်ပင်ပိမိ၍ လူတစ်ဦး သေဆုံး

**ကောလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မေ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် လေပြင်းများတိုက်ခတ်ပြီး မြို့နယ်သစ်တောဦးစီးဌာန ရုံးဝင်းအတွင်း စိန်ပန်းပင်လဲကျမှုကြောင့် လမ်းတွင်စက်ဘီးစီးသွားလာနေသော မြောက်အင်းရပ်ကွက်နေ ဦးလှဖေ (၇၇နှစ်)သည် နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့သည်။ ပြိုလဲကျခဲ့သော သစ်ပင် သစ်ကိုင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းရှင်းလင်းလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဖြူးမြို့တွင် လူသတ်၍ လယ်ကွင်းထဲပစ်ထားသော မှုခင်းတစ်ခုဖြစ်ပွား

**ဖြူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ သိမ်ကုန်းရပ်ကွက် ၃ လမ်းတွင် နေထိုင်သူတစ်ဦးအား ဓားနှင့်ထိုးသတ်၍ လယ်ကွင်းထဲ၌ ပစ်ထားသော မှုခင်းတစ်ခုဖြစ်ပွားခဲ့သည်။

ဖြူးမြို့ သိမ်ကုန်းရပ်ကွက် ဗထူး ၃ လမ်းတွင် နေထိုင်သူ ဒေါ်အေး (၇၃နှစ်)က ဖြူးမြို့မရဲစခန်းသို့ သတင်းပေး တိုင်ကြားခဲ့သည်မှာ ၎င်းနှင့်အတူနေ မောင်ဝမ်းကွဲတော်စပ်သူ ဦးစိုးလွင် (၆၀နှစ်)သည် မေ ၁၅ ရက် နံနက် ၂ နာရီခန့်တွင် နေအိမ်၌ အိပ်နေစဉ် အိမ်မှထွက်သွားသည်ကိုသိရှိပြီး နံနက်တွင် နေအိမ်သို့ ပြန်မရောက်သဖြင့် ရပ်ကွက်အတွင်း စုံစမ်းရှာဖွေခဲ့ရာ နံနက် ၇ နာရီခန့်တွင် ဦးစိုးလွင်မှာ အုတ်ဖြတ်လမ်းနှင့် စူဠာမဏိ ဘုရားသွားသည့်လမ်းဘေး လယ်ကွက်အတွင်း ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

ဖြူးမြို့မရဲစခန်းမှ တာဝန်မှူးနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဦးစိုးလွင်တွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

ယင်းအမှုကို ဖြူးမြို့မရဲစခန်းက အမှုဖွင့် လုစ်ထားရှိကာ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးစံလှက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ထီးချိုင့်မြို့နယ် နေပူတောင်အတက်၌ ယာဉ်တစ်စီးတိမ်းမှောက်

**ထီးချိုင့် မေ ၁၅**

ကသာခရိုင် ထီးချိုင့်မြို့နယ် နေပူတောင်အတက်တွင် မေ ၁၄ ရက် မွန်းလွဲ ၂ နာရီကယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ အလည်တောရဲကင်းမှူး ရဲအုပ်အောင်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ရဲစခန်း၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာ မြစ်ကြီးနား-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၁၁/၅) နေပူတောင်အတက်တွင် တောင်မှမြောက်သို့ ယာဉ်မောင်း အာကာစိုးမောင်းနှင်လာသည့် ယာဉ်အမှတ် ဘ/----- ဒိုင်နာအစိမ်းရောင်ယာဉ်မှာ ဂီယာထိုးစဉ် ဂီယာညပ်ပြီး ကားလျှောကျကာတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ပါလာသူ မင်းမော်ကွန်း(၁၇ နှစ်)နှင့် မင်းမင်းထိုက် (၁၆ နှစ်) တို့မှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် အရေးယူပေးရန် ရဲအုပ်အောင်လွင်က တိုင်တန်းခဲ့သည်။

ယာဉ်မောင်းနှင်သူ အာကာစိုး(၂၂ နှစ်) အား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# တာမွေမြို့နယ်၌ ဟိုတယ်အခန်းအတွင်း ဖဲလောင်းကစားပြုလုပ်သူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်းရှိ ရတနာလားရှိုးဟိုတယ်၊ အခန်းအမှတ် ၂၀၇ တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မေ ၁၂ ရက် နံနက် ၂ နာရီခွဲက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အဆိုပါ ဟိုတယ်အခန်းအတွင်း ကြည့်မြင်တိုင်မြို့နေ သန်းထိုက်အောင် (၂၈ နှစ်)ပါ ၁၅ ဦး၊ လောင်းကစားရာတွင်အသုံးပြုသည့် ကိရိယာပစ္စည်းများ၊ လောင်းကြေးငွေ စုစုပေါင်း ငွေကျပ် ၈၁၉၇၄၅၀ တို့နှင့်အတူ လောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ လောင်းကစားပြုလုပ်သူ သန်းထိုက်အောင်ပါ ၁၅ ဦးနှင့် လောင်းကစားပြုလုပ်ရာတွင် ဟိုတယ်ခန်းအားငှားရမ်းကာ အကောက်ငွေလက်ခံရယူသူ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မမြင့်မြင့်နွယ် (၄၅နှစ်)၊ လောင်းကစားပြုလုပ်ရန်လက်ခံ ခွင့်ပြုခဲ့သူ ဟိုတယ်တာဝန်ခံဖြစ်သည့် သန်လျင်မြို့နယ်နေ အောင်သူ (၃၁နှစ်) တို့အား တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကိုရဲ**

# ပြွန်တန်ဆာမြို့ ဘုန်းတော်ကြီးကျောင်းရှေ့၌ လူသေအလောင်းတွေ့ရှိ

**ညောင်လေးပင် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မ(၁)ရပ်ကွက် မင်းကျောင်းဘုန်းကြီးကျောင်းရှေ့တွင် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက လူတစ်ဦးသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့နယ်မြေရဲစခန်း၌ ဒုရဲအုပ်စိုးလှိုင် တာဝန်မှူးဆောင်ရွက်နေစဉ် ပြွန်တန်ဆာမြို့ မြို့မ(၁)ရပ်ကွက် မင်းကျောင်းဘုန်းကြီးကျောင်းရှေ့တွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ခေတ္တစခန်းမှူး ရဲအုပ်မင်းဇော်ဦးနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သန်းဇော် (၄၇ နှစ်) မြို့မ(၁)ရပ်ကွက် သခွတ်ကုန်းနေသူဖြစ်ကြောင်း သိရပြီး ၎င်းမှာ မေ ၁၄ ရက် နံနက် ၆ နာရီခန့်ကတည်းက အိမ်မှထွက်သွားပြီး အရက်အလွန်အကျွံသောက်ကာ နေ့စဉ်လျှောက်သွားနေသူဖြစ်ကြောင်း သိရသည်။

၎င်းတွင်ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ မျက်လုံးပွင့် ဝဲယာလက်ဖျားများကုတ်လျက်တွေ့ရှိ၍ ပြွန်တန်ဆာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်စစ်ဆေးပြီး ပြွန်တန်ဆာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ပင်းတယမြို့၌ ဘိန်းစိမ်းများလက်ရဖမ်းဆီးရမိ

**ပင်းတယ မေ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ရက် ၁၀၀ လုပ်ငန်းစီမံချက်များကို ဆောင်ရွက်လျက်ရှိစဉ် ဘိန်းစိမ်းသယ်ဆောင်သူများကို ဖမ်းဆီးရမိခဲ့သည်။

မေ ၁၄ ရက် နံနက် ၁ နာရီက ကျုံးကျေးရွာအုပ်စု ကျုံးကျေးရွာရှိ ကျုံးရဲစခန်းရှေ့ အောင်ပန်း-ရွာငံသွားလမ်း၌ ရဲအုပ်သီဟထွန်း ဦးစီး၍ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း မျိုးခိုင် (၄၃နှစ်) ဖယ်ခုံမြို့နေသူ မောင်းနှင်သော ယာဉ်အမှတ် BB/-------RDVAN အဖြူရောင် (လိုင်စင်စစ်ဆဲ) မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသော တရုတ်ကြီး(ခ) ရဲသွေး (၂၅နှစ်) ဖယ်ခုံမြို့နေထိုင်သူတို့ စီးနင်းလိုက်ပါလာသောယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ဖုံးထဲမှ ဘိန်းစိမ်းဟုယူဆရသော အမဲအဆီခဲတစ်လုံးလျှင် တစ်ပိဿာစီပါ အလုံး ၂၀ စုစုပေါင်း အလေးချိန် ၃၂ ဒသမ ၆၆ ကီလိုဂရမ်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမှုနှင့်စပ်လျဉ်း၍ ပင်းတယမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြိတ်မှ ကော့သောင်းသို့ ထွက်ခွာသည့် ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်

**မြိတ် မေ ၁၅**

မြိတ်မြို့မှ ကော့သောင်းမြို့သို့ ခရီးသည် ၃၃ ဦးတင်ဆောင်ပြီး ယာဉ်မောင်း ဦးကျော်ရွှေ မောင်းနှင်လာသည့် ရွှေလင်းထက်မော်တော်ယာဉ်သည် မေ ၁၄ ရက် ည ၈ နာရီက မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာ လမ်းဆုံအလွန် သစ်ညီနောင်ဘုန်းတော်ကြီးကျောင်းအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ယာဉ်တိမ်းမှောက်ရာတွင် ခရီးသည် ၃၃ ဦးအနက် ၁၇ ဦးသည် ဒဏ်ရာရရှိခဲ့ကြရာ မီးသတ်ဦးစီးဌာနနှင့် ပရဟိတအသင်းအဖွဲ့များမှ လူနာတင်ယာဉ်များဖြင့် မြိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြရာ ပြင်ပလူနာဌာနတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းငါးဦးမှာ ဆေးကုသမှုခံယူခဲ့ကြပြီး အတွင်းလူနာအဖြစ် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၂ ဦးသည် ဆေးရုံတက်ဆေးကုသမှုခံယူလျက်ရှိသည်။ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသူများထဲတွင် သံဃာတော်နှစ်ပါးပါဝင်ပြီး ဦးဇော်ဇော်နိုင်နှင့် ဒေါ်ဝါဝါခိုင်တို့မှာ စိုးရိမ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်မောင်းအား မြိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**


## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ ဝဲဒေါင့်အုပ်စု၊ ဥယျာဉ်စုကျေးရွာနေ စစိုးမင်းအောင်၏ ဖခင်အမည်မှန်မှာ မန်းမောင်ညွန့် ၁၄/ပတန(နိုင်)၀၈၂၇၅၈ ဖြစ်ပါသည်။

**မန်းမောင်ညွန့်**

## အမှားပြင်ဆင်ချက်

၉-၅-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ကြော်ငြာ) ၂၄ တွင် ဖော်ပြပါရှိသောအမှားသိစေရန် ကြော်ငြာတွင် သားသမီးများဖြစ်သောဟု နေရာတွင် ဦးတင်မောင်လှိုင် အမည်ကျန်ခဲ့ပါသဖြင့် ထပ်မံဖြည့်စွက်ပေးပါရန် ပြင်ဆင်အပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာအမှတ် ၁၃၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒုဗိုလ်မှူးကြီးအောင်မြင့် ၉/မထလ(နိုင်)၀၇၉၁၇၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးအောင်မြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၁၃၃(၃-၇-၂၀၁၄)ဖြင့် ရရှိသူ ဦးတင်ထွန်းအောင် ၁၂/အလန(နိုင်)၀၁၈၉၀၇ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၃၇၆ (၁၂-၁-၁၆)နှင့် မြေရာဇဝင်မှတ်ချက်ပါ (၂၀၀၈) အရောင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(၂၇၉၁) (၁၆-၂-၂၀၁၆)တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး အခြေခံပညာကျောင်းများအတွက် ပရိဘောဂများပြုလုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် လေးယောက်တွဲစာရေးခုံ(နိမ့်/မြင့်)များ ပြုလုပ်ခြင်းလုပ်ငန်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လေးယောက်တွဲစာရေးခုံ (နိမ့်) (၁၆၇၇) စုံ

(ခ) လေးယောက်တွဲစာရေးခုံ (မြင့်) (၁၀၄၈) စုံ

၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)

**စတင်ရောင်းချမည့်ရက်/အချိန်** နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအထိ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၅-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီအထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပညာရေးမှူးရုံး**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၅၅၁၊ ၂၃၉၆၀၊ ၂၃၉၆၁၊ ၂၃၉၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/2972 Mitsubishi Canter, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပစိုး ၇/ဒဥန(နိုင်)၁၂၀၂၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမက(၄၆)ကျောင်း စတုတ္ထတန်းမှ မောင်သူရဟိန်းဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်(ခ)ဦးမင်းမင်းထက် ၁၂/ဥကမ(နိုင်)၁၆၉၂၅၅ဖြစ်ပါကြောင်း။

**ဦးမင်းဇော် (ခ) ဦးမင်းမင်းထက်**

## (N.G.E.S) အင်္ဂလိပ်စာ သင်တန်း
## ပုံမှန် (Regular) တန်းခွဲများ

- အင်္ဂလိပ်စကားပြော၊ သဒ္ဒါနှင့်အရေးအဖတ်(၄နှစ်မှ၁၅နှစ်) (၁၆နှစ်မှအထက်)
(English For Speaking, Listening, Reading & Grammar)+
(Essay, Letter & Story Writing)
- Foundation Course For IELTS
- Starters, Movers & Flyers, KET, PET & FCE - Cambridge ESOL (UK) မှ အောင်လက်မှတ်များရရှိရန်စီစဉ်ပေးခြင်း

(5%) OFF

Junction Mawtin
09-5079896, 5005219, 09 799676100

## ကန့်ကွက်နိုင်ပါသည်

လှိုင်သာယာမြို့နယ်၊ ဝန်ထမ်းကြီးများအိမ်ရာ၊ မြေတိုင်းရပ်ကွက် ၂၈၊ ရွှေလင်ပန်း မြေကွက်အမှတ်(၁၇၆)၊ နေကြာလမ်း ပေ၆၀×၈၀မြေကွက်ကို မူလအမည်ပေါက် (မြေချပါမစ်) ဦးလှဌေး ၉/မရန(နိုင်)၀၂၈၁၈၆ ထံမှ ဝယ်ယူထားသော ဦးကြည်အေး ၁၄/ပသန(နိုင်)၁၄၈၅၁၂၊ ဂုံညှင်းတန်းကျေးရွာ၊ ငပုတောမြို့နယ်နေထိုင်သူမှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ် အပြီးသတ်စာချုပ် ချုပ်ဆိုကြမည် ဖြစ်ပါသည်။

**ဦးခင်မောင်လေး LL.B**
**ဥပဒေအကျိုးဆောင်**
**စဥ်-၁၁၅၆၅/၈၅**
**ဖုန်း-၀၉-၂၅၃၃၈၉၇၈၇၊ ၀၉-၇၉၆၄၉၀၇၃၇**
**၆၅၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောလမ်းခင်းကျောက်များနှင့် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃၁-၅-၂၀၁၆ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၆-၂၀၁၆ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ** - ၂-၆-၂၀၁၆ရက်၊ မွန်းလွဲ ၂း၀၀နာရီ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၃၁-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန (၁၁)ရပ်ကွက်၊ ၅ လမ်း၊ ဖျာပုံမြို့၊ ဖုန်း-၀၄၅-၄၀၄၂၅

## မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ဓဝနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133



# ရန်ကုန်-ပဲခူး-ထောက်ကြန့် အလွတ်တန်းစက်ဘီးပြိုင်

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၁၅**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်-ပဲခူး-ထောက်ကြန့်ဖိတ်ခေါ်အလွတ်တန်း တာဝေးစက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် MSP.CT ရုံးရှေ့၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ပြိုင်ပွဲကို ပုံမှန်လစဉ်ကျင်းပတာပါ။ မတ်လက ဘားအံမှာ ပြိုင်ပွဲကျင်းပခဲ့ပြီး အခုရန်ကုန်မှာ ဒုတိယအကြိမ် တာဝေးပြိုင်ပွဲကျင်းပတာက မျိုးဆက်သစ်ကစားသမားတွေပေါ်ထွက်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ခရီးရှည်ပြိုင်ပွဲလည်း ကျင်းပဖို့ရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာ လူထုစက်ဘီးပြိုင်ပွဲကို ဇွန်လမှာ ကျင်းပဖို့လည်း ရှိပါတယ်။ ပြည်သူတွေကျန်းမာကြံ့ခိုင်ဖို့နဲ့ မျိုးဆက်သစ်လူငယ်တွေ၊ စက်ဘီးဝါသနာရှင်တွေစီးနင်းဖို့ ဖိတ်ခေါ်ပါတယ်"ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။

အဆိုပါ စက်ဘီးပြိုင်ပွဲတွင် အလွတ်တန်း ၂၃ ဦး၊ အပျော်တမ်း ၁၀၃ ဦး၊ အသက် ၅၀ အထက် ၃၅ ဦးတို့က ကီလို ၁၀၀ ပါဝင်ယှဉ်ပြိုင်ကြပြီး အလွတ်တမ်း ပထမ ကျော်ထွန်းဦး၊ ဒုတိယ Mr.Ban၊ တတိယ မင်းမင်းဟန်၊ အပျော်တမ်း ပထမ ကောင်းထက်သာ၊ ဒုတိယ အောင်ဖြိုးပိုင်၊ တတိယ မြင့်မောင်ဟန်၊ အသက် ၅၀ အထက်ပြိုင်ပွဲတွင် ပထမ ဦးသောင်းစိန်၊ ဒုတိယ ဦးလွန်းသိန်း၊ တတိယ မောင်မောင်သာတို့ရရှိကြကာ ဆုများကို မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ "ကျွန်တော် GTM ကလပ်အသင်းကပါ။ ပြိုင်ပွဲက ကလပ်ပေါင်းစုံအလွတ်တန်း ကစားသမားတွေနဲ့ ပြိုင်ရတာဆိုတော့ အတွေ့အကြုံရှိခဲ့ပါတယ်။ ကီလို ၁၀၀ ယှဉ်ပြိုင်ခဲ့ရပြီး နှစ်နာရီခွဲလောက်ပြိုင်ခဲ့ရပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေထက်၊ ပြည်ပပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်ချင်ပါတယ်"ဟု အလွတ်တန်း ပထမဆုရ ကျော်ထွန်းဦးက ပြောပြသည်။

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ ရောဝတီဘဏ်မှ အဓိကကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို နေပြည်တော်ရွှေ့ရိုင်ရယ်မြန်မာဂေါက်ကလပ်၌ မေ ၁၉ ရက်မှ ၂၂ ရက် အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီး အမျိုးသားပြိုင်ပွဲ (H'cap 0-12) များသာယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်သူများသည် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ဖုန်း ၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၁၀၀၂၂၅၉၊ ၀၉-၄၂၀၀၁၇၈၄၁ တို့ထံသို့ စာရင်းပေးသွင်းနိုင်သည်။ ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများ မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် Free Practice Round ကစားနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက မေ ၁၇ ရက် မွန်းလွဲ ၂ နာရီမတိုင်မီ အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြောင်းကြောင့် ပြိုင်ပွဲမဝင်နိုင်ပါက နောက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# မြန်မာ့ရုပ်မြင်သံကြား

**၁၆ -၅ -၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း ၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း ၃၅ - " ပြည်သူ့အတွက် ပထမရက် (၁၀၀)" (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)
၁၀း ၃၅ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၅)
၁၃း ၅၀ - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း"ရေဒီယိုအငြိမ့်" မင်းသမီး ခိုင်မာလွင်၊ လူရွှင်တော် ပေါ်ဦး၊ လှိုင်ဘွား၊ ဝမ်းတူး၊ ဂျယ်လီ

**ညပိုင်း**

၁၆း ၁၅ - အဝေးသင်တက္ကသိုလ်ပညာပေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၂၀း ၀၀ - ပြည်တွင်းသတင်း ၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း ၃၅ - " ပြည်သူ့အတွက် ပထမရက် (၁၀၀)" (ဆောက်လုပ်ရေးဝန်ကြီးဌာန)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း - ၂၁)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

■ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် ဆွမ်ဆီးနှင့် မန်စီးတီးပါ အနိုင်ဂိုး ထပ်မံ မသွင်းနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့် ဗီလာတို့ပွဲတွင် အာဆင်နယ်က လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အာဆင်နယ်တိုက်စစ်မှူး ဂျီရုဒ်က ပွဲစ ပြီး ငါးမိနစ်တွင် သွင်းယူပေးကာ(**ယာပုံ**) ဒုတိယပိုင်း ၇၉ မိနစ်နှင့် မိနစ် ၈၀ တို့တွင် ဂျီရုဒ်ကပင် နှစ်ဂိုးဆက်တိုက်သွင်းယူပေးသည်။ မိနစ် ၉၀ တွင် ဗီလာမှ မက်ဘန်းက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သည်။

နယူးကာဆယ်နှင့်စပါးပွဲတွင် နယူးကာဆယ်က ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ်များအပြီး ချန်ပီယံ လက်စတာက ၈၁ မှတ်၊ အာဆင်နယ် ၇၁ မှတ်ဖြင့် ဒုတိယ၊ စပါးက အမှတ် ၇၀ ဖြင့် တတိယ၊ မန်စီးတီးက ၆၆ မှတ်ဖြင့် စတုတ္ထရရှိသည်။ မန်ယူနှင့်ဘုန်းမောက်ပွဲမှာ မန်ယူကွင်းအတွင်း မသင်္ကာဖွယ် ဗုံးဟုယူဆရသည့် အထုပ်တွေ့ရှိမှုကြောင့် ပွဲရွှေ့ဆိုင်းခဲ့ရသည်။ မန်ယူသည် ပွဲစဉ် (၃၇) အပြီး ၆၃ မှတ် ရရှိထားပြီး ဆောက်သမ်တန်မှာလည်း ပွဲကုန် ၆၃ မှတ် ရရှိထားသည်။ ဝက်စ်ဟမ်းမှာ ၆၂ မှတ်ဖြင့် အဆင့် ၇၊ လီဗာပူးက ရမှတ် ၆၀ ဖြင့် အဆင့် ၈၊ စတုတ်က ၅၁ မှတ်ဖြင့် အဆင့် ၉၊ ချယ်လ်ဆီးမှာ ရမှတ် ၅၀ ဖြင့် အဆင့် ၁၀ ရရှိသည်။ နယူးကာဆယ်၊ နော့ဝှစ်နှင့် ဗီလာတို့ တန်းဆင်းသွားပြီး ပရီမီယာရှစ်မှ ဘန်လေနှင့် မစ်ဒယ်ဘရော့တို့ တန်းတက်ခွင့်ရရှိထားသည်။




## အခြားပွဲရလဒ် အနိုင်/အရှုံး

| | | |
|---|---|---|
| ချယ်လ်ဆီး | ၁ - ၁ | လက်စတာ |
| အဲဗာတန် | ၃ - ၀ | နော့ဝှစ် |
| ဆောက်သမ်တန် | ၄ - ၁ | ပဲလေ့စ် |
| စတုတ် | ၂ - ၁ | ဝက်စ်ဟမ်း |
| ဝစ်ဖို့စ် | ၂ - ၂ | ဆန်းဒါးလန်း |
| ဝက်စ်ဘရွန်း | ၁ - ၁ | လီဗာပူး |

**သီဟ-ရေးသည်**

A5 သောက်ရေသန့်၏ ငါးနှစ်ပြည့်မွေးနေ့မင်္ဂလာ

A5 သောက်ရေသန့်အား ငါးနှစ်ပြည့်မြောက်သည်အထိ အောင်မြင်အောင် ကိုယ့်အားကိုယ်ကိုးစိတ်ဖြင့် ရိုးသားစွာကြိုးစားခဲ့ကြသော သားကြီး ကိုအာကာအောင်-မအေးမြတ်သူ၊ သားလတ် ကိုအေးချမ်းအောင်-မဖြူသီဟန်၊ သားငယ်လေး ကိုစွမ်းပြည့်အောင်-မမွန်မြတ်သန့်စင်အောင်တို့၏ ကြိုးစားအားထုတ်မှုကို အစဉ်ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် A5 သောက်ရေသန့်ဆက်လက်၍ ယခုထက် ပိုမိုပြီးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

**ဖေဖေနှင့်မေမေ**

**အမည်ပြောင်း**

ဦးရန်နိုင်ထွန်း၏ သား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် ပညာမြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း သတ္တမတန်းမှ မောင်မြတ်မင်းသန့်အား မောင်မင်းသုတဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသုတ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/2091 Toyota RAV4 ACA 21 S/W (4x4)ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ညွှန့် ၁၂/ဒပန(နိုင်)၀၄၁၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၆၇၂၅၁ Yamaha F2 150 M/Cယာဉ်လက်ဝယ်ရှိသူ ဦးအောင်နေစိုး ၉/ခအဇ(နိုင်)၀၀၀၁၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၁၅၅၊ ဦးဝင်းကျော်ထူး အမည်ပေါက် နှစ် ၆၀ ဂရန်မြေ ပေ(၄၀×၆၀)အား လက်ရှိပိုင်ဆိုင်သူ ဦးကျော်မင်းသန်း ၅/မရန(နိုင်)၀၀၉၅၀၀ထံမှ ဦးစိုးသွင်ထွန်း ၁၂/ရကန(နိုင်)၀၀၃၀၂၅ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်သူရှိပါက အထောက်အထားနှင့်အတူ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးစိုးသွင်ထွန်း ၁၂/ရကန(နိုင်)၀၀၃၀၂၅**
**အမှတ် ၅၉/၆၁(D)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

ဦးပြည့်အောင်
ထွက်ပြီ
မျက်စိပြဿနာ အဖြေရှာ
(Primary Eye Care)
ဖြန့်ချိရေး - ၇၇၇၇ စာပေ၊ ဖုန်း- ၀၉-၇၇၇၇၁၃၃၁၇

**မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းဗဟိုအလုပ်အမှုဆောင်**

**ရွေးချယ်တင်မြောက်ပွဲဖိတ်ကြားလွှာ**

မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များ ရှင်သန်တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (၅.၇.၂၀၁၅) ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြောက်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဆီစက်လုပ်ငန်းရှင်များ အားလုံး မပျက်မကွက် (မပျက်မကွက်) တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့် နေ့ရက် | - | (၂၁.၅.၂၀၁၆)ရက်နေ့မှ (၂၂.၅.၂၀၁၆) ရက်နေ့အထိ |
| ကျင်းပမည့် အချိန် | - | (၂၁.၅.၂၀၁၆)ရက်နေ့ (အကြိုညှိနှိုင်းအစည်းအဝေး) ( နေ့လည် - ၁၂နာရီမှ ညနေ - ၃နာရီ) (၂၂.၅.၂၀၁၆)ရက်နေ့(ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲ) ( နံနက် - ၉နာရီမှ နေ့လည် - ၁၂နာရီ) |
| ကျင်းပမည့် နေရာ | - | စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။ |


မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း
ဖြစ်မြောက်ရေးကော်မတီ

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9J/1247 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/6932 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မွမ်းမံရန်ပုံငွေဖြင့်ရက် ၁၀၀ အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်

ထိုသို့ ဆောင်ရွက်ရာတွင် ကျွဲတဲကျေးရွာ 3HPရေမြှုပ်ပန့် လဲလှယ်တပ်ဆင်ခြင်း၊ နွားလည်ဘိုကျေးရွာ 3HPရေမြှုပ်ပန့်လဲလှယ်ခြင်းနှင့် ပေ ၄၀၀ စက်ရေတွင်းတူးခြင်း၊ ကန်ဇွန်းအင်းကျေးရွာ 2HP ရေမြှုပ်ပန့်လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ကျွဲတဲကျေးရွာအား ရေမြှုပ်ပန့်လဲလှယ်တပ်ဆင်ပေးခဲ့ပြီး နွားလည်ဘိုကျေးရွာတွင် ပန့်ဆယ်၍ စက်ရေတွင်းတူးခြင်းနှင့် ကန်ဇွန်းအင်းကျေးရွာတွင် ပန့်ဆယ်ပြီး ကွန်ကရစ်ခွေလေးခွေချနိုင်၍ လုပ်ငန်းပြီးစီးမှု ၃၀ ရာခိုင်နှုန်းပြီးစီးကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးပါက ပြောသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း စာကြည့်တိုက် ခြောက်တိုက် ကသာခရိုင်၌ အပြီးဆောင်ရွက်မည်

**မုံရွာ မေ ၁၅**

မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းအနေဖြင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် စံနမူနာမီ စာကြည့်တိုက်သုံးတိုက်နှင့် ကသာခရိုင်တွင် သုံးတိုက်ကို ရက်ပေါင်း ၁၀၀ အတွင်း ပြီးစီးအောင်နှင့် စာအုပ်စာပေပြည့်စုံစွာဖြင့် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြိုင်ထံမှ သိရသည်။

"တိုင်းဒေသကြီးမှာ ကျေးရွာပေါင်း ၆၀၀၅ ရွာရှိတဲ့အနက် ကျေးလက်စာကြည့်တိုက်ပေါင်း ၅၉၉၂ တိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပေမယ့် စာကြည့်တိုက် စံ ငါးရပ်နဲ့ညီတဲ့ စာကြည့်တိုက် ၁၁၁၅ တိုက်ကို ရှင်သန်လည်ပတ်နိုင်အောင် စိစစ်ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ သက်တမ်းငါးနှစ်က တိုင်းဒေသကြီး လွှတ်တော် ရန်ပုံငွေကျပ်သိန်း ငွေကျပ် ၁၀၀၀ ထဲက စာကြည့်တိုက်အင်အား အလွန်နည်းနေတဲ့ မင်းကင်းမြို့နယ်ထဲရှိ စာကြည့်တိုက် ၂၀ကိုတစ်တိုက်သိန်း၂၀နှုန်းနဲ့ ထောက်ပံ့အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ဧပြီ ၂၁ ရက်ကစပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း အစီအစဉ်နဲ့ မုံရွာခရိုင်နဲ့ ကသာခရိုင် အတွင်း သုံးတိုက်စီ စုစုပေါင်း ခြောက်တိုက်ကို စံ ငါးရပ်ပြည့် တည်ဆောက်နေပါတယ်"ဟု ၎င်းက ပြောပြသည်။

တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဧပြီလက ကနီ၊ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်များတွင်လည်းကောင်း၊ မေလတွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲ၊ မုံရွာခရိုင် အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ ချောင်းဦးမြို့နယ်များတွင် လည်းကောင်း၊ ဇွန်လတွင် ကသာခရိုင် ကောလင်းမြို့နယ်နှင့် ထီးချိုင့်မြို့နယ်များတွင် လည်းကောင်း၊ ဇူလိုင်လတွင် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်၊ ခင်ဦးမြို့နယ်များတွင်လည်းကောင်း နိုင်ငံတော်မတည်ငွေဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်သည့်ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်းဟောပြောလျက်ရှိကြောင်း သိရသည်။

ထို့အပြင် သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း ကျေးရွာအရောက် ကွင်းဆင်းဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန ပထမ ရက် ၁၀၀ စီမံချက်လုပ်ငန်းဆွေးနွေး

**မြိတ် မေ ၁၅**

အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားဦးစီးဌာနမှ မြိတ်ခရိုင်အတွင်းရှိ ဦးစီးဌာနဝန်ထမ်းများအား ပထမ ရက် ၁၀၀ သစ္စာစီမံချက်အနေဖြင့် နေရာအတည်တကျမရှိသည့် ပြောင်းရွှေ့နေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးမည့် လုပ်ငန်းများကို မေ ၁၂ ရက် နံနက်က အ.မ.က(မြစ်ငယ်) ကျောင်း၌ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါရက် ၁၀၀ သစ္စာစီမံချက်တွင် သာမန်ပြောင်းရွှေ့နေထိုင်သူများနှင့် ယာယီပြောင်းရွှေ့နေထိုင်သူများအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆွေမြင့်က မြိတ်ခရိုင်အတွင်းရှိ ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပထမ ရက် ၁၀၀ စီမံကိန်းဆွေးနွေး

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ငါးလုပ်ငန်းဦးစီးဌာန ဌာနသုံးခု ပူးပေါင်း၍ အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် တိုင်းဒေသကြီးအတွင်း သောက်သုံးရေ ရှားပါးသော ကျေးရွာများသို့ ကူညီဆောင်ရွက်မှု ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ရေပေးရေးပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြမှုအပေါ် သတင်းမီဒီယာ ၁၅ ဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။ (၀၃၃)

## ရဲလုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက် ရှင်းလင်း

**ရေစကြို မေ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့၏ပြည်သူကို ဗဟိုပြုဝန်ဆောင်မှု ရဲလုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်ဆွေးနွေးပွဲကို မေ ၁၃ ရက် နံနက်က ရေစကြိုမြို့မရဲစခန်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်က ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သော အမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဗဟို)မှ ညွှန်ကြားထားသည့် ရက်၁၀၀ စီမံချက်ဖြင့် ပြည်သူကိုအကျိုးပြုရင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို စီမံချက်ပါလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပြည်သူများကို ဝန်ဆောင်မှုရေးရှုသည့်ရဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဇေထွဏ်းဇော်(ရေစကြို)**

## ခင်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြေသားရေကန်တူးဖော်

**ခင်ဦး မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပထမ ရက် ၁၀၀ စီမံကိန်းအတွင်း ကျေးလက်ဒေသများတွင် ရေရှားပါးခက်ခဲမှုများ ကြုံတွေ့လာနိုင်သဖြင့် ကျေးလက်ရေ ရရှိရန်အတွက် မကျီးတုံကျေးရွာ၊ လောင်းရှည် ကျေးရွာ၊ ပေါက်တုံကျေးရွာနှင့် အလယ်ရှိုကျေးရွာတို့ကို မြေသားရေကန်များတူးဖော်ပေးရန် လျာထားကြောင်း သိရသည်။**(ဓါတ်ပုံ)**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မကျီးတုံကျေးရွာနှင့် လောင်းရှည်ကျေးရွာတို့တွင် မြေသားရေကန်တူးဖော်ရန် ခွင့်ပြုချထားငွေကျပ် ၈ ဒသမ ၅၀၀ သန်းစီဖြင့် မေလ ဒုတိယပတ်က စတင်တူးဖော်ပေးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

**ခင်ဦးစိုးဝေ**



# လျှပ်စစ်နှင့် စွမ်းအင် မျှဝေသုံးစွဲရေးနှင့် ရက်ပေါင်း ၁၀၀ စီမံချက်

**သတင်းဆောင်းပါး - မေဦးမိုး၊ ဓာတ်ပုံ-လျှပ်စစ်နှင့်စွမ်းအင်**

**ပူပြင်းလှသော နွေနေ့လယ်ခင်းတစ်ခု**

အခန်းငယ်တစ်ခုသာဖြစ်သော်လည်း လေအေးပေးစက်က ဝီခေါ်အောင် အလုပ်လုပ်နေပေမယ့် အပူဒဏ်ကို လုံးလုံးပျောက်အောင် မစွမ်းနိုင်ဖြစ်နေသည်။ လျှပ်စစ်ပစ္စည်းသစ်များ ဖြစ်ထွန်းလာသည်မို့ ယနေ့ခေတ်မှာ လူတိုင်း ဖုန်းအားသွင်းရန်၊ ထမင်းချက်ရန်၊ အဝတ်လျှော်ရန်၊ ရေစက်မောင်းရန်၊ အပူဒဏ်ကိုအန်တုရန်၊ အချိန်ပြည့်အလင်းရောင်ရရှိရန် နိစ္စဓူဝ လိုအပ်နေကြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်စုက ရန်ကုန်နှင့် ယခုရန်ကုန်ကွာခြားမှုများတွင် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲနေကြသူများ တိုးတက်လာသည့်အချက်သည် အငြင်းပွားစရာပင်မဟုတ်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရေရှည်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေ အများကြီးရှိသလို တာဝန်လည်း အလွန်ကြီးမားပါတယ်။ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်တွေနဲ့ စွမ်းအင်ကဏ္ဍဆိုင်ရာ အငြင်းပွားဖွယ် စီမံကိန်းတွေလည်း ရှိနေတဲ့အတွက် အလွန်သတိထားဆောင်ရွက်နေရတဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အကောင်းဆုံးနဲ့ နိုင်ငံတော်အတွက် အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ပြောကြားသည်။

**နိုင်ငံခြားဝင်ငွေ ၆၀ ရာခိုင်နှုန်းကျော်ကို ရှာဖွေပေးနေသည်**

အစိုးရသစ်တက်လာပြီး မတ်လ ၃၀ ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနနှစ်ခုကို ပေါင်းစည်းကာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်လိုက်ခြင်းဖြင့် လုပ်ငန်းချင်း ချိတ်ဆက်မှု ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ဝန်ကြီးဌာနသစ်၏ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေရရှိမှု အားလုံးမှ ၆၀ ရာခိုင်နှုန်းကျော်ကို ရှာဖွေပေးနေသည့် ကဏ္ဍဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ဦးစီးဌာန လေးခု၊ လုပ်ငန်းဌာန ငါးခုနှင့် ကော်ပိုရေးရှင်း နှစ်ခုတို့ဖြင့် ဝန်ကြီးဌာနသစ်ကို ပြင်ဆင်ဖွဲ့စည်းထားပြီး အစိုးရသစ်တက်လာပြီး ရက်ပေါင်း ၁၀၀ အတွင်း လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်စလုံးမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**လျှပ်စစ်နှင့် ရက်ပေါင်း ၁၀၀**

"လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်သွားပြီး ဓာတ်အားပိုဖြန့်နိုင်ဖို့ အစီအမံတွေကို ရက်ပေါင်း ၁၀၀ အတွင်း ကိုက်ညီမှုအရှိဆုံးဖြစ်အောင် ကြိုးစားမယ်။ ဓာတ်အားပျောက်ဆုံးတာတွေ၊ လျော့နည်းတာတွေကို သွယ်တန်းပေးတဲ့ ပိုက်တွေ ပြင်ဆင်တပ်ဆင်မယ်။ တည်ငြိမ်တဲ့ ဗို့အားနဲ့ ဖြန့်နိုင်အောင်လုပ်ဆောင်မယ်။ ဝန်ထမ်းတွေအားလုံးလည်း မရပ်မနား အလုပ်လုပ်နေကြတာကို မြင်ရမှာပါ။ ရက်ပေါင်း ၁၀၀ အတွင်း အဓိကအနေနဲ့ မေလ ၁၈ ရက်နေ့တွင် မော်လမြိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှာရှိတဲ့ စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ကနေ ၃၀ မဂ္ဂါဝပ်နဲ့ မေလ ၃၁ ရက်နေ့၌ မြင်းခြံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ကနေ ၁၃၃ မဂ္ဂါဝပ် ထုတ်ပေးနိုင်မယ်"ဟု ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မှုကို ရှင်းပြသည်။

ထို့ပြင် ဓာတ်အားပို့လွှတ်ရေးအနေဖြင့် ၆၆ ကေဗွီ ဟားခါး-ဖလမ်း ဓာတ်အားလိုင်း ဖလမ်းဓာတ်အားခွဲရုံလုပ်ငန်း၊ တောင်ကုတ်-မအီ ဓာတ်အားလိုင်း မအီဓာတ်အားခွဲရုံ လုပ်ငန်း၊ ကျောက်ဖြူ ဓာတ်အားခွဲရုံမှ ကျောက်ဖြူ SEZ သို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ရက်ပေါင်း ၁၀၀ အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်နေသည့်အပြင် ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း လုပ်ငန်းကိုလည်း အရှိန်အဟုန်မြှင့်ကာ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်နေကြောင်းသိရသည်။

လျှပ်စစ်ကဏ္ဍတွင် အရေးအကြီးဆုံးဖြစ်သည့် ဖြန့်ဖြူးရေးကဏ္ဍ၌ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရန်အတွက် နေပြည်တော်၊ ကချင်၊ ကယား၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်လျက်ရှိရာ ရက်ပေါင်း ၁၀၀ အတွင်း ပထမဆုံးစီမံချက်အဖြစ် ကလေးခရိုင် တမူးမြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၁၅၀၀၀ ကျော်အား လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးသွားမည်ဟု ဝန်ကြီးဌာနမှ သိရှိရသည်။

လက်ရှိတွင် လျှပ်စစ်ကဏ္ဍမှ ရေအားလျှပ်စစ်စီမံကိန်း ၅၀ ကျော်ကို ဆောင်ရွက်လျက်ရှိပြီး ယင်းအပြင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်ကဏ္ဍမှာ သုံးစွဲသူတွေ နေ့စဉ်နဲ့အမျှ မြင့်တက်နေခြင်းကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ အဆောက်အအုံတွေ တိုးလာနေတယ်။ ဒေသအသီးသီးမှာ လျှပ်စစ်မီးသုံးစွဲမှုတွေ တိုးလာတယ်။ လျှပ်စစ်အသုံးပြုမှုအတွက် ကျွန်တော်တို့ဆီမှာ အဓိကအပိုင်းသုံးပိုင်းရှိပါတယ်။ ထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနဲ့ ဖြန့်ဖြူးရေးဆိုပြီး ဖြစ်ပါတယ်။ ထုတ်လုပ်ရေးမှာ စက်ရုံတွေတိုးချဲ့ရုံနဲ့မပြီးသေးပါဘူး။ ပို့လွှတ်ရေးအတွက် အဝေးကြီးကနေ သွယ်တန်းချိတ်ဆက်မှုတွေမှာ တစ်စုံတစ်ခုချွတ်ယွင်းခဲ့ရင် အချိန်နဲ့ တစ်ပြေးညီ ပြုပြင်နိုင်ရေးအတွက် ကြိုးပမ်းကြရပါတယ်။ ပို့လွှတ်တဲ့ ဓာတ်အားတွေကို ဖြန့်ဖြူးတဲ့နေရာမှာလည်း ပြည့်ဝတဲ့ ဓာတ်အားထုတ်ပေးနိုင်တဲ့ ဓာတ်အားခွဲရုံတွေ ဖြစ်ဖို့လိုအပ်တာကြောင့် အခက်အခဲတွေရှိနေပါသေးတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

လက်ရှိတွင် ဓာတ်အားသုံးစွဲနေသူ ပြည်သူလူထု ၃၄ ရာခိုင်နှုန်းအား လျှပ်စစ်ဓာတ်အား ဗို့အားပြည့်မီစွာ ဖြန့်ဖြူးရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် မရရှိသေးသည့် ပြည်သူ ၆၆ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် ရည်ရွယ်ထားရှိကြောင်းသိရသည်။

*စာမျက်နှာ (၁၈) သို့*



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ကီလိုမီတာ ၁၁၀ အကွာ ကမ်းလွန်ပင်လယ်ပြင်၌ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်နေမှုကို ဤသို့တွေ့ရစဉ်။

■ မေလမှ ဇူလိုင်လအထိ ရက်ပေါင်း ၁၀၀ အတွင်း ဗို့အားကျဆင်းမှု ပပျောက်စေရန်၊ ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်အတွက် ၃၃ကေဗွီ ဝါးတရာ-ရွှေပြည်သာ ကောင်းကင်ဓာတ်အားလိုင်းနှင့် လှိုင်သာယာစက်မှုဇုန်တွင် ၁၁ ကေဗွီကောင်းကင်ဓာတ်အားလိုင်း၊ ဖီဒါတိုးချဲ့တည်ဆောက်ခြင်းများကို အပြီးဆောင်ရွက်သွားရန် လျာထား

■ ပြည်တွင်းစွမ်းအင်ကဏ္ဍ ဖူလုံရေး၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် တစ်နိုင်ငံလုံး အကျိုးရှိစွာသုံးစွဲနိုင်စေရေးအတွက် ဆောင်ရွက်နေသည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက ကဏ္ဍကိုပါ တိုးချဲ့လုပ်ဆောင်မည်



မွန်ပြည်နယ်ရှိ ဘီးလူးကျွန်းချောင်းဆုံဒေသသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လျှပ်စစ်ဝန်ထမ်းများ ဤသို့ ဓာတ်အားလိုင်းသွယ်တန်းနေသည်။

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ မိမိတို့အား ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုပင် ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲ ပြခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်ဟု ဆိုထားရာ "လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန" နှင့်စပ်လျဉ်း၍ မြန်မာ့အလင်း သတင်းအဖွဲ့တို့ သတင်းဆောင်းပါးကို တင်ပြအပ်ပါသည်။



ပျံသန်းရေးလေယာဉ်များအား ခေတ်မီနည်းပညာဖြင့် လောင်စာဆီများ ဤသို့ ဖြည့်တင်းပေးလျက်ရှိစဉ်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

"အများပြည်သူသုံးဖို့ တစ်ယူနစ်ကို ၃၅ ကျပ်နှုန်း၊ စက်မှုနှုန်းထား တစ်ယူနစ်ကို ၇၅ ကျပ်နှုန်းရောင်းချနေလို့ တစ်ယူနစ်ပျမ်းမျှ ၇၁ ဒသမ ၁၀ ကျပ်ရရှိပါတယ်။ ပုဂ္ဂလိက ဓာတ်အားပေးစက်ရုံ (IPP) ကနေ ဈေးနှုန်းအသီးသီးနဲ့ ဝယ်ယူနေကြတာအပါအဝင် ကျွန်တော်တို့ ထုတ်လုပ်မှု ပျမ်းမျှကုန်ကျစရိတ်က တစ်ယူနစ်ကို ၉၃ ဒသမ ၆၇ ကျပ်ဖြစ်တဲ့အတွက် တစ်ယူနစ်သုံးတိုင်း နိုင်ငံတော်ဘဏ္ဍာငွေထဲကနေ ၂၂ ဒသမ ၅၇ ကျပ်ကို သုံးစွဲပေးနေရတာလည်း ဖြစ်ပါတယ်"ဟု ဝန်ကြီးက ပြောသည်။

### ရန်ကုန်တိုင်းဒေသကြီးနှင့် လျှပ်စစ်ဓာတ်အား

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပေးစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ပင်မဓာတ်အားခွဲရုံများတွင် ဗို့အားများကျဆင်းလျက်ရှိခြင်းကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ပေးအပ်ရန် ခက်ခဲနေသည်။

"ဖြန့်ဖြူးရေး ထရန်စဖော်မာ အလုံး ၁၅၀ နဲ့ ဆက်စပ်ဓာတ်အားလိုင်းတွေတည်ဆောက်တာ၊ အစားထိုးလဲလှယ်တာတွေနဲ့ ဝန်အားပြည့် ဓာတ်အားခွဲရုံတွေမှာ ထရန်စဖော်မာတွေ တိုးချဲ့တာတွေကို ရက်ပေါင်း ၁၀၀ အတွင်းမှာ ပေးအပ်ပြီး ရန်ကုန်မှာ လျှပ်စစ်ပိုမိုအသုံးပြုနိုင်အောင် လုပ်ဆောင်မယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မေလမှ ဇူလိုင်လအထိ ရက်ပေါင်း ၁၀၀ အတွင်း ဗို့အားကျဆင်းမှုပပျောက်စေရန်၊ ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်အတွက် ၃၃ ကေဗွီ ဝါးတရာ-ရွှေပြည်သာ ကောင်းကင်ဓာတ်အားလိုင်းနှင့် လှိုင်သာယာစက်မှုဇုန်တွင် ၁၁ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း၊ ဖီဒါတိုးချဲ့တည်ဆောက်ခြင်းများကို အပြီးဆောင်ရွက်သွားရန် လျာထားကြောင်း သိရသည်။

### စွမ်းအင်၏ကဏ္ဍနှင့် ရက်ပေါင်း ၁၀၀ စီမံချက်

ပြည်တွင်းစွမ်းအင်ကဏ္ဍ ဖူလုံရေး၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာ ဒေသအပါအဝင် တစ်နိုင်ငံလုံး အကျိုးရှိစွာသုံးစွဲနိုင်စေရေးအတွက် ဆောင်ရွက်နေသည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍကိုပါ တိုးချဲ့လုပ်ဆောင်သွားရန် ရက်ပေါင်း ၁၀၀ အတွင်း ရည်ရွယ်ထားကြောင်း ဝန်ကြီးဌာနသစ်၏ မူဝါဒချမှတ်မှုအရ သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီတီးဘတ်စ် ၆၅ စီးအား သဘာဝဓာတ်ငွေ့တပ်ဆင်သုံးစွဲခွင့်ကို ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။

"စွမ်းအင်နဲ့ လျှပ်စစ်ကဏ္ဍဟာ နောင်တစ်ချိန်မှာ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ဒေသတွင်းနိုင်ငံတွေရဲ့ စွမ်းအင်နဲ့ လျှပ်စစ်ဆိုင်ရာကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့အထိဆောင်ရွက်ဖို့ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်။ အဲဒီအတွက် လိုအပ်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ အသက်ဝင်ဖို့နဲ့ အကျိုးတူပူးပေါင်းခြင်းကနေ တိုးတက်တဲ့အသွင်ကိုပြောင်းလဲဖို့ ကြိုးပမ်းသွားမယ်" ဟု ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြောကြားသည်။



မကွေးတိုင်းဒေသကြီးအတွင်းရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ (၁၀၀) အမ်ဗွီအေ ချောင်းကူးဓာတ်အားခွဲစက်ရုံကို တွေ့ရစဉ် (ဓာတ်ပုံ-လျှပ်စစ်)

နိုင်ငံအတွင်း သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လေ့လာကြည့်ပါက ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားအတွက် ထုတ်ယူအသုံးပြုမှုမှာ တစ်ရက်လျှင် ၂၃၂ ကုဗသန်းပေမှ ၂၉၅ ကုဗသန်းပေအထိ တိုးမြင့်လာခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုပေါင်း ၃၅ ရာခိုင်နှုန်းကျော်

၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ မြန်မာ့စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှုပေါင်း ၃၅ ဒသမ ၁၇ ရာခိုင်နှုန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ပေါ်တွင် အမှီပြုရရှိနေခြင်းဖြစ်ပြီး လျှပ်စစ်ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၃၀ ဒသမ ၈၉ ရာခိုင်နှုန်းကို ရှာဖွေပေးနေသည့် ကဏ္ဍတစ်ခုလည်းဖြစ်သည်။

"ပြည်သူတွေကနေ ပူးပေါင်းပါဝင်ဖို့ အများကြီးလိုအပ်နေတာ ဖြစ်ပါတယ်။ အကြံဉာဏ်တွေပေးတာ၊ တရားမဝင်ဓာတ်အားသုံးစွဲတာကို ဖော်ထုတ်ပေးတာ၊ ဓာတ်အားကို အကျိုးရှိစွာ အသုံးပြုတာတွေကို လုပ်ဆောင်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဥပမာပြောရရင် ဓာတ်အားသုံးစွဲမှုများတဲ့ လျှပ်စစ်ပစ္စည်းတွေအစား ဓာတ်အားအနည်းငယ်နဲ့ စွမ်းအားပြည့် ရလဒ်ကောင်းတဲ့ လျှပ်စစ်ပစ္စည်းတွေကို အသုံးပြုသင့်သလို လျှပ်စစ်ဝန်အား အသုံးပြုမှုများတဲ့အချိန်၊ ဓာတ်အားရရှိမှု နည်းတဲ့အချိန်တွေမှာ ဓာတ်အားကို လိုသလောက်သာ ခြိုးခြံသုံးစွဲကြဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ပြည်သူတွေရဲ့လိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းပေးဖို့ ကြိုးပမ်းမယ်"ဟု ပြည်ထောင်စုဝန်ကြီးက မှတ်ချက်ပြုသည်။

"မီးပျက်နေဆဲပါ။ ဒါပေမယ့် မီးပျက်ခြင်းက ကျွန်တော်တို့ဆီကနေ ဆုတ်ခွာဖို့ အရိပ်လက္ခဏာတွေ ပြနေပါပြီ။ လွန်ခဲ့ တဲ့ရက်အနည်းငယ်က ကျွန်တော်နေတဲ့ ဆင်ခြေဖုံး ရပ်ကွက်လေးရဲ့ လမ်းကြို/လမ်းကြားထဲမှာ တွေ့ကရာ မျောပိုင်း နဲ့ ထပ်ပိုးစည်းထားတဲ့ ယိုင်နဲ့တဲ့ဓာတ်တိုင်တွေနေရာကို လဲလှယ်အစားထိုးဖို့ ပိုအားကောင်းတဲ့ ကြိုးတွေ၊ ကြွေသီး တွေနဲ့ ကွန်ကရစ်တိုင်တွေ ရာချီဝင်လာခဲ့တယ်။ အရင်က ထရန်စဖော်မာတစ်လုံးထိုင်ဖို့ ရက်အနည်းငယ်ကြာပေမယ့် အခုအလုံး ၂၀ လောက်ကို တစ်ပတ်အတွင်း အပြီးတပ်ဆင်သွားနိုင်ခဲ့တယ်။ သစ်ပင်ကြောင့်ဖြစ်ဖြစ်၊ အဆင်မပြေတဲ့ ကြိုးလိုင်းတွေကြောင့်ဖြစ်ဖြစ် ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။ လျှပ်စစ်ဝန်ထမ်းတွေ ရောက်ရှိလာကြတယ်။ ရက် ၁၀၀ အတွင်း ဘယ်လောက်ထူးခြားမလဲဆိုတာ စောင့်ကြည့်ပြီးမှ ဝေဖန်သင့်တယ်"ဟု လျှပ်စစ်ဝန်ထမ်းများ ၏ ပြောင်းလဲမှုကို စောင့်ကြည့်လေ့လာသူတစ်ဦးက လူမှုကွန်ရက်တွင်ရေးသားထားသည်။

ပူပြင်းလှသော နေရောင်အောက်တွင် ပြည်သူများ အသုံးပြုနိုင်ရေးအတွက် သတ္တုပစ္စည်းများကို ဆုပ်ကိုင်ကာ နေ့ဆိုင်း ညဆိုင်းဖြင့် ပြင်ဆင်နေကြပုံများ၊ မြင့်မားလှသည့် မဟာဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် သက်စွန့်ဆံဖျား ကြိုးပမ်းနေကြသည့် လျှပ်စစ်ဝန်ထမ်းများ၏ ကြိုးပမ်းမှုများကိုလည်း နေရာမလပ် မြင်တွေ့နေရပြီ ဖြစ်သည်။

ရက်ပေါင်း ၁၀၀ အတွင်း လျှပ်စစ်မီးပြည့်ဝစွာ သုံးစွဲနိုင်ဖို့အရေး ပြည်သူ့ဝန်ထမ်းများက နေ့ညမအား ကြိုးပမ်းနေကြသော်လည်း သုံးစွဲအားနှင့် ပေးဝေအား မျှတစွာဖြင့် လိုအပ်ချက်တို့ ဖြည့်ဆည်းနိုင်ဖို့အရေး အစိုးရနှင့် ဝန်ကြီးဌာနတွင် စိန်ခေါ်မှုများစွာရှိနေပြီး မဖြစ်မနေ ကြိုးပမ်းဖြည့်တင်းပေးရန် လိုအပ်သကဲ့သို့ သုံးစွဲသူများကလည်း အကျိုးရှိစွာ ချွေတာသုံးစွဲခြင်းဖြင့် ကူညီကြပါမည်ဟု ထင်မြင်ယူဆမိပါကြောင်း။ ။

# ပျဉ်းမနားမြို့နယ်တွင် လယ်မြေ ၃၀၃ ဧက အဆင့်မြင့်စက်မှုလယ်ယာဖော်ထုတ်



**နေပြည်တော် မေ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မေ ၁၃ ရက် နံနက် ၆ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး သုတေသနဌာန စပါးစမ်းသပ်ကွက်တွင် SRI စိုက်စနစ်ဖြင့် စိုက်ပျိုးထားသော IRRI-1 စိုက်ခင်း၌ စက်မှုလယ်ယာဦးစီးဌာနမှ အသစ်တီထွင် ထုတ်လုပ်ထားသည့် ကြားပေါင်းလိုက် စက်ကိရိယာဖြင့် ပေါင်းလိုက်သမန်းနှိုးနေမှုကို ကြည့်ရှုအားပေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ရှင်းလင်းပြသသည်။ **(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးတည့်၍ ဈေးနှုန်းချိုသာသည့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေး၊ လယ်ယာလုပ်သား ရှားပါးလာမှု ပြဿနာအား ဖြေရှင်းကျော်လွှားနိုင်ရေးနှင့် ပညာရှင်များ၏ တီထွင်ထုတ်လုပ်ပေးနိုင်မှုသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ နေရာယူလာမည်ဖြစ်ရာ တာဝန်ရှိသူ အဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအနီး ပေါင်းလောင်းဆည်ရေသောက်စနစ်တွင် အဆင့်မြင့် စက်မှုလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧရိယာအတွင်း စက်ယန္တရားကြီးများဖြင့် အဆင့်မြင့် စက်မှုလယ်ယာမြေ ဖော်ထုတ်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ အဆင့်မြင့်စက်မှုလယ်ယာမြေသည် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ တောင်သူလယ်သမား ၁၈၆ ဦး ပိုင်ဆိုင်သော မူလသမားရိုးကျလယ်မြေ ၃၀၃ ဧက ပေါ်တွင် ကုန်ထုတ်လမ်း၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းများပါဝင်သည့် စနစ်ကျ အဆင့်မြင့် စက်မှုလယ်ယာမြေအဖြစ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားရေး စီမံကိန်းဖြင့်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျွန်တော်နဲ့ခေါင်းဆောင်မှု



**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်**

ကျွန်တော်ဟာ စီးပွားရေးပညာကို လေ့လာဆည်းပူးသူတစ်ယောက်ဖြစ်ပြီး စီမံခန့်ခွဲမှုပညာကို အထူးပြုခဲ့သူဖြစ်ပါတယ်။ အခုလို စီမံခန့်ခွဲမှုပညာကို နှစ်ပေါင်းများစွာ လေ့လာခဲ့ပေမယ့် ခေါင်းဆောင်မှုပညာနဲ့ မနီးစပ်ခဲ့ပါဘူး။ တစ်ခုတော့ရှိပါတယ်။ ငယ်ငယ်တုန်းကတော့ ဖခင်လုပ်သူရဲ့ စာအုပ်တွေကိုတော့ ဖတ်ခွင့်ရခဲ့တယ်။ သူကစစ်သားပီပီ ဒုတိယကမ္ဘာစစ်က ထင်ရှားတဲ့ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံ စစ်ခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကို စုဆောင်းခဲ့တယ်။ ဒီစစ်ခေါင်းဆောင်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေဟာ အလွန်ကို စိတ်ဝင်စားစရာတွေဖြစ်လို့ ကျွန်တော် အငမ်းမရဖတ်ခဲ့ပါတယ်။ နာမည်ကြီး ဗိုလ်ချုပ်ကြီးမွန်ဂိုမာရီ၊ စလင်း၊ အိုက်တင်ဟာဝါ၊ ကလပ်တို့ရဲ့စစ်ရေးအတွေ့အကြုံတွေဟာ အင်မတန်မှ မှတ်သားဖွယ်ရာတွေဖြစ်တယ်။ သူတို့ဟာ အောင်မြင်မှုတွေကိုသာ ဖော်ပြတာမဟုတ်ဘဲ အားနည်းချက်တွေကိုလည်း မညှာမတာ ဖော်ထုတ်ခဲ့ကြတယ်။ အတုယူစရာကောင်းတဲ့အချက်တစ်ခုက အထောက်အထားတွေဖြစ်တယ်။ ဘယ်တိုက်ပွဲမှာ ဘယ်လို အမိန့်ပေးခဲ့တယ်။ ဘယ်ပုံဘယ်နည်းနဲ့ မဟာဗျူဟာတွေ ချမှတ်ခဲ့တာကို အချက်အလက်တွေ ပြည့်ပြည့်စုံစုံနဲ့ ဖော်ပြခဲ့ကြတယ်။ ဗိုလ်ချုပ်ကြီးများဖြစ်တာမို့ သူတို့ဟာ မဟာဗျူဟာကို အာရုံပြုကြတယ်။ နည်းပညာကို အာရုံမပြုကြဘူး။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ခပ်ငယ်ငယ်ကတည်းက မဟာဗျူဟာနဲ့ နည်းဗျူဟာကို ခွဲခြားသိခွင့်ရခဲ့တယ်။ ဗိုလ်ချုပ်ကြီးအဆင့်ရောက်လာရင် ရှေ့တန်းမှာရန်သူတွေနဲ့ရင်ဆိုင်ပြီး တိုက်ပွဲဝင်နေတဲ့အစား နောက်တန်းကနေ ဘယ်ပုံဘယ်နည်းနဲ့ စစ်ပွဲကြီးအောင်မြင်အောင်လုပ်ဖို့ အကြံဉာဏ်ထုတ်ခဲ့ကြတယ်။ အမှန်တော့ ရာထူးကြီးလာလေလေ အသေးစိတ်ကို အာရုံမပြုဘဲ ပုံကြီးကိုမြင်နိုင်တဲ့သူဖြစ်ရမယ်။ တိုက်ပွဲတစ်ခုချင်းကိုနိုင်ဖို့မစဉ်းစားဘဲ စစ်ပွဲကို တစ်ခုလုံး အောင်မြင်အောင် ဘယ်လိုလုပ်ဖို့ အစီစဉ်တွေ ဖော်ထုတ်ဖို့ လိုအပ်တယ်။ ဒါကြောင့် ကျွန်တော်ဝန်ကြီးဌာနမှာ တာဝန်ယူရတော့ ဝန်ကြီးလုပ်သူကို ပန်ကြားခဲ့တယ်။ သူကလည်း ကိုယ့်ဆရာအရင်းဖြစ်တာမို့ ကျွန်တော်ပြောတာကို လိုက်နာခဲ့တယ်။ ဆရာရုံးမှာ အမြဲမထိုင်ပါနဲ့ ညနေ ၂ နာရီလောက် ရုံးဆင်းပါ။ ဝန်ကြီးဌာနလုပ်ငန်းတွေ ဘယ်ပုံဘယ်နည်းနဲ့ တိုးတက်အောင်မြင်အောင် လုပ်သင့်သလဲဆိုတာတွေကို စဉ်းစားပေးပါ။ ဆရာ့ရဲ့ အာရုံကို အသေးအဖွဲကိစ္စတွေနဲ့ အချိန်မဖြုန်းပါနဲ့လို့ အကြံပြုခဲ့တယ်။ အမှန်တော့ လုပ်ငန်းအဖွဲ့အစည်းတွေမှာ မဟာဗျူဟာနဲ့ နည်းဗျူဟာကိုခွဲခြားပြီး ကိုင်တွယ်ဖို့လိုအပ်ပါတယ်။ ဒီအကြောင်းကို စီမံခန့်ခွဲမှုပညာမှာတော့ အနုစိတ်စီမံခန့်ခွဲမှုကို ရှောင်ဖို့သတိပေးခဲ့တယ်။ micro-manage မလုပ်ဖို့ပေ့ါ။ ကျွန်တော် ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်စယူတဲ့အချိန်မှာ ခေါင်းဆောင်မှုပညာကို အထူးပြုလေ့လာခွင့်ရခဲ့တယ်။ ခေါင်းဆောင်မှုပညာဟာ သီးခြားလေ့လာလို့ရတာကို သိခွင့်ရခဲ့တယ်။

ဒါကြောင့်လည်း စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုကို ခွဲခြားနိုင်ခဲ့တယ်။ အမှန်တော့ စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုဟာ ငွေဒင်္ဂါးတစ်ခုရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ တူပေမယ့် မတူတဲ့သဘောဖြစ်တယ်။ အဖွဲ့အစည်းတစ်ခုမှာဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံမှာဖြစ်စေ ခေါင်းဆောင်မှုအရေးကြီးသလို စီမံခန့်ခွဲမှုဟာလည်း အရေးပါပါတယ်။ ခေါင်းဆောင်ပြီး မစီမံရင်အဆင်မပြေသလို စီမံပြီး ခေါင်းဆောင်မှုမရှိရင်လည်း မပြည့်စုံပါဘူး။ အလွယ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ စီမံခန့်ခွဲမှုဟာ လုပ်ငန်းတွေကို ချောချောမွေ့မွေ့ ပြီးစီးအောင်လုပ်တာဖြစ်ပြီး ခေါင်းဆောင်မှုကတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို လုပ်ခြင်းဖြစ်ပါတယ်။

ကျွန်တော် အီတလီနိုင်ငံမှာရှိတဲ့ တူရင်းမြို့ ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူတော့ ခေါင်းဆောင်မှုပညာကို ဆက်ပြီး လေ့လာခွင့်ရခဲ့တယ်။ လေ့လာပြီး ကုလသမဂ္ဂအရာရှိကြီးတွေကို သင်တန်းပေးခဲ့တယ်။ ခေါင်းဆောင်မှုနဲ့ ပတ်သက်လို့ ဘက်ပေါင်းစုံက သုံးသပ်ခဲ့တယ်။

အခုလို ခေါင်းဆောင်မှုကို တင်ပြတဲ့အခါ ယခုအချိန်ထိ မှတ်မိသေးတဲ့ဥပမာတစ်ခုကို သွားသတိရမိပါတယ်။ လူတိုင်းလိုလို လက်ပတ်နာရီကို ပတ်ထားကြတယ်။ လက်ပတ်နာရီဟာ အချိန်ကိုရည်ညွှန်းခြင်းဖြစ်တယ်။ အချိန်ဘယ်လောက်ကုန်သွားသလဲ။ အချိန်ဘယ်လောက်ကျန်သေးသလဲ။ ဒါတွေကို နာရီကရည်ညွှန်းပြသနိုင်တယ်။ အခုလို လက်မှာလက်ပတ်နာရီပတ်မယ့်အစား သံလိုက်အိမ်မြှောင်ကို ပတ်တယ်ဆိုပါစို့။ သံလိုက်အိမ်မြှောင်ဟာ တည်နေရာကို ရည်ညွှန်းတယ်။ မိမိဘယ်နေရာရောက်ရောက် သံလိုက်အိမ်မြှောင်ကိုကြည့်လိုက်ရင် မြောက်ဘက်ဘယ်မှာရှိတယ်ဆိုတာကို သိနိုင်တယ်။ ဒါကြောင့် အချိန်ထက်အရေးကြီးတာက တည်နေရာဖြစ်တာကို ဖော်ထုတ်ခြင်းဖြစ်တယ်။ သံလိုက်အိမ်မြှောင်ဟာ မြောက်စူးစူးကို အမြဲပြသနေသလို လူတစ်ယောက် အနေနဲ့လည်း မိမိဘဝနဲ့ပတ်သက်လာရင် ဘယ်နေ ရာကိုဦးတည်နေသလဲဆိုတာ အရေးကြီးတယ်။ ဒါကတော့ လူတစ်ယောက်မှာ ရှိအပ်တဲ့မှုပဲ။ မူလို့ပြောတာက သမာဓိရှိတာ၊ သိက္ခာရှိတာ၊ ရိုးသားတာ၊ ဖြောင့်မှန်တာ ဒါတွေဟာ တန်ဖိုးရှိတဲ့အရာတွေပါ။ ရာထူးတွေ၊ ပိုင်ဆိုင်မှုတွေ၊ ဘွဲ့တွေ၊ ဂုဏ်ထူးတွေ မဟုတ်ပါဘူး။ စစ်မှန်တဲ့မူနဲ့အသက်ရှင်ဖို့ အရေးကြီးပါတယ်။

ခေါင်းဆောင်ကောင်းတစ်ဦးမှာ အရည်အချင်းရှစ်ရပ်ရှိပါတယ်။ ပထမအရည်အချင်းက ခေါင်းဆောင်လုပ်သူဟာ အစဉ်မပြတ် သင်ယူလေ့လာသူတွေဖြစ်တယ်။ သင်ယူလေ့လာမှုလို့ ပြောတဲ့နေရာမှာ အတန်းပညာတစ်ခုတည်းကို ပြောတာမဟုတ်ပါဘူး။ ဘဝအတွေ့အကြုံကရတဲ့ ပညာဟာလည်း အရေးကြီးပါတယ်။ သူတို့ဟာ စာကို အမြဲဖတ်တယ်။ သင်တန်းတက်တယ်။ သူများတွေပြောတာကို နားထောင်တယ်။ နား၊ မျက်လုံးနဲ့ နှလုံးသားကိုသုံးပြီးလေ့လာသင်ယူတယ်။ အရာရာကိုသိချင်တယ်။ စပ်စုတယ်။ မေးခွန်းအမြဲထုတ်တယ်။ မိမိရဲ့ကျွမ်းကျင် လိမ္မာမှုကိုလည်း အစဉ်တိုးတက်အောင် လေ့ကျင့်တယ်။ ပညာအသစ်တွေဆည်းပူးတယ်။ ပိုပြီးသိလာ လေလေ မသိသေးတာတွေအများကြီး ရှိသေးပါလားဆိုတာကို လက်ခံတယ်။ အခုလိုသင်ယူခံယူတဲ့နေရာမှာ သူများပြောလို့လုပ်တာမဟုတ်ဘဲ မိမိဆန္ဒအလျောက် လုပ်ခြင်းဖြစ်တယ်။ သူများအထင်ကြီးအောင် အာရုံမရှိဘဲ မိမိကိုယ်မိမိလေးစားနိုင်အောင် အမြဲဆင်ခြင်တယ်။ ပေးထားတဲ့ကတိတည်အောင် သတိထားပြီး လှုပ်ရှားတတ်တယ်။ ဒုတိယအရည်အချင်းကတော့ ခေါင်းဆောင်လုပ်သူတွေဟာ အများအတွက်အလုပ်အကျွေးပြုဖို့ အာရုံရှိတယ်။ မိမိရဲ့ ဘဝတစ်ခုလုံးကို တစ်ပါးသူတွေအတွက်ပေးအပ်ထားတယ်။ နံနက်အိပ်ရာနိုးနိုးချင်း အများအတွက်ဝန်ထမ်းဖို့ အဆင်သင့်ရှိတယ်။ အမှန်တော့ ခေါင်းဆောင်ကောင်းတစ်ဦးဟာ ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပါတယ်။ ဝန်ထမ်းလို့ပြောတာကို အဓိပ္ပာယ်မလွဲမှားစေချင်ဘူး။ ဝန်ထမ်းဟာ ရာထူးမဟုတ်ဘဲ အများရဲ့ဝန်တွေထမ်းတဲ့သဘောဖြစ်တယ်။ ဒါကြောင့် ဝန်ကြီးဆိုတာ ဝန်တွေအကြီးကြီးကို ထမ်းဆောင်နေကြသူတွေသာဖြစ်တယ်။ ရာထူးကြီးကြီးယူထားသူတွေမဟုတ်ဘူး။ ဝန်ထမ်းတဲ့နေရာမှာလည်း တာဝန်သိတယ်။ တာဝန်ယူတယ်။ တာဝန်ခံတယ်။ တာဝန်ကျေပွန်တယ်။ တတိယအရည်အချင်းကတော့ ခေါင်းဆောင်ကောင်းတစ်ဦးဟာ အကောင်းမြင်တဲ့စိတ်ထားရှိတယ်။ မျှော်လင့်ချက်အပြည့်နဲ့ အသက်ရှင်တယ်။ ယုံကြည်မှုရှိတယ်။ သူကတစ်ဆင့် အင်အားတွေဖြန့်ဝေပေးနိုင်တယ်။ ရွှင်ပြတဲ့၊ လန်းဆန်းတဲ့စိတ်ထားကို မွေးနိုင်ပြီး အရာရာကိုမကောင်းမြင်တဲ့သူတွေကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိတယ်။ စတုတ္ထအရည်အချင်းက အခြားလူတွေကို ယုံကြည်တဲ့သူဖြစ်တယ်။ တစ်ဖက်သားရဲ့ အားနည်းချက်ကိုလက်ခံနိုင်တယ်။ လူတိုင်းပြီးပြည့် စုံမှုမရှိဘူးဆိုတာကိုသိတယ်။ ကိုယ့်ကိုစော်ကားတဲ့သူကို ခွင့်လွှတ်နိုင်တယ်။ လူတွေကိုတံဆိပ်မခတ်ဘူး။ လူတိုင်းမှာရှိတဲ့ အလားအလာကို အမြဲအာရုံပြုတယ်။ ပဥ္စမအရည်အချင်းက ခေါင်းဆောင်ကောင်းတွေဟာ အစွန်းတရားကိုရှောင်ပြီး မိမိရဲ့ဘဝကို မျှတသင့်တင့်အောင် ကြိုးစားတယ်။ အလုပ်ပေါ်မှာပဲ အာရုံထားပြီး မိသားစုကိုလျစ်လျူရှုတာမျိုးမလုပ်ဘူး။ အမြဲမှန်ရမယ်လို့ မယူဆဘူး။ သူများအထင်ကြီးအောင် ဟန်ဆောင်တာမျိုးမရှိဘူး။ ဆက်သွယ် ဆက်ဆံရာမှာလည်း ပွင့်လင်းတယ်။ တည့်တည့်ပြောတယ်။ လိမ်ညာမှုမရှိဘူး။ သူများရဲ့ အောင်မြင်မှုအတွက် မုဒိတာပွားနိုင်တယ်။ ချီးမွမ်းမှု၊ ကဲ့ရဲ့မှုရဲ့ဒဏ်ကိုခံနိုင်ရည်ရှိတယ်။ ဆုံးရှုံးမှု၊ မအောင်မြင်မှုကို အတွေ့အကြုံအဖြစ်သတ်မှတ်နိုင်တယ်။

ဆဋ္ဌမအရည်အချင်းကတော့ ဘဝကိုလက်ခံကျေနပ်သူဖြစ်တယ်။ မိမိကိုယ်မိမိယုံကြည်မှုအပြည့်ရှိတယ်။ မိမိရဲ့အတွင်းအားကိုယုံတယ်။ လူတွေကိုစိတ်ဝင်စားတယ်။ ရာထူးကြီးတဲ့သူ၊ နာမည်ကျော်သူတွေကိုတွေ့ရင် ပုံမှန်ဆက်ဆံနိုင်တယ်။ သတ္တမအရည်အချင်းကတော့ ခေါင်းဆောင်ကောင်းဟာ တစ်ဦးတစ်ယောက်တည်း တာဝန်ယူဆောင်ရွက်ရုံမဟုတ်ဘဲ အများနဲ့ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိတယ်။ ပြောင်းလဲမှုကိုကြိုဆိုပြီး လိုက်လျောညီထွေစွာ ရင်ဆိုင်နိုင်တယ်။ သူများတွေကို တာဝန်ခွဲဝေပေးဖို့ ဝန်မလေးဘူး။ လူနဲ့ပြဿနာကို ခွဲခြားနိုင်သူဖြစ်တယ်။

နောက်ဆုံးအရည်အချင်းကတော့ ခေါင်းဆောင်ကောင်းလုပ်သူဟာ မိမိဘဝရဲ့ အစိတ်အပိုင်းလေးပိုင်းကို မြှင့်တင်ရှင်သန်အောင် အမြဲကြိုးစားတယ်။ လူတစ်ယောက် ကိုယ်၊စိတ်၊ခံစားမှုနဲ့ ယုံကြည်ကိုးကွယ်မှုဆိုပြီး အစိတ်အပိုင်းလေးပိုင်းရှိပါတယ်။ ဒီလေးခုကို တချို့က ဉာဏ်ရည်ထက်မြက်မှုလေးရပ်လို့ပြောကြတယ်။ ပထမကတော့ ကိုယ်ခန္ဓာဖြစ်တာ၊ တစ်နည်းပြောရရင် ကျန်းမာမှုဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ကောင်းတွေဟာ ကျန်းမာရေးလိုက်စားတယ်။ ကျန်းမာအောင်ဆင်ခြင်တယ်။ တစ်ခုကတော့ စိတ်ပိုင်း။ ဒါကတော့ ပညာရေးနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်မှုဖြစ်တယ်။ စာတော်တာကိုပြောတာဖြစ်တယ်။ တတိယအပိုင်းကတော့ အများနဲ့ဆက်ဆံတဲ့နေရာမှာ မိမိရဲ့ခံစားမှုတွေကို ထိန်းသိမ်းစီမံနိုင်စွမ်းရှိတယ်။ ကိုယ်ချင်းစာနာမှုအပြည့်ရှိတယ်။ နောက်ဆုံးအပိုင်းက ယုံကြည်ကိုးကွယ်မှုဖြစ်တယ်။ ဘာသာရေးအထိန်းအကွပ်ဟာ အလွန်လိုအပ်ပါတယ်။ ဒါပေမယ့် မိမိဘာသာကို ယုံကြည်သလို အခြားဘာသာတရားကိုလည်း လေးစားဖို့ အရေးကြီးပါတယ်။

ဒီအရည်အချင်းရှစ်ရပ်ကို နေ့စဉ်သုံးသပ်ပြီး မြှင့်တင်နိုင်အောင်ကြိုးစားသွားရမှာသာဖြစ်ပါတယ်။ အခုလိုအင်မတန်အရေးကြီးနေတဲ့ ခေတ်ကာလမှာအရည်အချင်းပြည့်စုံတဲ့သူတွေ ခေါင်းဆောင်ကောင်းတွေအများကြီး လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ခေါင်းဆောင်နဲ့ ခေါင်းဆောင်မှုကိုခွဲခြားစေလိုပါတယ်။ ခေါင်းဆောင်ကတစ်ဦးတစ်ယောက်တည်းရှိနိုင်ပေမယ့် တိုင်းသူပြည်သားအားလုံးဟာ ခေါင်းဆောင်မှုပေးနိုင်တဲ့သူတွေဖြစ်အောင် ကြိုးစားရမယ့်အချိန်ဖြစ်နေပါပြီ။

**ခေါင်းဆောင်ကောင်းတစ်ဦးဟာ ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပါတယ်။ ဝန်ထမ်းလို့ပြောတာကို အဓိပ္ပာယ်မလွဲမှားစေချင်ဘူး။ ဝန်ထမ်းဟာ ရာထူးမဟုတ်ဘဲ အများရဲ့ဝန်တွေထမ်းတဲ့သဘောဖြစ်တယ်။ ဒါကြောင့် ဝန်ကြီးဆိုတာ ဝန်တွေအကြီးကြီးကို ထမ်းဆောင်နေကြသူတွေသာဖြစ်တယ်။ ရာထူးကြီးကြီးယူထားသူတွေမဟုတ်ဘူး။**

## မတ္တရာမြို့နယ်၌နွေရာသီအင်္ဂလိပ်စာ အခမဲ့သင်တန်း သင်တန်းဆင်းပွဲကျင်းပ



**မတ္တရာ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သစ္စာရွှေပြည်မဟာစည် သာသနာ့ရိပ်သာတွင် ပထမအကြိမ် ကျင်းပသော နွေရာသီအင်္ဂလိပ်စာ သင်တန်းဆင်း ပွဲကို မေ ၁၄ ရက်က အဆိုပါကျောင်း ဝင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သင်တန်းဦးဆောင်ဆရာတော် ဦးအာဒိစ္စာလင်္ကာရမှ ကျောင်းသား၊ ကျောင်းသူ များကို တိုက်တွန်းအားပေးပြီး သင်တန်းတာဝန်ခံနှင့် တွဲဘက်ဆရာ ဆရာကောင်းမြတ်သန်းက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးနှင့် အင်္ဂလိပ်စာသင်တန်း ဖြစ်မြောက်ရေး အကျိုးဆောင် ဦးမင်းနောင်ဦးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကာလအတွင်း လှူဒါန်းခဲ့သော ကုသိုလ်အစုစုတို့အတွက် မစိုးရိမ်ကျောင်းဆရာတော်ထံ ရေစက်သွန်းချ အမျှပေးဝေခဲ့ကာ ကျောင်းသား၊ ကျောင်းသူ ၃၁၀ ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# သုံးမျိုးစပ် ပိုလီယိုကာကွယ်ဆေးများ စနစ်တကျဖျက်ဆီး

**ကျွန်းလှ မေ ၁၅**

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ယခင်ကတိုက်ကျွေးသော ရောဂါသုံးမျိုးပိုလီယိုကာကွယ်ဆေး(tOPV)အစား ရောဂါနှစ်မျိုးကာကွယ်ဆေး(bOPV)ကို ပြောင်းလဲတိုက်ကျွေးနေပြီဖြစ်ရာ ယခင်ကတိုက်ကျွေးခဲ့သော (tOPV)ဆေးများကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ မေ ၄ ရက်က စနစ်တကျ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယခင်ကတိုက်ကျွေးခဲ့သော ဆေးများကို ရေရှည်အစီအစဉ်ဖြင့် အဆင့်အလိုက်ဖယ်ရှားမည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ပိုးသုံးမျိုးပါဝင်သော tOPV ကာကွယ်ဆေးများကို စနစ်တကျ စွန့်ပစ်ဖျက်ဆီးခြင်းဖြစ်သည်။ ဖျက်ဆီးရာတွင် အသုံးပြုဖွင့်ထားပြီး ၁၇၉၂ လုံးနှင့် မဖွင့်ရသေးသော ၁၄၂၃ လုံး တို့ကို အင်္ဂတေမံမြေမြှုပ်ကာ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

"လက်ကျန် tOPV ကာကွယ်ဆေးအားလုံးကို မတော်တဆဖြစ်ဖြစ် တမင်တကာဖြစ်ဖြစ် အသုံးပြုတာကနေ ကာကွယ်နိုင်ဖို့ ဖျက်ဆီးရတာပါ။ ပြောင်းလဲအသုံးပြုရက်ပြီးတဲ့နောက်မှာ လက်ကျန် tOPV ကာကွယ်ဆေး အားလုံးကို စုဆောင်းသိမ်းဆည်းပြီးတဲ့နောက် စွန့်ပစ်ပစ္စည်းအဖြစ် စနစ်တကျ စွန့်ပစ်တာဖြစ်ပါတယ်။ အပူချိန်မြင့်တဲ့မီးရှို့စက်မှာ ဖျက်ဆီးတာရယ်၊ ပုလင်းတွေကို အင်္ဂတေမံပြီး အမှိုက်ကျင်းထဲစွန့်ပစ်တာရယ်၊ အင်ဂျင်နီယာစနစ်နဲ့ တည်ဆောက်ထားတဲ့ အမှိုက်စွန့်ပစ်နေရာမှာ တိုက်ရိုက်စွန့်ပစ်တာတွေရှိပါတယ်။ အခု ဒီမှာကတော့ အင်္ဂတေနဲ့မံပြီးမြေမြှုပ်တဲ့စနစ်သုံးပြီး ဖျက်ဆီးခဲ့တာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ထွန်းက ပြောပြသည်။

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် သုံးမျိုးစပ်(tOPV) မှ နှစ်မျိုးစပ်(bOPV) သို့ ပြောင်းလဲအသုံးပြုခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်စသည်ဖြင့် ဆောင်ရွက်မှုများနှင့် အဆင့်ဆင့်ကြီးကြပ်မှုများ ညှိနှိုင်းခြင်း၊ ညွှန်ကြားခြင်းများကို ဧပြီ ၂၅ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ NGOများ၊ INGOများကို အသိပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဧပြီ ၂၉ ရက်မှစ၍ ပိုလီယိုပိုင်းရပ်စ်အမျိုးအစား (၁)နှင့် (၃) နှစ်မျိုးတည်းပါဝင်သည့် (bOPV)ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးတိုက် ဆေးထိုးအစီအစဉ်တွင် စတင်တိုက်ကျွေးခဲ့ပြီး ကလေးအသက် နှစ်လ၊ လေးလ နှင့် ခြောက်လတို့တွင် တိုက်ကျွေးပေးမည်ဖြစ်ကြောင်း၊ ပိုလီယိုရောဂါပိုး လုံးဝပပျောက်သည့်အချိန်အထိ ရောဂါကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ပါးစပ်မှတိုက်ရသော ပိုလီယိုကာကွယ်ဆေးကို အသုံးပြုခြင်းသာဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ ပိုလီယိုကာကွယ်ဆေးထိုးဆေးတွင်မူ ပိုလီယိုရောဂါပိုးအမျိုးအစား(၁)၊(၂)နှင့်(၃) သုံးမျိုးစလုံး ပါဝင်၍ ပုံမှန်ကာကွယ်ဆေးတိုက်ခြင်းနှင့် ထိုးခြင်းအစီအစဉ်အရ ကလေးအသက် လေးလအရွယ်တွင် ထိုးနှံပေးနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# အယ်နီညိုရာသီဥတုအကြောင်း တောင်သူပညာပေးဆွေးနွေး

**လိပ်သို မေ ၁၅**

ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်း အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ တောင်သူပညာပေးဆွေးနွေးပွဲများကို စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ မေ ၁၂ ရက်နှင့် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲများကို လိပ်သိုမြို့နယ် သံမိုးတောင်ကျေးရွာ၌ မေ ၁၂ ရက်နှင့် လိပ်သိုမြို့ (၄) ရပ်ကွက်တွင် မေ ၁၃ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သံမိုးတောင်ကျေးရွာဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဌေးက တောင်သူများအနေဖြင့် အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဦးမျိုးလွင်က ဥယျာဉ်ခြံသီးနှံနှင့် ကိုင်းကူးကိုင်းဆက်နည်းများကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး လိပ်သိုမြို့(၄) ရပ်ကွက် ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က ရပ်ကွက်နေပြည်သူများအား အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးမှူးဦးသိန်းဌေး၊ ဒုဦးစီးမှူးဦးမျိုးလွင်၊ မြေစာရင်းဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ မြို့နယ်လျှပ်စစ်မှူးဦးချစ်ကိုကိုနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်နွယ်နွယ်အေးတို့က မိမိတို့ဌာနများ၏ ကဏ္ဍအလိုက် ဟောပြောခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ထင်သာမြင်သာပြုပြင်စရာ



# မြောင်းဖုံးမရှိ၍ ရေမြောင်းများတွင် အမှိုက်များပြည့်နေ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်နောက်ကျောမင်းရဲကျော်စွာလမ်းပေါ်ရှိ ရေမြောင်းများတွင် အမှိုက်များပြည့်နေပြီး ရေများမစီးဆင်းနိုင်ဘဲ ဖြစ်နေသည်ကို မေ ၁၄ ရက်က တွေ့ရသည်။

ရေမြောင်းများကို ပြုပြင်ခဲ့သော်လည်း မြောင်းဖုံးများကို ရန်ကုန်မြို့အနှံ့ မဖုံးနိုင်ခြင်းကြောင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများက ရေမြောင်းအတွင်း အလွယ်တကူ အမှိုက်များစွန့်ပစ်ကြ၍ အမှိုက်များ ယခုလိုပြည့်နေခြင်းဖြစ်ကြောင်း ရပ်ကွက်နေပြည်သူအချို့က ပြောသည်။

**ရွှေတိုင်လွင်**

# ရေပြတ်နေသောကျေးရွာသို့ သောက်သုံးရေများဖြန့်ဝေပေး



**ငပုတော မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ရေပြတ်လပ်နေသော ကျေးရွာများသို့ သောက်သုံးရေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ ပူးပေါင်း၍ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မေ ၁၃ ရက်တွင် စဉ့်အိုးဖိုအောက်ကျေးရွာအုပ်စု စဉ့်အိုးဖိုအောက်ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၂၀၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက သွားရောက်ဖြန့်ဝေပေးခဲ့ပြီး ငပုတောမြို့နယ်အတွင်းမှ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာများသို့ ရေများဖြန့်ဝေနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မျိုးကောင်းသရက်ပြည်ပဈေးကွက် ချဲ့ထွင်လာနိုင်မည်

**ရန်ကုန် မေ ၁၅**

သရက်သီးပြပွဲများပြုလုပ်ပေးခြင်းဖြင့် သရက်တောင်သူများနှင့် ပညာရှင်များ ထိတွေ့ချိတ်ဆက်ကာ သရက်သီးနှင့်ပတ်သက်သော အသိပညာဗဟုသုတများတိုးပွားလာပြီး သရက်သီး စိုက်ပျိုးမှု ကျယ်ပြန့်လာကာမြန်မာ့သရက်သီး ပြည်ပတင်ပို့မှု မြင့်တက်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းသူများ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



"သရက်သီးပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုရင် တတိယအကြိမ်ရှိပြီဖြစ်ပါတယ်။ သရက်သီးပွဲတော်ကို ပြပွဲ၊ ပြိုင်ပွဲနဲ့ဆွေးနွေးပွဲဆိုပြီး အပိုင်းသုံးပိုင်း ခွဲခြားကျင်းပပါတယ်။ ပြပွဲမှာဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ သရက်သီးတွေကို အသင်းခွဲတွေကနေတစ်ဆင့် ပို့ပေးပါတယ်။ ခုလို အမျိုးမတူတဲ့ သရက်သီးတွေကို တစ်နေရာတည်းပေါင်းစည်းနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒီနှစ်မှာတော့ မြန်မာနိုင်ငံရဲ့အဓိက သရက်ဇေိယာဖြစ်တဲ့ မန္တလေးနဲ့စစ်ကိုင်းမှာ လေပြင်းတွေတိုက်ခတ်ခဲ့တဲ့အတွက် အမျိုးပေါင်း ၁၁၀ လောက်ပဲပြသနိုင်ပါတယ်"ဟု မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က သာကေတမြို့နယ် ရွှေပုစွန်၌ ပြုလုပ်သော မြန်မာ့သရက်သီးပွဲတော် ၂၀၁၆ ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

သို့သော်လည်း သရက်သီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အရေအတွက်မှာ ယမန်နှစ်ကထက် ယှဉ်ပြိုင်သူ ၁၈၅ ဦးအထိတိုးလာကြောင်း သိရသည်။ သရက်သီးပြိုင်ပွဲဝင်သူတစ်ဦးအနေဖြင့် သရက်သီးအမျိုးအစား တစ်ခုချင်းစီအလိုက်တစ်မျိုးလျှင် အပြစ်အနာဆာကင်းပြီး အရောင်အသွေးလှပသော သရက်သီးငါးလုံးစီ ပေးပို့ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း၊ ဆုအတွက် ရွေးချယ်ရာတွင် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ဆုရရှိသူများအား ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းသတ်မှတ်ချီးမြှင့်ကြောင်း သိရသည်။ ယခုနှစ်သရက်သီးပြိုင်ပွဲတွင် စိန်တစ်လုံး၊ မြကျောက်၊ ပတ္တမြားငမောက်၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပြည်တွင်းအခြား သရက်(မချစ်စု)နှင့် ပြည်ပသရက်ဟူ၍ အမျိုးအစားခုနစ်မျိုး ခွဲခြားယှဉ်ပြိုင်ခဲ့ပြီး ယှဉ်ပြိုင်သူ၁၈၅ ဦးအထိရှိလာသည်။ သရက်သီးပြပွဲတွင် ပထမအကြိမ်ကျင်းပစဉ်က အမျိုးပေါင်း ၁၉၁ မျိုး အထိ ပြသနိုင်ခဲ့သော်လည်း ယခုနှစ်တွင် အမျိုးပေါင်း ၁၁၀ သာပြသနိုင်ခဲ့ကြောင်း သိရသည်။ မေ ၁၅ ရက်အထိခင်းကျင်းပြသ သွားမည်ဖြစ်ရာ သရက်တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများ စီးပွားဖြစ်စိုက်စိုက်ပျိုးသူများအနေဖြင့် သရက်ကိုင်းကူးကိုင်းဆက်နည်းပညာများကို ပညာရှင်များနှင့် တိုက်ရိုက်ထိတွေ့ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ သရက်သီးပြပွဲပြိုင်ပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပနိုင်ခြင်းဖြင့် သရက်သီးမျိုးကောင်းများရှာဖွေဖော်ထုတ်ကာ စနစ်တကျတိုးချဲ့စိုက်ပျိုး၍ ပြည်ပဈေးကွက်ချဲ့ထွင်လာနိုင်မည်ဖြစ်သည်။

စိန်တစ်လုံး၊ မြကျောက်၊ ရွှေဟင်္သာအစရှိသော သရက်သီးမျိုးကောင်းများကို တရုတ်၊ စင်ကာပူ၊ မလေးရှားနှင့် ဒူဘိုင်းအထိတင် ပို့ရောင်းချလျက်ရှိရာ ယမန်နှစ်က သရက်သီး တင်ပို့ရောင်းချခြင်းဖြင့် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် နိုင်ငံခြားငွေရရှိခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


ဒပ်(ဗ်) - ဆံကေသာကို ၁၀ ဆ
ပိုမိုသန်စွမ်းစေသည်
Dove
ပျက်စီးနေသော ဆံကေသာကို
ပြုပြင်ပေးမည့် No.1 ပညာရှင်
မြန်မာနိုင်ငံကို ရောက်ရှိနေပါပြီ။
Dove

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဘားအံမြို့နယ် မိဇ့်ကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ စောအေးမင်းစိုး၏ဖခင် ဦးရွှေဒုတ်နှင့် ဦးစောရွှေဒုန်း ၃/ဘအန(နိုင်)၂၀၃၈၉၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရွှေဒုတ် (ခ) ဦးစောရွှေဒုန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မိဇ့်ကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ နန်းယဉ်သူဇာဝင်း၏ဖခင် ဦးသာ့မိန်နှင့် ဦးစောအေးမြင့် ၃/ဘအန(နိုင်)၀၆၄၃၂၆ သည် တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးသာ့မိန်(ခ)ဦးစောအေးမြင့်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သံရွာ၊ အထက၊ ဆဋ္ဌမတန်း (A) (အောင်မြင်ပြီး)မှ မနန်းရတီမင်း၏ဖခင် ဦးမင်းမင်းထွန်းနှင့် ဦးပေါ်ကြွယ် ၉/နထက(နိုင်)၁၁၈၀၃၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းမင်းထွန်း(ခ)ဦးပေါ်ကြွယ်**


ပိုက်ခြောလစ်/လေမိအား/Fully Auto

09 420035882, 09 73199410
09 420035884, 09 73199257



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉








## ချင်းပြည်နယ် မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများနှင့် ရေဘေးကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၂-၆-၂၀၁၆ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-
(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၉၂၈၄၅၀၂
(ခ) ၀၇၀-၂၁၁၈၃၊ ၀၉-၃၆၀၈၇၁၉၃

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## ကတ္တရာအရည်ပြည့် တန်(၁၅၀၀) ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောကတ္တရာအရည်ပြည့် တန်(၁၅၀၀) ဝယ်ယူမည်ဖြစ်ပါသဖြင့် တင်ဒါအောင်မြင်ပြီး ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါစတင်လက်ခံမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၆ ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ၂၀-၅-၂၀၁၆ ရက်မှစတင်၍ တင်ဒါပုံစံတစ်စုံလျှင် ကျပ် (၁၀၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**ဌာနမှူး**
**လမ်းတံတားဌာန**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော မြန်မာ့မီးရထားပိုင် မြို့ကွင်းတံတား၏ ၁-၆-၂၀၁၆ ရက်မှ ၃၁-၅-၂၀၁၉ အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား** - မြို့ကွင်းတံတား
(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** - မန်နေဂျာ (သွားလာရေး/တိုင်း) အမှတ်(၉) တိုင်းရုံး၊ ဟသ်္သာတမြို့
(ဂ) **အိတ်ဖွင့်တင်ဒါလေလံတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** - မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၉) တိုင်းရုံး၊ ဟသ်္သာတမြို့
(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၂၅-၅-၂၀၁၆ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီ
(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - ပုသိမ်ဘူတာ အရေးကြီးပုဂ္ဂိုလ်နားနေခန်း

**မှတ်ချက်။** အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀/-နှုန်းဖြင့် ၁၇-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၉)တိုင်းရုံး၊ ဟသ်္သာတမြို့တွင် ဝယ်ယူနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မြို့နယ်စီမံကိန်းရုံးများဆောက်လုပ်ခြင်းနှင့် ဌာနပိုင်ဧည့်ရိပ်သာများ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော် ဥတ္တရသီရိမြို့နယ် စီမံကိန်းဦးစီးရုံး ဆောက်လုပ်ခြင်း
(ခ) နေပြည်တော် ဒက္ခိဏသီရိမြို့နယ်စီမံကိန်းဦးစီးရုံး ဆောက်လုပ်ခြင်း
(ဂ) မန္တလေးဧည့်ရိပ်သာ (ပေ ၂၀× ၁၅ပေ) အခန်း ၃ခန်းကြမ်းခင်းကျွံခြင်းနှင့် အထွေထွေမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း
(ဃ) ညောင်ဦးဧည့်ရိပ်သာ နောက်ဘက်ခြံစည်းရိုး (ပေ ၁၂၆၀×၇ပေ)သံဆူးကြိုးကာရံခြင်းနှင့် အထွေထွေမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများ**
**ရောင်းချမည့်နေ့ရက်နှင့်အချိန်** - ၁၈-၅-၂၀၁၆ရက်မှ ၉-၆-၂၀၁၆ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ

၄။ **တင်ဒါရောင်းချမည့်နေရာ** - စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၉၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ချင်းပြည်နယ် မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကော်မတီများနှင့်လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၁၆ ရက်မှ ၁၇-၆-၂၀၁၆ ရက်အထိ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၂-၆-၂၀၁၆ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-
(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၉၂၈၄၅၀၂
(ခ) ၀၇၀-၂၁၁၈၃၊ ၀၉-၃၆၀၈၇၁၉၃

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
## တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ပဲခူးမြို့မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | တည်နေရာ | လုပ်ငန်း |
|---|---|---|
| ၂။ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဝန်ထမ်းအိမ်ရာစခန်းဝင်းအတွင်း | (၄)ခန်းတွဲ၊ (၅)ထပ်၊ (၂၀ယူနစ်) RC အဆောက်အအုံ(၃)လုံး (ရေ/သန့်၊ လျှပ်စစ် အတွင်း၊ အပြင်အပါအဝင်) |
| ၃။ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ဝန်ထမ်းအိမ်ရာစခန်းဝင်းအတွင်း | (၄)ခန်းတွဲ(၄)ထပ်၊ (၁၆ ယူနစ်) RC အဆောက်အအုံ(၁)လုံး (ရေ/သန့်၊ လျှပ်စစ် အတွင်း၊ အပြင်အပါအဝင်) |
| ၄။ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ဝန်ထမ်းအိမ်ရာစခန်းဝင်းအတွင်း | (၄)ခန်းတွဲ၊ (၅)ထပ်၊ (၂၀)ယူနစ် RC အဆောက်အအုံ(၁)လုံး (ရေ/သန့်၊ လျှပ်စစ်အတွင်း၊ အပြင်အပါအဝင်) |

၅။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** ၃-၆-၂၀၁၆ ရက်
**အချိန်** ၄း၃၀ နာရီ

၆။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** ၁၀-၆-၂၀၁၆ ရက်
**အချိန်** နံနက် ၁၀ နာရီ

၇။ တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၆-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၀၀၁၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Canon Color Copier
(ခ) Canon Black& White Copier
(ဂ) Canon Laser Fax
(ဃ) Canon Printerများ
(င) Air Con 1.5 HP
(စ) ရုံးသုံးပရိဘောဂ (၁၄) မျိုး

၂။ တင်ဒါပုံစံရောင်းချမည့်ရက် တင်ဒါလျှောက်လွှာများကို ၂၃-၅-၂၀၁၆ ရက်မှ ၂၅-၅-၂၀၁၆ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် ၂၇-၅-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၉၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မီးသတ်ယာဉ်/စက်၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ၁၃-၅-၂၀၁၆ ရက်မှစ၍ ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့တွင် ဝယ်ယူနိုင်ပြီး ၁၃-၆-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၆၇၁၊ ၀၈၁-၂၀၆၈၁၀ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်း အမျိုးအမည် |
|---|---|---|
| (က) | ၁၂/မမ/CE | Neoprene Bearing Pad (200 Nos) (508mm x 150mm x 19mm tk) |

တင်ဒါပိတ်မည် နေ့/အချိန်- ၆.၆.၂၀၁၆ (တနင်္လာနေ့ )(၁၄.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆.၅.၂၀၁၆) ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
## ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)
## ကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)တွင် ၂၀၁၆ ခုနှစ်အတွင်း ကျွမ်းကျင်မှုသင်တန်းများကို အောက်ပါအတိုင်း အခမဲ့ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၂။ **ဖွင့်လှစ်မည့်သင်တန်းများ**

| စဉ် | သင်တန်းအမျိုးအစား | ကာလ | သင်တန်းသားဦးရေ | ပညာအရည်အချင်း |
|---|---|---|---|---|
| ၁။ | ဂဟေဆက်သင်တန်း | ၆ ပတ် | ၂၀ | အခြေခံအလယ်တန်းအဆင့် |
| ၂။ | လျှပ်စစ်သင်တန်း | ၆ ပတ် | ၂၀ | ။ |
| ၃။ | တွင်ခုံ/ဖောက်ခုံသင်တန်း | ၆ ပတ် | ၂၀ | ။ |
| ၄။ | လေအေးပေးစက် တပ်ဆင်သင်တန်း | ၆ ပတ် | ၃၂ | ။ |

၃။ ဂဟေဆက်သင်တန်းနှင့် လေအေးပေးစက်တပ်ဆင်သင်တန်းများကို PTTEP International Limited (Yangon Branch) မှ ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

၄။ သင်တန်းပထမအကြိမ် (စတင်မည့်ရက်) - ၆-၆-၂၀၁၆ ရက်

၅။ သင်တန်းတည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ
ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)
အမှတ် (၂၉၈)၊ မြနန္ဒာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၈၅၆၄၇၇၃၊ ဖက်စ်-၀၁-၂၃၃၀၃၈၄
E-mail-skillstrainingcenter-yankin@ gmail.com

## အိတ်ဖွင့်ဈေးနှုန်းလွှာ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ မိတ္တူကူးဆိုင်၊ အဆင့်မြင့်ကော်ဖီနှင့်အအေးဆိုင် ဆိုင်ခန်း(၂)ခန်းတို့အား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါခေါ်သည့်ရက် နံနက် ၁၀း၀၀ နာရီမှစ၍ ၂၆-၅-၂၀၁၆ ရက် ၁၄း၀၀ နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၂၇-၅-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတိတိဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့် ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဖုန်း-၀၁-၆၁၃၇၈၈၊ ၀၉-၃၁၈၆၉၅၀၀**
**ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်လေလံ (Open Bidding) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကြာရှည်ရပ်နားထားပြီး ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်/တွဲယာဉ်ဟောင်း ၃၅စင်းကို တစ်စင်းချင်း အစင်းလိုက်စနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ ရေယာဉ်/တွဲယာဉ်ဟောင်း ၃၅စင်း၏ အိတ်ဖွင့်လေလံဖွင့်ပွဲအား ၇-၆-၂၀၁၆ ရက် ၁၄း၀၀ နာရီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)ခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၇-၅-၂၀၁၆ ရက်မှ ၆-၆-၂၀၁၆ ရက်အထိ အမှတ် (၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**
**ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၀၇၅၇၊ ၀၁-၃၈၀၇၅၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် (၂)ခန်းတွဲ (၃)ထပ် အရာထမ်းနေအိမ်(၁)လုံးနှင့် လူပျိုဆောင်/ကားဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း၊ တိုင်းရုံးခြံစည်းရိုးကာရံခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၄၂-၂၉၁၂၂၊ ၂၉၁၅၅၊ ၂၉၁၂၃**

**PENT HOUSE (၅၆×၆၅)ပေ**
## ငှားရန်ရှိပါသည်

၆-လွှာ၊ ဓာတ်လှေကားပါ၊ ကံ့ကော်ကွန်ဒို၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
**ဖုန်း-၀၉-၂၅၀၄၅၄၅၀၀၊ ၀၉-၅၄၀၂၅၂၆**

## ရောင်းမည်

ပုသိမ်-မုံရွာလမ်းမကြီးဘေး ကြံခင်းမြို့နယ်၊ ဘဲ့ပြားရွာအနီး ၁၆၅ဧက။ **ဖုန်း-၀၉-၅၁၆၅၄၈၇၊ ၀၉-၄၂၂၅၃၂၂၂**

## ဆက်သွယ်နိုင်ပါသည်

အကျိုးတူ ကန်ထရိုက်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။ **ဆက်သွယ်စုံစမ်းရန်- ဖုန်း-၀၉-၉၇၆၅၈၅၈၅၃၊ ၀၉-၂၅၃၃၉၃၁၀၄**

## ရောင်းမည်

လယ်ဧက ၅၈၊ ပြည်လမ်းမဘေး၊ တိုက်ကြီးနှင့် ဥက္ကံကြား၊ တိုက်ကြီးမြို့နယ်။
**ဖုန်း-၀၉-၅၁၂၄၇၂၀၊ ၀၉-၉၇၂၁၅၄၅၂၄**

**မင်းဓမ္မကွန်ဒို**
**အခန်းငှားမည်**
မင်းဓမ္မကွန်ဒို အကျယ်
၂၄၀၀ Sqf
Full Furmiture
Generator, W-FIပါပြီး
ဆက်သွယ်ရန်ဖုန်း-
၀၉၂၆၀၂၆၀၀၃၆၊
၀၉၄၅၀၀၅၉၂၄၀

**ဝမ်းနည်းကြေကွဲခြင်း**
### ဒေါ်ခင်သန်း
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီလမ်း၊ (၈)ရပ်ကွက်၊ အမှတ်(၅၇/ခ)နေ ဦးခင်မောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကြီးအောင်ကိုကိုကျော်(တပ်မတော်-လေ) - ဒေါက်တာဒေါ်ညိုညိုဝင်းတို့၏မိခင် ဒေါ်ခင်သန်းသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်မြင့် (အလိန်လည်)
**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အလိန်လည်ကျေးရွာနေ ဦးထွန်းမြိုင်-ဒေါ်ပန်းစိန်တို့၏သမီး၊ တာမွေမြို့နယ်နေ ဦးမြင့်ဦး-ဒေါ်ညိုမာလာ အိတုံစက်မှုလက်မှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ကန်တော်မွန်လမ်း၊ အမှတ် ၃၃၉/၃၄၀နေ ဦးခင်မောင်ဝင်း-ဒေါ်ဆွေဆွေအောင်၊ ဦးအေးထွန်း-ဒေါ်ရှုကျင်၊ ဦးသန့်ဇင်-ဒေါ်ခင်ညိုဝင်း၊ ဦးစန်းနိုင်-ဒေါ်မိုးမိုးအောင်တို့၏မိခင်၊ (ဦးလုံး)၏ဇနီး၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၆ရက် ည ၇း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ရင်မေ(ဟသ်ာတ) အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၈၅၄နေ (ဦးသာဒင်-ဒေါ်စိမ်းခင်)တို့၏သမီး၊ (ဦးဘ-ဒေါ်ပုတု)တို့၏သမီးချွေးမ၊ (ဦးသန်းစိန်ဘ)(ဒုညွှန်မှူး၊ စက်စိုက်သက်ပညာဦးစီးဌာန)၏ဇနီး၊ ဦးထွန်းဦး-ဒေါ်မိမိမော်၊ ဦးကျော်စွာစိုး-(ဒေါ်ခင်ခင်မိုး)၊ ဦးဆန်းငြိမ်း-ဒေါ်ဇင်မာဝင်း၊ (ဦးသန့်ဇင်)၊ ဦးသန်းစိုး-ဒေါ်ပပမိုး၊ (ဦးပြည်မိုး)-ဒေါ်ယုယုလှိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ကျင်ကျင်(နတ်တလင်း) အသက်(၇၇)နှစ်
**ဆေးနှင့်ဆေးပစ္စည်းကုန်သွယ်ရေး(ငြိမ်း)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးလှမောင်-ဒေါ်မြ)တို့၏သမီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၄၁၊ ငါးလွှာနေ ဦးထွန်းဦး[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ဆောက်လုပ်ရေး)၏ဇနီး၊ ဦးထွန်းရီ-ဒေါ်စိန်စိန်၊ (ဒေါက်တာဦးမိုးကျော်ဆန်း)၊ ဒေါက်တာတိုးတိုးလွင်၊ ဦးမြင့်သောင်း-ဒေါ်မော်မော်မင်း၊ ဦးကြည်-ဒေါ်ခင်ဝေ၊ဒေါ်မြင့်မြင့်သွင်(အထက-၂၊ ကြည့်မြင်တိုင်)တို့၏အစ်မ၊ ဦးမျိုးသန့်(SAVE THE CHILDREN)-ဒေါ်စန္ဒာဦး၊ ဦးကျော်ကျော်ဦး-ဒေါ်ဥမ္မာထွန်း၊ ဦးအောင်မင်းဟန်(စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်ကေသီထွေး(ဆောက်လုပ်ရေး)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဖွဲ့ပြည့်မိုးယံကျော်၏အဘွားသည် ၁၄-၅-၂၀၁၆ရက် ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်စိန်စိန်မြင့် အသက်(၆၈)နှစ်
**(စီမံကိန်းအရာရှိ)၊ စက်မှုစားကုန်(ငြိမ်း)**
**MEHS ကျောင်းသူဟောင်း**

ရန်ကုန်မြို့နေ (ဦးကျော်မြင့်လေး)-ဒေါ်ရင်ရင်နွဲ့တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ယင်းမာ ၂လမ်း၊ ၁၃၂/၂နေ(ဗိုလ်မှူးသက်ဆွေ)-ဒေါ်ယဉ်ယဉ်မြင့်(ဒဂုံ-၁၊ ငြိမ်း)တို့၏ညီမ၊ ဦးအေးမြင့်(ရုပ်/သံ၊ ငြိမ်း)-ဒေါ်စုစု၊ ဒေါ်လှလှမြင့်(PISM/CISM)၊ ဦးစိုးမြင့်(ရာဇဝဥပဒေ)- ဒေါ်ခင်ကြူကြူလှိုင်၊ ဒေါက်တာဇော်မြင့်(FRIENDLY HOST TOURISM)၊ (ဒေါက်တာတင်ဦး)-ဒေါက်တာဖြူဖြူမြင့် (St Theresa College BKK)၊ ဦးအောင်မျိုးမြင့်-ဒေါ်မို့မို့ဝင်းတို့၏အစ်မ၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်သည် ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်အေးအေးဝင်း(အင်းတော်) အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်မေတ္တာရပ်ကွက်၊ အမှတ် ၄၄၀နေ (ဦးအုန်းဖေ- ဒေါ်ထွေးစိန်)တို့၏သမီး၊ ဦးမုန်းရွှေ-(ဒေါ်ငွေ)တို့၏သမီးချွေးမ၊ (ဦးတင်မောင်ဝင်း)၏ဇနီး၊ ဦးနေဝင်းထွန်း(ရဲမွန်တပ်မြို့)၊ ဦးကျော်လင်းထွန်း-ဒေါ်နှင်းကြည်၊ ဦးဇော်မင်းထွန်း(Myanmar CP Livestock Co.,Ltd)-ဒေါ်သင်းသင်းခိုင်၊ ဦးထွန်းယုလှိုင်-ဒေါ်ဂျွန်ဘွန်းဘွန်း(ဘဏ္ဍာရေးဦးစီးဌာန၊ နေပြည်တော်)၊ မောင်ဂျူဝါမောင်(1st Geol)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၆း၄၀နာရီတွင် (ခုတင်-၅၀၀)ဆေးရုံကြီး ရန်ကုန်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၁၆ရက်(စနေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၈A၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးစိုးတင့် အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ အမှတ် ၉၁၀နေ (ဦးထွန်းရီ-ဒေါ်လှအေး)တို့၏သား၊ (ဦးတင်ညွန့် - ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်နိုင်ဦး - ဒေါက်တာဇင်မာစိုး(ဆေးရုံအုပ်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၊ ဦးကျော်ကိုကိုဇင်-ဒေါ်ခိုင်မေသူလွင်၊ (ဦးအောင်ဘိုဘိုဇင်)-ဒေါ်သဇင်စိုးတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၆ရက် ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းစိန် (ကျုံဒရယ်)
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊အမှတ် ၃၃၈နေ (ဦးချမ်းမြ-ဒေါ်သောင်းရင်)တို့၏သမီး၊ ဦးကြီးမြင့်၏ဇနီး၊ ဦးသန်းဦး-ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်သင်းသင်းဆွေ၊ ဦးတင်အောင်လွင်-ဒေါ်မေဇင်မော်၊ ဒေါ်သင်းသင်းထွေးတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၁၅-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဒေါ်နုနု(စစ်တွေ) အသက်(၈၈)နှစ်
**B.A, Dip E.d အထက်တန်းပြဆရာမ(ငြိမ်း)**
**(အထက-၂၊ စစ်တွေ)**

စစ်တွေမြို့နေ [ဦးသာဒိုးအောင်(အငြိမ်းစားအရေးပိုင်၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ၊ ငြိမ်း)-ဒေါ်သိန်း]တို့၏သမီး၊ ကျောက်တော်မြို့နေ (ဦးအောင်ကျော်-ဒေါ်ယဉ်နု)တို့၏သမီးချွေးမ၊ [ဦးကျော်ဇော (ပြည်နယ်တရားသူကြီး၊ ငြိမ်း)]၏ဇနီး၊ (ဦးသာစိန်)-ဒေါ်သိန်းယဉ်တို့၏ညီမ၊ ဒေါ်သိန်းမြ၊ ပါမောက္ခဒေါက်တာဦးအေးထွန်း(မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်စံနု၊ ဦးမြင့်ဆွေ-(ဒေါ်ခင်စု)တို့၏အစ်မ၊ Capt.ဦးစံဘော်အောင်-ဒေါက်တာညိုမီကျော်ဇောတို့၏မိခင်၊ မအေးမိမိစံဘော်[နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေး(၁)]၊ မောင်ရဲမြတ်စံဘော်(တတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)တို့၏ အဘောင်ရှင်သည် ၁၄-၅-၂၀၁၆ရက် နံနက် ၆း၁၂နာရီတွင် ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ (ဝင်ဒါမီယာ)၊ အမှတ် 97(H)-1(B)နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ရော်ဟွား(ခ)ဒေါ်စန်းရီ
**(ထွန်းစားတော်ဆက်)**
**အသက်(၈၃)နှစ်**

ဒိုက်ဦးမြို့၊ လက်ပံသုံးခွနေ (ဦးဗျဉ်းနား-ဒေါ်ဟင်းလျာ)တို့၏သမီး၊ ကျောက်တံခါးမြို့ ʻထွန်းʼစားတော်ဆက်၊ စာတိုက်ရပ်ကွက်၊ ဒဂုံရွှေမန်းလမ်းနေ (ဦးထွန်းကြည်)၏ချစ်လှစွာသောဇနီး၊ ဒေါ်စန်းစန်းလှ၊ ဗိုလ်မှူးသန်းဇော်(ငြိမ်း)-ဒေါ်လှလှမြင့်၊ ဦးထွန်းဦး-ဒေါ်လှလှဝင်း(စင်ကာပူ)၊ ဥူးစန္ဒန(တောကျွဲအင်း၊ မဈွိမာရုံကျောင်း)-ဒေါ်အေးသီတာ၊ ဦးမြင့်ထွေး၊ ဦးသက်နိုင်ဝင်း-ဒေါ်မိမိထွန်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ကျောက်တံခါးမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ရော်ဟွား(ခ)ဒေါ်စန်းရီ
**(ထွန်းစားတော်ဆက်)**
**အသက်(၈၃)နှစ်**

ဒိုက်ဦးမြို့၊ လက်ပံသုံးခွနေ (ဦးဗျဉ်းနား - ဒေါ်ဟင်းလျာ)တို့၏သမီး၊ ဒေါက်တာအိရွှေရည်ဖူး (ဇာနည်ဘွား အထူးကုဆေးခန်း)၊ ဒေါက်တာစည်သူအောင်-မဖူးသက်ထားထွန်း($2^{nd}$ English )၊မအေးမြင့်မိုရ်(BE Civil Final)၊ မောင်ဇော်မော်ထွန်း(စင်ကာပူ)၊ မသက်မှူးသီရိ(YUFL, French, $2^{nd}$ Year)၊ မစုမြင့်မိုရ်($2^{nd}$ MB,UM-1)၊ မောင်ချမ်းမြေ့နိုင်ဝင်း($1^{st}$ MB,UM-1)၊ မောင်ဉာဏ်မော်ထွန်း(စင်ကာပူ)၊(မောင်သော်ဇင်နိုင်ဝင်း)တို့၏အဘွားသည် ၁၄-၅-၂၀၁၆ရက်(စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ကျောက်တံခါးမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးတစ်စု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
### ဒေါ်စိန်မြိုင် (ညောင်တုန်း)
**ဓာတ်ခွဲမှူး(ငြိမ်း)**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**အသက်(၇၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးလှမောင်-ဒေါ်ကြွေ)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၁၆နေ ဦးထွန်းမြင့်(ကျောင်းအုပ်၊ ငြိမ်း၊ အမက-၁၀၊ မင်္ဂလာဒုံ)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးဇော်ဝင်း-ဒေါ်သန္တာဦး(ခေတ္တ-ဂျပန်)၊ ဦးလင်းကြည်မင်း(Transmarine Logistics)-ဒေါ်နီလာထွန်း(Season Overseas)တို့၏မိခင်၊ မောင်ဝင့်ပြည့်အောင်၏ဘွားဘွားကြီးသည် ၁၄-၅-၂၀၁၆ရက်(စနေနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ဝင်းရီ (ညောင်တုန်း)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**နိုင်ငံတော်သမ္မတရုံး**
**အသက်(၆၄)နှစ်**

ညောင်တုန်းမြို့နေ (ဦးမူရှိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးစံကြည်-ဒေါ်မြခင်)တို့၏သမီးချွေးမ၊ (ဦးအောင်ကြီး-ဒေါ်စန်းစန်းမြင့်)၊ ဦးတင်ထွဋ်-ဒေါ်သန်းသန်းမြင့်တို့၏ညီမ၊ (ဦးမြအေး)၏ဇနီးသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့)ညနေ ၆း၃၀နာရီတွင်လယ်ဝေးမြို့ (ခုတင်-၁၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံမှ ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် နေပြည်တော် အမျိုးသမီးရေးရာကော်မတီ ဝန်ထမ်းအိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးတင်ထွဋ် (အတွတ်)
**(စိန်ဂျွန်းကျောင်းသားဟောင်း)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်၁၃၊ ၁၄လမ်း၊ ၂/၃လွှာနေ (ဦးမောင်ရုံ-ဒေါ်ငွေမြိုင်)တို့၏သား၊ ဒေါ်ခင်မေကြည်၏ခင်ပွန်း၊ ဦးဆွေသင်း - ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ဦးသီလ-ဒေါ်စန္ဒာချစ်၊ ဦးသဉ္ဇာဦး၊ ဒေါ်သိန်းမြင့်ကြည်၊ ဦးဇော်မင်း-ဒေါ်ညွန့်ညွန့်စန်း၊ ဦးတင်ဝင်း-ဒေါ်မွေးမွေးတိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်သန်း
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၄၇၃နေ (ဦးရာမ-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးမြဟန်)-ဒေါ်စန်းကြိုင်တို့၏ချွေးမ၊ ဒေါ်ခင်စန်းမြင့် JAT (ငြိမ်း)၊ ဦးအောင်မြတ်ကျော်၊ ဦးအောင်ထွန်း(ခေတ္တ-စင်ကာပူ)တို့၏ညီမ၊ ဦးသက်ထွန်း (ခေတ္တ-စင်ကာပူ)၏ အစ်မ၊ ဗိုလ်ကြီးရဲဝင်းထွန်း(ငြိမ်း)၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး(လောက်ကိုင်ခရိုင်)၏ချစ်လှစွာသောဇနီး၊ မခင်ဇာဖြူသန့်၏မိခင်သည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးစံရွှေ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် ၁၈/က၊ လေးလွှာနေ (ဦးကျော်အေး-ဒေါ်ငွေသွယ်)တို့၏သား၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးသက်ထူး-ဒေါ်ငွေငွေရီ၊ ဦးနိုင်ဝင်း-ဒေါ်ဝင်းမြင့်သန်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသန့်၊ ဒေါ်စန္ဒာမြင့်၊ ဦးရန်နိုင် - ဒေါ်သီဂီစိုး၊ (ဦးကျော်ကျော်ဦး - ဒေါ်စိန်စိန်မြင့်)၊ (ဦးကျော်ကျော်)-ဒေါ်ခင်ဆွေသိန်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၆ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဝဏ္ဏ
**(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)**
**မော်လမြိုင်ကျွန်း**
**အသက်(၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလ ၄လမ်း၊ အမှတ် ၁၉နေ (ဦးဖိုးဆိတ်-ဒေါ်မေစိန်)တို့၏သား၊ ဒေါ်နွဲ့(ခ)ဒေါ်ခင်သန်းနွဲ့၏ခင်ပွန်း၊ (ဦးဝင်းစိန်)၊ (ဦးသန်းဦး - ဒေါ်မြရင်)၊ ဘိုကလေးမြို့နယ်နေ ဦးငြိမ်းလှတို့၏ညီ/မောင်၊ ဒေါ်ခင်ခင်ဝင်း၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးခင်ဝင်းမောင်တို့၏ဦးလေး၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်နှင်း၊ ဦးအေးကျော်၊ ဦးလှိုင်တင်၊ ဦးစိန်မြင့်-ဒေါ်လှလှမော်၊ အရာခံဗိုလ်ကြည်ဇော်(ငြိမ်း) ဒေါ်ခင်မျိုးမာ(ပြည်တွင်းအခွန်)တို့၏အစ်ကို၊ ဦးဇော်ဝင်းသန်း(ဒုစုံမှူး၊ စစစ၊ တောင်ကြီး)၊ ဒေါ်မို့မို့ခိုင်(မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီး)၊ ကိုသန်းတင့်-မဇင်မာလှိုင်၊ ကိုမင်းအောင်-မဇင်မာခိုင်၊ မောင်ရဲမျိုးအောင်တို့၏ဖခင်၊ ကိုဇော်နေအောင်၊ မသဇင်ရည်၊ ကိုအောင်ဖြိုး၊ မသက်ဇင်ဖွေးတို့၏ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၅-၂၀၁၆ရက်နံနက် ၁၀း၂၅တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါ၍ ၁၇-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ် ၂၂ နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးမျိုးဟန် (မင်းလှ)
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၃၇ (မြေညီ) ခေါင်းရင်းနေ ဒေါ်ခင်ဖြူဖြူ၏ခင်ပွန်း၊ (ဦးရွှေဝင်း-ဒေါ်ခင်ကြည်)တို့၏ သား၊ (ဦးစိုးတင့်-ဒေါ်တင်အေး)၊ (ဦးသိန်းလှ-ဒေါ်ကျင်လှ)တို့၏ညီ၊ (ဦးမြင့်သိန်း-ဒေါ်မြညွန့်)၊ (ဦးထွန်းကြည်-ဒေါ်မြင့်မြင့်စိန်)တို့၏မောင်၊ ဦးမြင့်စိုး-ဒေါ်ခင်လှမြိုင်၊ (ဦးဖုန်းမြင့်)-ဒေါ်ခင်မြစစ်တို့၏အစ်ကို၊ ကိုမျိုးဇော်-မစန္ဒာဟန်(GSK)၊မအိအိဟန်(Premier Coffee)၊ ကိုအေးချမ်းမင်း-မခင်မျိုးဟန် (Medi Power)တို့၏ဖခင်၊ မောင်ကောင်းထွန်းဇော်၏အဘိုး၊ တူ၊တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့)ည ၉း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
### ဒေါ်နုတင် (ပုလောမြို့)
**အသင်းဝင်အမှတ်-၂၆၉၄**
**အသက်(၅၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊(၃)ရပ်ကွက်၊ ဗထူးလမ်းနေ ဦးတင်မောင်ထူး၏ဇနီးသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဦးခမ္မသီရိ
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ လွှစာကျေးရွာနေ ခမည်းတော်ဦးသန်းရွှေ-မယ်တော် ဒေါ်စိန်ချစ်တို့၏သား၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ မဟာအောင်မြေဘုံကျော်ကျောင်းတိုက်၊ သိမ်ကျောင်း၌သီတင်းသုံးတော်မူသော ဦးခမ္မသီရိ အရှင်သူမြတ်သည် (၁၃၇၈ခုနှစ် ကဆုန်လဆန်း ၉ ရက်) ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၁ရက်) ၁၇-၅-၂၀၁၆ရက် ညနေ ၄နာရီတွင် အန္တိမအဂ္ဂိစျာပနကို ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမ၊ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဆရာတော်၏ တပည့်၊ သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

### ဦးမျိုးဝင်းတင် အသက်(၇၁)နှစ်
**B.Sc (Physics) RL ၊ ဗဟိုတရားရုံးရှေ့နေ**
**စိန်ဂျွန်းကျောင်းသားဟောင်းများအသင်း၊ အတွင်းရေးမှူးဟောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာ ၃လမ်း၊ အမှတ် ၆၈နေ (ဗိုလ်ဗတင်/လက်သီးပုန်းသခင်ဗတင်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဦးဇော်ဝင်းတင်၊ ဦးဝဏ္ဏမောင်လွင်-ဒေါ်လင်းလင်းတင်၊ ဒေါ်စမ်းစမ်းတင်(ခေတ္တ-USA)၊ ဦးမျိုးသန့်(မြန်မာစာဌာန)၊ ဦးဝင်းသော်၊ ဦးမျိုးတင်-ဒေါ်ဇာဖြူပွင့်၊ ဦးတူးတူးဗတင်(Asian Fame Media )တို့၏အစ်ကိုကြီး၊ ဦးမျိုးမင်းမြတ်(လင်းသီဟဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်တင်သစ္စာလွင်(ရန်ကုန်တိုင်းဒေသကြီး ကုးစက်ဆရာဝန်ကြီး)၊ ဦးမျိုးချစ်ဆွေ-ဒေါ်လင်းမာလာလွင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးလင်းမင်းမောင်လွင်(လင်းသီဟဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ကေဇင်ဆုမွန်၊ မစုနှင်းသဉ္ဇာတို့၏ဘကြီး၊ မသင်းမြတ်စန္ဒီလွင်၊ မောင်ဘုန်းပြည့်မောင်လွင်တို့၏အဘိုးသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ရန်ကုန်တက္ကသိုလ်ရှေ့စာတိုက်ဝင်းထိပ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊တန်ဆောင်း၊ဇရပ်၊တံတိုင်း၊ထီးဒါယိကာမကြီး**
### ဒေါ်လှမြင့်(ခရမ်း) အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဉာဏ်ကျွန်းကျေးရွာနေ(ဦးထွန်းစိန်-ဒေါ်ထွေး)တို့၏သမီး၊ ဆိပ်ကမ်းသာမြို့နယ်၊ သရက်ပင်ချောင်ကျေးရွာနေ(ဦးခွေး-ဒေါ်ခင်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၅နေ ဦးသန်းထွန်း(အခြေစိုက်-၃၊ ကပရ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုမြင့်သိန်း-ဒေါ်စန်းစန်းရီ၊ ကိုလှသိန်းအောင်-ဒေါ်လှလှသင်း၊ ကိုကြည်သူ-ဒေါ်မြမြသင်းတို့၏မိခင်၊မောင်ဇေယျာမြင့်သိန်းထွန်း၊ မောင်ဝေယံမြင့်သိန်းထွန်း၊ မောင်ရဲခေါင်မြင့်သိန်းထွန်း၊ ဒေါက်တာသည်းနုနုသိမ့်၊ မောင်တိုင်းခန့်လူ၊ မဖူးကြယ်စင်မောင်၊ မဂျူးကြယ်စင်မောင်တို့၏ဘွားဘွားကြီးသည် ၁၄-၅-၂၀၁၆ရက် (စနေနေ့) ည ၈း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဒေါက်တာဦးဇော်ထွန်း အသက်(၅၅)နှစ်
**Chair man**
**(Pinlon Group of Hospitals)**
**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ-နေပြည်တော်**
**Universal Medical Centre Co.,Ltd**

ရန်ကုန်မြို့၊ ဓမ္မစကြာကျောင်းနေ ဦးဇောတိကနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း(အေဒီလမ်း)၊ ၁၄၈နေ ဒေါ်ခင်သန်းမြင့်တို့၏သား၊ သုံးခွမြို့နေ (ဦးရွှန်ကီး)-ဒေါ်ခင်အုန်းတို့၏သားသမက်၊ ဦးဇော်မင်းသိန်း-ဒေါ်အေးအေးငြိမ်းတို့၏မောင်၊ ဦးအောင်ကျော်စိုး-ဒေါ်ရင်ရင်ထွေးတို့၏အစ်ကို၊ ဒေါက်တာဒေါ်ငွေငွေကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းမြတ်၊ မစိမ်းလဲ့ရည်တို့၏ ဖခင်သည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ဝဝး၁၅နာရီတွင်ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
### လ-၂၅၀၄၆၃ ရဲတပ်သား ထွန်းယိန်း
**အသက်(၃၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့မရဲစခန်းမှ ရဲတပ်သားထွန်းယိန်းသည် ၁၄-၅-၂၀၁၆ရက်တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

### ဦးဝင်းမောင်ဦး
**B.A (Eng)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်းရွှေ)-ဒေါ်ဝင်းကြည်တို့၏သား၊ (ဦးဟုတ်စွမ်)-ဒေါ်လွှမ်းရီတို့၏သားသမက်၊ ဒေါ်သန္တာရီ)၏ခင်ပွန်း၊ မောင်ဘုန်းမင်းသန့်(Grade-9, အထက-၅၊ ဗိုလ်တထောင်)၏ချစ်လှစွာသောဖခင်၊ ဒေါ်ခိုင်မာဦး(အမက-၆၊ကျောက်တံတား)၊ (ဦးဇော်မျိုးအောင်)၊ ဦးရဲထွန်းအောင်၊ ဒေါ်လွင်လွင်ဟန်၊ ဒေါ်ရွှေစင်ဦး(ခေတ္တ-UK)၊ ဦးတင်မျိုးအောင် B.E (Civil)၊ ဒေါ်မြင့်မြင့်နွယ်(အလက-၂၊ ဒေါပုံ)တို့၏အစ်ကိုကြီး၊ မဆုသစ္စာပိုင်၊ မောင်ဟိန်းထက်အောင်တို့၏ဘကြီးသည် ၁၄-၅-၂၀၁၆ရက်(စနေနေ့)ည ၇း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ယုဇနလမ်း၊အမှတ် ၉၊ ခြောက်လွှာနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးရဲဝင်းခိုင်(ခ)ကိုသက်
**MD. Red Tiger Company**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၇၃နေ (ဦးတင်ဦး-ဒေါ်စောရင်)တို့၏သား၊ (ဦးတင်ဟန်)-ဒေါ်ကြင်ထွေးတို့၏သားသမက်၊ (ဦးငွေဝင်း-ဒေါ်နွဲ့မြင့်ခင်) ထူးသန့်သစ်ခွဲစက်နှင့်သစ်ဆိုင်၊ ဦးရဲဝင်းထိုက်၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ကြည်ကြည်နွယ်၊ ဦးအောင်နိုင်-ဒေါ်ခိုင်ခိုင်နွယ် (တောင်ပင်လယ်နဂါးကုမ္ပဏီ)တို့၏မောင်၊ ကိုသက်မင်းစံ-မမဥ္ဇူကျော်တို့၏အစ်ကို၊ မချောစုသွယ်၊ မစောယုနဒီတို့၏ဖခင်၊ ဒေါ်အေးအေးမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၆ရက် ညနေ ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၆ရက် ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၆ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် စည်သူအောင်က စောသူရိန်ကို အလဲထိုး



**သတင်းမြင်ကွင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ရန်ကုန်  မေ  ၁၅**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် (၁၃)ကြိမ်မြောက် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် လေးချီအထူးစိန်ခေါ်ပွဲ၌ စောသူရိန်(သတ္တိ)ကလပ်ကိုမျက်နှာသစ် စည်သူအောင်(ငြိမ်းချမ်းရေး)က ဒုတိယအချီစက္ကန့်ပိုင်းမှာပင် အလဲထိုးဖြင့်အနိုင်ယူခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် သုံးချီ မျိုးဆက်သစ်ပွဲငါးပွဲနှင့် လေးချီစိန်ခေါ်ပွဲ နှစ်ပွဲစုစုပေါင်းပွဲစဉ် ခုနစ်ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ လေးချီအထူးစိန်ခေါ်ပွဲဖြစ်သည့် စောသူရိန်(သတ္တိ)ကလပ်နှင့် ငြိမ်းချမ်းရေးကလပ်မှ စည်သူအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောသူရိန် ကိုယ်လုံးကိုယ်ထည်ကြီးမားသော်လည်း စည်သူအောင်(ငြိမ်းချမ်းရေး)က အတွေ့အကြုံရင့်လက်ဝှေ့သမားတစ်ဦးပမာ သတ်လုံးသတ်ကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားသည်ကိုတွေ့ရသည်။ ပထမအချီပွဲစသည်နှင့် စည်သူအောင် ဘယ်ညာတွဲလုံးများဖြင့် စောသူရိန်အား ယှဉ်ပြိုင်ထိုးသတ်ရာ ၁ မိနစ် ၂၀ စက္ကန့်မှာပင် စောသူရိန်အနားတောင်းခဲ့ရသည်။ပထမအချီပွဲပြန်အစတည်းတွင် စည်သူအောင်ညာခြေကန်ချက်နှင့်အတူ ဘယ်၊ ညာတွဲလုံးတံတောင်ရိုက်ချက်များဖြင့် ပွဲသိမ်းရန် ကြိုးစားသော်လည်း အထမမြောက်ခဲ့ပေ။

*စာမျက်နှာ ၅ ကော်လံ ၁*

ကိုကိုအောင်နှင့် ကျော်ဝင်းအောင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်နေစဉ်

### လေဖိအားနည်းရပ်ဝန်း အားကောင်းလာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ အီကွေတာအနီး၊ အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီးနောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ် (၃၈) ယှဉ်ပြိုင် မန်စီးတီးသရေကျ၍ အာဆင်နယ်အနိုင်ရ

၂၀၁၅-၂၀၁၆ ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ် (၃၈)ကို  မေ ၁၅ ရက် ည ၈ နာရီခွဲက တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားစေခဲ့ရာ မန်ယူနှင့်ဘုန်းမောက်ပွဲမှလွဲ၍ ပွဲစဉ် ကိုးပွဲ ယှဉ်ပြိုင်ခဲ့သည်။

ဆွမ်ဆီးနှင့် မန်စီးတီးတို့ပွဲတွင် ဆွမ်စီးက ၄-၃-၃ ကစားကွက်ဖြင့်လည်းကောင်း၊ မန်စီးတီးက ၄-၄-၂ ကစားကွက်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့သည်။ ပွဲစပြီး ငါးမိနစ်တွင် မန်စီးတီးနောက်တန်းလူ ကလစ်ချီက အဖွင့်ဂိုးသွင်းယူပေးသည်။ မန်စီးတီးတို့က ယခုပွဲအနိုင်ရရှိမှသာ ချန်ပီယံလိဂ်ဝင်ခွင့်သေချာမည်ဖြစ်၍ အနိုင်ဂိုးထပ်မံသွင်းနိုင်ရေး ကြိုးစားသော်လည်း ဆွမ်ဆီးကစားသမားများ ပိတ်ဆို့ဟန့်တားနိုင်ခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် ဆွမ်ဆီးမှ အယူးက ချေပဂိုးသွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေဖြင့် ပြီးဆုံးခဲ့သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁*

### ထူးခြားသည့်နေ့အပူချိန်များ ၁၅-၅-၂၀၁၆

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့၊ သာယာဝတီမြို့နှင့် သိပ်ဇရပ်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ညောင်ဦးမြို့၊ နေပြည်တော် (ပျဉ်းမနား)၊ မင်းဘူးမြို့၊ အောင်လံမြို့၊ ဇောင်းတူမြို့၊ ရွှေကျင်မြို့၊ ညောင်လေးပင်မြို့၊ ဖြူးမြို့၊ ကြို့ပင်ကောက်မြို့၊ တောင်ငူ (လေကြောင်း)၊ ဟသ်ာတမြို့၊ ဇလွန်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

## မြန်မာအမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း ယနေ့ ခြေစမ်းမည်

**သတင်း-ဖိုးသော်ဇင်**

**ရန်ကုန်  မေ  ၁၅**

ဂျပန်နိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် မေ ၁၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး နည်းပြချုပ်သစ် ရော်ဂျာရိုင်နာ (နယ်သာလန်)အတွက် ပထမဆုံးနိုင်ငံတကာခြေစမ်းခရီးစဉ်လည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ် ပထမဆုံးခြေစမ်းပွဲအဖြစ် မေ ၁၁ ရက်က ကာနာဂါဝါတက္ကသိုလ် အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့သည်။ ယခုကာလမှာ မြန်မာအမျိုးသမီးအသင်း၏ ပြင်ဆင်ဆဲကာလဖြစ်သောကြောင့် ခြေစွမ်းအမှန်ကို တွေ့မြင်နိုင်ရန် မလွယ်ကူသေးပေ။ မြန်မာအမျိုးသမီးကစားသမားများ၏ ကစားဟန်နှင့် နည်းပြရော်ဂျာ၏ ကစားကွက်၊ နည်းဗျူဟာတို့ အံဝင်ရန်လိုအပ်ပေသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းတို့မှာ ၂၀၁၅ ခုနှစ်က မန္တလေးမြို့၌ ကျင်းပခဲ့သည့် ရီယိုအိုလံပစ်ပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲတွင် နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



**ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအမျိုးသမီးအသင်းအား ကာနာဂါဝါ အသင်းနှင့် ပထမခြေစမ်းပွဲမကစားမီ တွေ့ရစဉ်**
ဓာတ်ပုံ- ဘောလုံးအဖွဲ့ချုပ်

